# ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဆင်းတုတော်များကို သမိုင်းရှုဒေါင့်မှ လေ့လာချက် (မြောက်ဦးခေတ်အထိ)

ပြုစုသူ
ကျော်ဇံသာ

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်သမိုင်း မဟာဝိဇ္ဇာဘွဲ့အတွက်
ထက်ဝက်ကျန်ရှိသည့် တာဝန်ကို ဖြည့်စွမ်းရန်

၁၉၇၉ မေလတွင် တင်ပြသည့် ကျမ်းဖြစ်သည်။

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်
သမိုင်းဌာန
၁၉၇၉

# မာတိကာ


| | | | |
|---|---|---|---|
| အချုပ် | | ---------------------- | စာမျက်နှာ |
| မာတိကာ | | --------------------- | ကိ |
| နိဒါန်း | | ---------------------- | ကီ |
| အခန်း | ၁။ | ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာရောက်ရှိခြင်း | ၁ |
| အခန်း | ၂။ | ခေတ်ဦးရခိုင်ဗုဒ္ဓဆင်းတုတော်များ | ၃၀ |
| အခန်း | ၃။ | လေးမြို့ခေတ်ဗုဒ္ဓဆင်းတုတော်များ | ၆၇ |
| အခန်း | ၄။ | မြောက်ဦးခေတ်ဗုဒ္ဓဆင်းတုတော်များ | ၉၆ |
| ပြန်လည်သုံးသပ်ချက် | | ၁၂၇ | |
| ပုံ | -၁။ | တရားဟောတော်မူဟန် (ရုပ်ကြွ) | ၁၃၂ |
| ပုံ | -၂။ | ဝေသာလီခေတ်လက်ခတ်တောင်မှ ဗုဒ္ဓမဏိတော် | ၁၃၃ |
| ပုံ | -၃။ | သကျစ်တော်တောင်မှ ထိုင်တော်မူဗုဒ္ဓဆင်းတုတော် | ၁၃၄ |
| ပုံ | -၄။ | စါပါသောဆင်းတုတော်အောက်ပိုင်း | ၁၃၅ |
| ပုံ | -၅။ | နောက်ခံပါဘူမိဖဿဆင်းတုတော်အောက်ပိုင်း | ၁၃၆ |
| ပုံ | -၆။ | ဓမ္မစကြာမုဒြာကျောက်ဆင်းတုတော် | ၁၃၇ |
| ပုံ | -၇။ | စမ္မခဏ်၌စာပါသောကြေးဆင်းတုတော် | ၁၃၈ |
| ပုံ | -၈။ | မဏိတော်မဲ့ဘူမိဖဿကျောက်ဆင်းတုတော် | ၁၃၉ |
| ပုံ | -၉။ | ဘူမိဖဿမုဒြာကျောက်ဆင်းတုတော်သုံးဆူတွဲ | ၁၄၀ |
| ပုံ | -၁၀။ | ရပ်တော်မူကျောက်ဆင်းတု | ၁၄၁ |
| ပုံ | -၁၁။ | မင်းဝတ်ကြေးဆင်းတုတော် | ၁၄၂ |
| ပုံ | -၁၂။ | ကြာဖူးဥဏှိုသပါကြေးဆင်းတုတော် | ၁၄၃ |
| ပုံ | -၁၃။ | ဗုဒ္ဓဝင်ရှစ်ခန်းပါကျောက်ခွက်အမှတ် (၁) | ၁၄၄ |
| ပုံ | -၁၄။ | ဗုဒ္ဓဝင်ရှစ်ခန်းပါကျောက်ခွက်အမှတ် (၂) | ၁၄၅ |
| ပုံ | -၁၅။ | ဗုဒ္ဓဝင်ဆယ်ခန်းနှင့် သတ္တဌာနပါကျောက်ခွက် | ၁၄၆ |
| ပုံ | -၁၆။ | အလာခ်ဖျူကြေးဆင်းတုတော် | ၁၄၇ |
| ပုံ | -၁၇။ | ၃၂ ကြိမ်မြောက် ပြည်ထောင်စုနေ့ပြခန်းမှ ကြေးဆင်းတုတော် | ၁၄၈ |
| ပုံ | -၁၈။ | မြောက်ဦးပြတိုက်မှ ကြေးဆင်းတုတော် | ၁၄၉ |
| ပုံ | -၁၉။ | ကြေးဆင်းတုတော်ခေါင်းပိုင်း | ၁၅၀ |
| ပုံ | -၂၀။ | ရွှေစေတီကျောင်းမှ ကြေးဆင်းတုတော် | ၁၅၁ |
| ပုံ | -၂၁။ | နန်းကျကျေးရွာမြောက်ဘက်ရှိတိဿဘုရား | ၁၅၂ |
| ပုံ | -၂၂။ | နန်းကျရွာအနောက်ဘက်ရှိ ရုပ်ပွားတော် | ၁၅၃ |
| ပုံ | -၂၃။ | လောင်းကြက်တောင်ထိပ်မှ ကျောက်ဆင်းတုတော်ကျိုးများ | ၁၅၄ |
| ပုံ | -၂၄။ | ဗန္ဓုလတောင်ကျောင်းမှ ပေါ်တော်မူကြေးဆင်းတု | ၁၅၅ |
| ပုံ | -၂၅။ | ညောင်ပင်ဈေးကျောင်းမှ တင်ပလ္လင်ခွေကြေးဆင်းတုတော် | ၁၅၆ |
| ပုံ | -၂၆။ | ဥဏှိုသမဲ့ဆင်းတုတော် | ၁၅၇ |
| ပုံ | -၂၇။ | ဦးဦးသာထွန်းအိမ်ရှိ ရပ်တော်မူကြေးဆင်းတုတော် | ၁၅၈ |
| ပုံ | -၂၈။ | လက်ကောက်ဈေးကျောင်းမှ မတ်ရပ်ကြေးဆင်းတုတော် | ၁၅၉ |
| ပုံ | -၂၉။ | စန္ဒမဥ္ဇူကျောင်းမှ ကြေးဆင်းတုတော် | ၁၆၀ |

| | | | |
|---|---|---|---|
| ပုံ | -၃၀။ | လင်ပန်းပြောက်စေတီမှ ကျောက်ဆင်းတုတော် | ၁၆၁ |
| ပုံ | -၃၁။ | ပန်းကုန်းသိမ်ဆင်းတုတော် | ၁၆၂ |
| ပုံ | -၃၂။ | ပန်းကုန်းသိမ်ဆင်းတုတော်စမ္ဗခဏ်ပါစာတန်း | ၁၆၃ |
| ပုံ | -၃၃။ | ရွှေကြာသိမ်ကျောက်ဆင်းတုတော် | ၁၆၄ |
| ပုံ | -၃၄။ | ရှစ်သောင်းဘုရားအတွင်းရှိ ကျောက်ဆင်းတုတော် | ၁၆၅ |
| ပုံ | -၃၅။ | အံတော်ဘုရားမှ ကျောက်ဆင်းတုတော်(၁) | ၁၆၆ |
| ပုံ | -၃၆။ | အံတော်ဘုရားမှ ကျောက်ဆင်းတုတော်(၂) | ၁၆၇ |
| ပုံ | -၃၇။ | ခေါင်းလောင်းကျောင်းမှ ကြေးဆင်းတုတော် | ၁၆၈ |
| ပုံ | -၃၈။ | လက်ကောက်ဈေးကျောင်းမှ ကြေးဆင်းတုတော် | ၁၆၉ |
| ပုံ | -၃၉။ | ဗန္ဓုလတောင်ကျောင်းမှ မတ်ရပ်ကြေးဆင်းတုတော် | ၁၇၀ |
| ပုံ | -၄၀။ | စန္ဒမဥ္ဇူကျောင်းမှမင်းဝတ်ကြေးဆင်းတုတော်(၁) | ၁၇၁ |
| ပုံ | -၄၁။ | လက်ကောက်ဈေးကျောင်းမှ မင်းဝတ်ကြေးဆင်းတုတော်(၁) | ၁၇၂ |
| ပုံ | -၄၂။ | လက်ကောက်ဈေးမှ မင်းဝတ်ကြေးဆင်းတုတော် (၂) | ၁၇၃ |
| ပုံ | -၄၃။ | စန္ဒမဥ္ဇူကျောင်းမှ မင်းဝတ်ဆင်းတုတော် (၂) | ၁၇၄ |
| ပုံ | -၄၄။ | စန္ဒမဥ္ဇူကျောင်းမှ မင်းဝတ်ကြေးဆင်းတုတော် (၃) | ၁၇၅ |
| ပုံ | -၄၅။ | ဂန္ဓာရပုံစံကျောက်ဆင်းတုတော် | ၁၇၆ |
| ပုံ | -၄၆။ | သပိတ်ပိုက်ထားသော ကျောက်ဆင်းတုတော် | ၁၇၇ |
| ပုံ | -၄၇။ | ကလာပိကောင်းမှုအုတ်ခွက် | ၁၇၈ |
| ပုံ | -၄၈။ | စောနန်မင်းဖြူကောင်းမှုအုတ်ခွက် | ၁၇၉ |
| နောက်ဆက်တွဲ(က) | | မင်းဝတ်ဆင်းတုတော်များနှင့် ပတ်သက်သော ရခိုင်ဒေသအယူအဆ | ၁၈၀ |
| နောက်ဆက်တွဲ(ခ) | | ရှေးဟောင်းရခိုင်မြို့တော်များ၏တည်နေရာပြပုံ | ၁၈၂ |
| ကျမ်းကိုးစာရင်း | | ------------------------ | ၁၈၃ |

# နိဒါန်း

"လှည်းဝင်ရိုးသံ တည်ညံ့ ပုဂံဘုရားပေါင်း" ဟု ဆိုရိုးရှိသကဲ့သို့ "သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" ဟူ၍ ဆိုရိုးရှိသည်။ ရခိုင်ပြည်၌ ဘုရားအရေအတွက် ထိုမျှရှိသည်မရှိသည်ကို မသိနိုင်သော်လည်း ဗုဒ္ဓဆင်းတုတော် အမြောက်အများကို ဖူးတွေ့ရပါသည်။ ဤဆင်းတုများကို မည်သည့်အချိန်က စတင်ထုလုပ်ခဲ့ကြသည်။ မည်သည့်ဒေသတို့မှ နမူနာများကို ရယူခဲ့ကြသည်။ တစ်ခေတ်ပြီးတစ်ခေတ် လက်ရာချင်းမည်သို့ ပြောင်းလဲတိုးတက်လာသည်၊ စသည်တို့ကို လေ့လာဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ဤကျမ်းကို ပြုစုပါသည်။ ဤသို့ ဗုဒ္ဓဆင်းတုတော်များကို လေ့လာခြင်းဖြင့် ရခိုင်ဒေသ၏အနုပညာလက်ရာများကို သိရှိနိုင်ရုံသာမက သာသနာရေးကိုလည်း တစ်စိတ်တစ်ဒေသအားဖြင့် အကဲခတ်နိုင်ပါသည်။ ထို့ပြင်တိုင်းရင်းဟန်မဟုတ်သော လက်ရာဆန်းများကို တွေ့ရသောအခါ မည်သည့်ဒေသမှ ပျံ့နှံ့လာခဲ့သည်ကို ခြေရာကောက်ရင်း ယင်းခေတ်၏ ပြည်ပဆက်ဆံရေးကိုလည်း ဖော်ထုတ်နိုင်ပါသည်။

ဗုဒ္ဓဆင်းတုတော်များကို မတင်ပြမီ လိုအပ်သည်ဟု ယူဆသဖြင့် အခန်း (၁)တွင် "ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာရောက်ရှိပုံ" ကို တင်ပြထားပါသည်။ တိုင်းရင်းရာဇဝင်များ၌ ဗုဒ္ဓသာသနာသည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင် ရခိုင်ပြည်သို့ ကိုယ်တော်တိုင် ကြွရောက်၍ တရားဟောကြားတော်မူခဲ့ရာမှ စတင်ရောက်ရှိခဲ့သည်ဟု ရေးသားထားသည်။ ခေတ်သစ်သုတေသီတချို့ကမူ ရခိုင်ဒေသသို့ ထေရဝါဒဗုဒ္ဓသာသနာသည် ပုဂံနှင့်ဆက်သွယ်မိသောအခါတွင်မှ ရောက်ရှိခဲ့သည်ဟု တင်ပြထားသည်။ ဤအယူအဆနှစ်ရပ်ကို ဆန်းစစ်ကာ ရနိုင်သမျှ အထောက်အထားများ ရှာဖွေတင်ပြထားပါသည်။

ယခုကဲ့သို့ ဗုဒ္ဓဆင်းတုတော်များကို လေ့လာရာ၌ တစ်ချို့ဆင်းတုတော်များမှာ မူလနေရာမှာပင် မပြုမပြင်သေးပဲ မူလလက်ရာအတိုင်း တွေ့ရှိရပြီး တစ်ချို့လက်ရာများမှာ ခုနှစ်စာတန်းစသည်တို့ ရေးထိုးလျှက်တွေ့ရတတ် သည်။ ယင်းသို့ တွေ့ရသောအခါ လေ့လာမှုများစွာ လွယ်ကူပြေပြစ်သော်လည်း အချို့ဆင်းတုတော်များမှာ မူရင်းနေရာမှ ရွှေ့လျောခဲ့ပြီဖြစ်ခြင်း၊ ခုနှစ်စာတန်းစသည်တို့ကို ရေးထိုးမထားခြင်းတို့ကြောင့် ခဲရာခဲဆစ်လေ့လာရပါသည်။ အထူးသဖြင့် ခုနှစ်ခန့်မှန်းရာ၌ အခက်အခဲတွေ့ရပါသည်။

ထိုအခါမျိုး၌ "ပုံစံ"[၁] နှင့် "ဟန်"[၂]ကို အခြေခံထား၍ ခန့်မှန်းရပါသည်။ ပုံစံဆိုရာ၌ အကြမ်းအားဖြင့် ကိုယ်ခန္ဓာအချိုးအစား၊ အနေအထားနှင့် အဝတ်တန်ဆာတို့ ပါဝင်ပြီး ဟန်ဆိုသည်မှာ ယင်းပုံစံမျိုးကို အသေးစိတ် ကိုင်တွယ်ထုလုပ်ထားသည့် ဟန်ကို ဆိုလိုပါသည်။ ထို့ကြောင့် ပုံစံဆိုသည်မှာ ကျယ်ပြန့်၍ ခန့်မှန်းရာတွင် များစွာခိုင်လုံလှပြီဟု မယူဆနိုင်ချေ။ ဟန်မှာ အနုစိတ်လေ့လာခန့်မှန်းခြင်းဖြစ်၍ အတန်ငယ်ခိုင်လုံမှုရှိသည်ဟု ဆိုနိုင်ပါသည်။ သို့သော် အတိအကျခန့်မှန်းနိုင်ခြင်းမဟုတ်ပဲ မည်သည့်ခေတ်လက်ရာဖြစ်မည်၊ ထိုခေတ်အစောပိုင်း၊ နောက်ပိုင်းဖြစ်မည်စသည်ဖြင့် ယေဘုယျသာ ခန့်မှန်းနိုင်ပါသည်။ များသောအားဖြင့် အခိုင်အလုံသိနိုင်သောစာ ခုနှစ် ရေးထိုးပါရှိသည့် ဆင်းတုတော်တဆူဆူကို အခြေခံထားပြီး ယင်းနှင့်နှိုင်းယှဉ် ခန့်မှန်းရခြင်းဖြစ်ပါသည်။ သို့တည်းမဟုတ် ဝါရင့်ပညာရှင်ကြီးများ လေ့လာခန့်မှန်းထားသော လက်ရာများနှင့် နှိုင်းယှဉ်၍သော်လည်းကောင်း ခန့်မှန်းရပါသည်။

ရခိုင်ပြည်ရှိ ဗုဒ္ဓဆင်းတုတော်များကို စနစ်တကျလေ့လာ၍ ကျမ်းပြုခဲ့သူ ယခင်နှစ်ဦးသာ ရှိပါသေးသည်။ ထိုပုဂ္ဂိုလ်တို့မှာ ဦးတင်လှသော်နှင့် ဒေါက်တာပင်မလာဂတ်မင်တို့ဖြစ်ကြသည်။ ဦးတင်လှသော်သည် "မြန်မာနိုင်ငံ ဗုဒ္ဓဆင်းတုတော်များ အဆင့်ဆင့်တိုးတက်လာပုံ" ကျမ်းကို မဟာဝိဇ္ဇာဘွဲ့အတွက် လန်ဒန်တက္ကသိုလ်သို့ ၁၉၆၂ ခုနှစ်ကတင်သွင်းခဲ့ပါသည်[၃] ယင်းကျမ်းသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဗုဒ္ဓဆင်းတုတော်များကို ခရစ်နှစ် ၅ ရာစုမှ ၁၉ ရာစုအထိ လေ့လာတင်ပြခြင်းဖြစ်၍ ရခိုင်ပြည်ရှိ ဗုဒ္ဓဆင်းတုတော်များအကြောင်းကို အသေးစိတ်မတွေ့ရချေ။ သို့သော် ရခိုင်မှ ဗုဒ္ဓဆင်းတုတော် ၇ ဆူ[၄]ကို ထိထိမိမိတင်ပြသုံးသပ်ထားသည်မှာ များစွာအဖိုးထိုက်တန်လှပေသည်။ မြောက်ဦးခေတ် ဆင်းတုတော်များနှင့် ပါတ်သက်၍ "ရခိုင်ဆင်းတုတော်တစ်ချို့တွင် ရှေးကျကျန်ရစ်ခဲ့ပြီဖြစ်သော ဂုပ္တအသွင်းသဏ္ဍာန်တစ်ချို့ကို ဆက်လက်တွေ့မြင်

၁။ Type

၂။ Style

၃။ Thaw, Tin Hla, "The Development of the Buddha Image in Burma", M.A. Thesis, London University, 1963.(Hereafter this work will be cited as Thaw, "Buddha Image in Burma")

၄။ Thaw, "Buddha Image in Burma", Fig 6. 21. 22. 23. 24. 25. 62.

၅။ Ibid ,P. 80.

ရဆဲဖြစ်သည်"ဟု ကောက်ချက်ချထားပါသည်။[၅] ယင်းမှာ ဦးတင်လှသော်သည် မြောက်ဦးခေတ် ဆင်းတုတော်များကို အိန္ဒိယအနုပညာစံနှင့် ကျယ်ကျယ်ပြန့်ပြန့်နှိုင်းယှဉ်တင်ပြထားခြင်း ဖြစ်ပါသည်။ ဆရာသုံးသပ်ထားသော ထိုဆင်းတုတော် ခုနှစ်ဆူအနက် အများစုသည် မြောက်ဦးခေတ်တစ်ခေတ်တည်းမှ ဆင်းတုတော်များသာဖြစ်၍ ယင်းသို့ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ထားသည်မှာ သဘာဝကျလှပါသည်။ ထို့အတူ ရခိုင်ပြည်ခေတ်အဆက်ဆက်လက်ရာများကို စီစစ်လေ့လာလျက် ဤဂုပ္တပုံစံဆင်းတုတော်များသည် ရခိုင်ဒေသသို့ မည်သည့်အချိန်က စတင်ရောက်ရှိခဲ့ပုံ၊ ယင်းကာလနှင့် မြောက်ဦးခေတ်တို့ မည်သို့ဆက်စပ်ကာ ဤပုံစံမျိုးပြန်လည်ထွန်းကားလာရပုံ စသည်တို့မှာ ဆက်လက်လေ့လာလိုသူတစ်ဦးအဖို့ ဖြေရှင်းသင့်သော ပြဿနာရပ်များ ဖြစ်မည်ဟု ယူဆပါသည်။

ပင်မီလာဂတ်မင်သည် ပါရဂူဘွဲ့အတွက် ကင်ဘာရာမြို့ရှိ ဩစတြေးလျအမျိုးသားတက္ကသိုလ်သို့ "ရှေးဟောင်း ရခိုင်၊ ၅ ရာစုနှင့် ၁၁ ရာစုအကြား ယင်းဒေသ၏ယဉ်ကျေးမှုသမိုင်းကို အထူးကိုးကားလေ့လာချက်"အမည်ရှိကျမ်းကို ၁၉၇၆ ခုနှစ်တွင် ရေးသားတင်သွင်းခဲ့ပါသည်။[၆] ဤကျမ်းတွင် ရခိုင်၌ တွေ့ရှိရသော စာအရေးအသား၊ ဒင်္ဂါး၊ အနုပညာဗိသုကာ စသည်ဖြင့် ယဉ်ကျေးမှုအထောက်အထားအားလုံးကို စုပေါင်းတင်ပြထားရာ ဗုဒ္ဓဆင်းတုတော်များလည်း ပါဝင်သည်။ သူလေ့လာသည့် ကာလအပိုင်းအခြားအတွင်းရှိ ဓညဝတီနှင့် ဝေသာလီတို့မှ ဆင်းတုတော် ၁၉ ဆူအကြောင်းကို စာမျက်နှာ ၂၀ ခန့် ရေးသားထားပါသည်။[၇] ဤဆင်းတုတော်များကို ခေတ်ပြိုင်ဖြစ်သော သရေခေတ္တရာ၊ သီဟိုဠ်၊ တရုတ်၊ အင်ဒိုချိုင်းနား၊ နာလန္ဒ၊ ပါလ၊ ပုဂံ စသည့် ဒေသအသီးသီးမှ လက်ရာများနှင့် နှိုင်းယှဉ်တင်ပြထားသည်။ သို့သော် ခေတ်ဦးရခိုင်သမိုင်းကိုသာ သီးသန့်ပိုင်းခြားလေ့လာထားသည်ဖြစ်၍ ဤခေတ်ဦးလက်ရာများသည် နောင်ထွန်းကားလာမည့် ခေတ်အသီးသီး၏လက်ရာ များနှင့် မည်သို့ဆက်စပ်နေသည်၊ တစ်နည်းအားဖြင့် နှောင်းခေတ်များအပေါ် မည်မျှဩဇာသက်ရောက်မှုရှိခဲ့သည်ဆိုသည်ကို မတွေ့ရချေ။ ထို့ကြောင့် ရခိုင်ဒေသ သမိုင်းစဉ်တစ်လျှောက်တွင် ဗုဒ္ဓဆင်းတုတော် သွန်းလုပ်ကိုးကွယ်မှု မည်သို့ပြောင်းလဲ တိုးတက်ခဲ့ပုံ၊ တခေတ်နှင့်တခေတ်မည်သို့ ဆက်စပ်နေပုံ၊ ခေတ်အလိုက် ပြည်ပနှင့် အနုပညာလက်ရာချင်း မည်သို့ဆက်စပ်မှုရှိပုံ စသောပြဿနာများကိုပါ ဤကျမ်းတွင် ဖြေရှင်းရန်ကြိုးပမ်းထားပါသည်။

ဤကျမ်းပြီးမြောက်အောင်မြင်ရေးအတွက် များပြားလှသည့် အလုပ်တာဝန်အကြားမှ ကျွန်တော်ကို လမ်းညွှန်ပြပေးသော ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သော်အားလည်းကောင်း၊ မိမိကိုယ်ပိုင်စာကြည့်ခန်းကို အသုံးပြုခွင့်ပေးခဲ့သော ဆရာဦးတင်လှသော်အားလည်းကောင်း၊ မြန်မာနိုင်ငံတွင် ရှားပါးလှသော စာအုပ်စာတမ်းများ ပို့ပေးကာ မေးမြန်းသည့် အချက်များကို စာရေးဖြေကြားပေးသည့် ဩစတြေးလျအမျိုးသား တက္ကသိုလ်မှ သုတေသီ ဒေါက်တာ ပင်မီလာဂတ်မင်အားလည်းကောင်း၊ ဤကျမ်းအတွက် ငွေကြေးအခက်အခဲကြုံရစဉ် ကူညီခဲ့သော ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ သမိုင်းဌာနမှ ကထိက ဒေါ်ခင်စုအားလည်းကောင်း၊ အထူးကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင် အပ်ပါသည်။

၆။ Gutman, Pamela "Ancient Arakan, with Special reference to its cultural history between the 5 th and 11th centuries", Ph.D. Thesis, Australian National University 1976(Hereafter this work will be cited as Gutma, "Ancient Arakan).

၇။ Gutman, "Ancient Arakan", Pls. LXIII-LXXIV, PP. 234-256.

## အခန်း(၂)

# ခေတ်ဦး ရခိုင်ဗုဒ္ဓဆင်းတုတော်များ

ရခိုင်ပြည်တွင် ယဉ်ကျေးသော လူနေမှု မည်သည့်အချိန်က စတင်ခဲ့သည်ကို အတော်အတန်တိကျခိုင်လုံအောင် ပြောနိုင်အောင် မလွယ်ကူသေးပါ။ စနစ်တကျတူးဖော်လေ့လာမှုလည်း လုံးဝမပြုလုပ်ရသေးချေ။ ခေါမ၊ ရောမမှတ်တမ်းများတွင်တွေ့ရသည့် ဒေသနာမည်များနှင့် ညှိနှိုင်းစဉ်းစားရသော ခရစ်နှစ်ဦးပိုင်းကာလသည် ဤကျမ်းတွင် ဖော်ပြမည့် ဆင်းတုတော်များတွေ့ရသည့် ကာလထက်များစွာ ရှေးကျနေသည်။[၁] ထို့ကြောင့် ဤကျမ်းတွင် ခေတ်ဦးရခိုင်ဟူသောကာလသည် ထိုမျှရှေးကျသော ခေတ်ဦးကို ဆိုလိုခြင်းမဟုတ်ချေ။ ယနေ့အထိ တွေ့ရပြီးသမျှသော မြေပေါ်အထောက်အထားများအရ စာပေအရေးအသား၊ ဗုဒ္ဓသာသနိက အနုပညာလက်ရာများကို အစောဆုံးတွေ့ရသောကာလမှ စတင်၍သာလျှင် ဤကျမ်း၌ ခေတ်ဦးဟူ၍ ရေတွက်ထားပါသည်။ နှစ်အပိုင်းအခြားအားဖြင့်မူ ခရစ်နှစ် လေးရာစုထက်စောမည်မဟုတ်သော ကာလသာဖြစ်သည်။ ရာဇဝင်ကျမ်းများတွင် မှတ်သားချက်အရ ခုနှစ်ကို တွက်ချက်ကြည့်သော် ဤကာလတွင် ဓညဝတီခေတ်၊ ဝေသာလီခေတ်ဟူ၍ အဓိကခေတ်အပိုင်းအခြားနှစ်ခုရှိသည်။[၂] အထောက်အထားများတွေ့ရသည့်နေရာမှာလည်း အဓိကအားဖြင့် ယခုလူတို့သာမန်အားဖြင့် “ဓညဝတီ”နှင့် “ဝေသာလီ”ဟုခေါ်ဝေါ်နေကြသော မြို့ရာဟောင်း ၂ ခုနှင့် ဝန်းကျင်ဒေသတို့မှ အများဆုံးတွေ့ရှိရသည်။ တူးဖော်လေ့လာခြင်းမပြုရသေးသဖြင့် ဤမြို့များ၏ အမည်မှန်ကို မသိနိုင်သေးသမျှ ဤအတိုင်းပင် ဆက်လက်ခေါ်ဝေါ်နေကြရအုံးမည်ဖြစ်ရာ ဤအခန်းမှ ဆင်းတုတော်များကို “ဓညဝတီခေတ် ဗုဒ္ဓဆင်းတုတော်များ”ဝေသာလီခေတ်ဗုဒ္ဓဆင်းတုတော်များ”ဟု ခေါ်လိုက ခေါ်နိုင်မည်ထင်ပါသည်။ သို့သော် ပို၍ သဘာဝကျမည်ဟုယူဆရသော ခေတ်ဦးရခိုင် ဗုဒ္ဓဆင်းတုတော်များ” ဟု တပေါင်းတည်း ခေါ်ဝေါ်ထားပါသည်။ ခေတ်ဦးထဲမှာမှ ခွဲခြားရန်လိုအပ်လာသေးလျှင်ကား “ဓညဝတီ” နှင့် “ဝေသာလီ”ဟူသော အမည်တို့ကိုပင် ပြန်လည်သုံးစွဲရမည်ဖြစ်၏။

ဤခေတ်ဦး ရခိုင်ဗုဒ္ဓဆင်းတုတော်များ စာရင်းတွင် နောက်ဆုံး၌လေးမြို့ခေတ်မစမီကာလထိ လက်ရာများ၊ တနည်းအားဖြင့် လေးမြို့ခေတ်ထက်စောသောဆင်းတုဟူသမျှ ပါဝင်သည်။ ရာဇဝင်ကျမ်းများ၏အလိုအရ လေးမြို့ခေတ်သည် ၁၂ ရာစုတွင် စတင်ခဲ့သည်ဟု ခန့်မှန်းရသည်။[၃] ထို့ကြောင့် ဤအခန်းတွင် တင်ပြမည့်ဗုဒ္ဓဆင်းတုတော်များ၏ ခုနှစ်သည် အကြမ်းအားဖြင့် ခရစ်နှစ် ၅ ရာစုခန့်မှ ၁၂ ရာစုအစပိုင်းခန့်ကာလအတွင်း ဖြစ်ပါသည်။

ဤကာလအပိုင်းအခြားအတွင်း တွေ့ရှိရသော စာပေအထောက်အထားများတွင် ဗုဒ္ဓဆင်းတုတော်များပြုလုပ်လှူဒါန်းကြောင်း မှတ်တမ်းများတွေ့ရသည်။ ယနေ့ထိ ဗုဒ္ဓဆင်းတုတော်နှစ်ဆူ (ပုံ-၄၊ ၇)တို့တွင် စာရေးထိုးပါရှိသည်ကို တွေ့ရသော်လည်း အက္ခရာပုံစံကြည့်၍ ခုနှစ်ခန့်မှန်းရာတွင် အထောက်အကူပြုသည်ကလွဲ၍ စာ၏အဓိပ္ပါယ်ကို သိရှိနိုင်လောက်အောင် မထင်ရှားတော့ချေ။ ခရစ်နှစ် ၆ ရာစုထိုး ကျောက်စာနှစ်ချပ်တွင်လည်း စေတီပုထိုးလှူဒါန်းကြောင်း ရေးသားထားသည်ကို တွေ့ရ၏။ ပထမကျောက်စာရေးထိုးသူမှာ နီတိစန္ဒြမင်း (အေဒီ ၅၂၀-၇၅)၏မိဖုရားသာဝိဘာံစန္ဒြပြိယာဖြစ်၏။ ကျောက်စာအချုပ်မှာ-

> မြတ်စွာဘုရားသည် ရှေးကပြုခဲ့သောအကြောင်းတရားကြောင့် ဖြစ်ပေါ်လာကုန်သော အကျိုးတရားတို့ကို ဟောတော်မူ၏။ ထိုအကြောင်းအကျိုးတို့ ချုပ်ငြိမ်းရာ တရားတို့ကိုလည်း ဟောတော်မူ၏။ ဤ(စေတီတော်)သည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူသော နီတိစန္ဒြမင်း၏ သာဝိတာံစန္ဒြပြိယာအမည်ရှိသော မိဖုရား၏ ဒေယျဓမ္မဒါတဗ္ဗ (လှူအပ်သော တရားအရလှူသော)အလှူတော်ဖြစ်၏။ ထိုမိဖုရားသည် မြတ်စွာဘုရား၌ သဒ္ဓါကြည်ညိုခြင်းနှင့်ပြည့်စုံသော ဒါယကာမတစ်ယောက်ဖြစ်သည့်အလျှောက်၊ သတ္တဝါအပေါင်းတို့သည် အမြတ်ဆုံးသော (အသိဉာဏ်တရားကို) ရကြစေခြင်းအကျိုးငှာ ဤအလှူတော်ကို ပြုလုပ်လှူဒါန်းတော်မူသတည်း။[၄]

ဟူ၍ဖြစ်၏။ ဤကျောက်စာကို ဝေသာလီရှိ ဥဏ်ကိုသကတောင်ဘုရားမှ ရရှိခဲ့သည်။

ထို့အတူပင် ဝေသာလီမြို့ဟောင်းအနီး သင်းချပ်တော်တောင် အာနန္ဒစန္ဒြစေတီမြောက်ဘက်မှရသော အေဒီ၅၈၀ ကဟု ခန့်မှန်းရသည့် ဝီရစန္ဒြမင်း (အေဒီ ၅၇၅-၈)ကျောက်စာတွင်

---

၁။ ရာဇဝင်များ၏ အလိုအရ မဟာမြတ်မုနိ ဆင်းတုတော်ကို ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင် သွန်းလုပ်ခဲ့သည်ဟုဆိုပါသည်။ ဓချင်း၊ စာ-၂၁၊ တချို့သုတေသီများက ယင်းကို ခရစ်နှစ်အစောပိုင်း ရာစုများက သွန်းခဲ့ဖြစ်မည်ဟု ဆိုကြပါသည်။ Phayre, History , P. 46. Harvey, History, P.137 သို့သော် ဤဆင်းတုတော်မှာ အကြိမ်ကြိမ်အဖန်ဖန်ပျက်စီးယိုယွင်းခဲ့ရသည်ဖြစ်၍ ယခုအခါမှာ ခေတ်သစ်လက်ရာများဖြင့် ပြုပြင်ထားသဖြင့်မူရင်းလက်ရာကို မခန့်မှန်းနိုင်တော့ချေ။ နောက်ဆက်တွဲ( )တွင်ရှု။

၂။ ဤခေတ်ဦးကာလ ရခိုင်ပြည်ကြီး၏ မြို့တော်များမှာ အစဉ်အလိုက်အတိုင်း သပိတ်တောင်၊ ဓညဝတီ၊ ဝေသာလီဟူ၍ ၁၁ရာစုတိုင်အောင်ရှိခဲ့သည်။ Harvey, History ,P. 137.

၃။ ဝေသာလီပြီးနောက် ပဥ္စာ(စမ္ပဝတ်)သည် ၁၁၁၈ထိလည်းကောင်း၊ ပရိန်သည် ၁၁၁၈-၆၇၊ ခြိတ် ၁၁၆၇-၈၀၊ ပဥ္စာ ၁၁၈၀-၁၂၃၇၊ လောင်းကြက် ၁၂၃၇-၁၄၃၃ထိလည်းကောင်း အသီးသီးထွန်းကားခဲ့သည်။Harvey, History, P. 137.

၄။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ စာ ၆၆-၆၇။

တရားသဖြင့် ထီးနန်းကို ဆက်ခံစိုးစံ(၍) သူတစ်ပါး၏အကျိုးကို သည်ပိုးရွက်ဆောင်ရန် ရည်သန်လျှက်ရှိပါသော ဗြိဝိရစန္ဒြမင်းသည် မိမိပိုင်ငွေကြေးတို့ကို အကုန်အကျခံ၍ သစ္စာတရားကို သက်ဝင်ယုံကြည်ချစ်မြတ်နိုးသည့် အလျှောက် ကမ္ဘာ၏အဆင်တန်ဆာဖြစ်သော စေတီတော်အဆူပေါင်း တရာတို့ကို တည်ဆောက်တော်မူသည်။[၅]

ဟုဖော်ပြပါရှိသည်။

အထက်ပါကျောက်စာတို့တွင် စေတီလှူကြောင်းသာ ပါရှိသော်လည်း စေတီလှူလျှင် ဗုဒ္ဓဆင်းတုတော်လည်း ပါတန်ကောင်း၏ဟူသောသဘောဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။ အေဒီ ၇၂၉ တွင် ရေးထိုးခဲ့သည်ဟု ပညာရှင်တို့ ယူဆထားကြသော အာနန္ဒစန္ဒြကျောက်စာတွင် ဗုဒ္ဓဆင်းတုတော်များ လှူဒါန်းကြောင်းကို အောက်ပါအတိုင်း ရေးထိုးထားသည်။

. . . ရွှေ ငွေဘုရားကျောင်းတည်ဆောက်၍ ဓာတ်တော်မွေတော်နှင့်တကွ ဗုဒ္ဓရုပ်ပွား၊ ဘုရားလောင်းရုပ်ပွား၊ စုန္ဒနှင့် အခြားတန်ခိုးကြီးသော (နတ်မင်း)တို့ပုံတော်များကို ထား၍ ကိုးကွယ်၏။ မြတ်စွာဘုရားရုပ်ပွားတော်များစွာကို ကြေးသတ္တုတို့နှင့် သွန်းလုပ်၏။ ရုပ်ပွားတော်အဆူဆူမှာ . . သစ်၊ အင်္ဂတေနှင့် ကျောက်သားတို့ကို ထွင်းထုစေသည်။ ကျောင်းဆောင်တံတဲနှင့်တကွ. . . မြေပုံဘုရား အမြောက်အမြားကိုလုပ်၏။[၆]

အထက်ပါကျောက်စာအရ ဗုဒ္ဓဆင်းတုတော်များကို ရွှေ၊ ငွေ၊ ကြေး၊ သတ္တုတို့ဖြင့်လည်းကောင်း၊ သစ်၊ အင်္ဂတေ၊ မြေသားတို့ဖြင့်လည်းကောင်း ပြုလုပ်ခဲ့သည်ဟု သိရှိရပါသည်။ သို့သော် ယနေ့ထိကား ကျောက်သားနှင့် ကြေးသတ္တုဖြင့် ပြုလုပ်သော ဆင်းတုများကိုသာ တွေ့ရှိရသေးသည်။ ခေတ်ပြိုင်အခြားဒေသ(ဥပမာ-သရေခေတ္တရာ)များတွင် ပေါပေါများများတွေ့ရသော မြေပုံဘုရား (သို့မဟုတ်) အုတ်ခွက်ဘုရားများပင်လျှင် ဤခေတ်ဦး ရခိုင်ကာလအဖို့ ယနေ့ထိ မတွေ့ရှိနိုင်သေးချေ။ အထက်ပါကျောက်စာအထောက်အထားသာ မရှိခဲ့ပါက အုတ်ခွက်ဘုရားဟူ၍ပင် ခေတ်ဦးရခိုင်တွင် ရှိခဲ့ပါ၏လားဟူ၍ သံသယဝင်ဖွယ်ဖြစ်ပါသည်။

ယနေ့ထိ တွေ့ရှိရသမျှ ဗုဒ္ဓဆင်းတုတော်များမှာ ကျောက်သားဖြင့် ပြုလုပ်ထားသည်ကို အများဆုံးတွေ့ရှိရသည်။ ကျောက်သားဆင်းတုတော်များကို ခြောက်လက်မထက်နိမ့်သော အသေးငယ်ဆုံးအရွယ်အစားမှသည် ပေပေါင်း ၁၇ ပေထိ မြင့်သော ဆင်းတုတော်ကြီးထိ အရွယ်အစား အမျိုးမျိုးထုလုပ်ခဲ့ကြသည်။ ဤဆင်းတုတော်များ ထုလုပ်သည့် ကျောက်အမျိုးအစားမှာ အဓိကအားဖြင့် အညိုရောင်သဲကျောက်ဖြစ်သည်။ ဤကျောက်မျိုးသည် ရခိုင်ကမ်းမြောင်ဒေသ တလျှောက်လုံး အနှံ့အပြားတွေ့ရှိရသော ကျောက်မျိုးဖြစ်သည်။ အဖြူရောင်သန်းသော သဲကျောက်မျိုးကိုလည်း တစ်ခါတစ်ရံသုံးကြောင်း တွေ့ရသေးသည်။ ပုံ(၁၃)တွင် ဖော်ပြထားသော မတ်ရပ်မုဒြာနှစ်မျိုးဖြင့် ဆင်းတုတော်သည် အဖြူရောင်သဲကျောက်ဖြစ်သည်။ သဲကျောက်အပြင် အန္တဂူ[၇] ကျောက်အမျိုးအစားကိုလည်း အသုံးပြုခဲ့ကြသည်။ ၉ ရာစု ၁၀ ရာစုလက်ရာများဟု ထင်ရသော ဗုဒ္ဓဝင်အခန်းပါ ပုံတော်များကို ဤအန္တဂူကျောက်ဖြင့် ပြုလုပ်ခဲ့ကြပါသည်။ ဤအန္တရဂူကျောက်မျိုးတို့ ရခိုင်မြောက်ဘက်စွန်းဒေသနှင့် မြစ်ကြီးနားခရိုင်တို့မှာ ရရှိနိုင်သည်ဟု သိရသည်။[၈]

ခေတ်ဦးရခိုင်ဗုဒ္ဓဆင်းတုတော်များ၏ အနုပညာအဆင့်အတန်းကို သုံးသပ်ကြည့်သောအခါ တချို့မှာ အဆင့်မြင့်၍ လက်ရာမြောက်ပြီး၊ ကျန်တချို့မှာ လက်ရာကြမ်းတမ်းလျှက်ရှိသည်ကို တွေ့ရ၏။ လွန်စွာချောမွတ်ပြေပြစ်ကာ လက်ရာမြောက်လှသော ဆင်းတုတော်များသည် နန်းတွင်းအသိုင်းအဝိုင်းမှ ကိုးကွယ်လှူဒါန်းသော ဆင်းတုများဖြစ်ပြီး ကြမ်းတမ်းသော လက်ရာများမှာ သာမန်ဆင်းရဲသားပြည်သူတို့ ကိုးကွယ်လှူဒါန်း သော ဆင်းတုတော်များ ဖြစ်လိမ့်မည်ဟု ယေဘုယျအားဖြင့် မှတ်ယူသင့်သည်ဟု ထင်ပါသည်။ အထူးသဖြင့် ပုံ(၁)ကဲ့သို့သော လက်ရာမျိုးသည် နန်းတွင်းအသိုင်းအဝိုင်းမှ ကိုးကွယ်သောလက်ရာမျိုးသာဖြစ်နိုင်ဖွယ်ရှိသည်။ ထို့ကြောင့် ဤခေတ်ဦး ရခိုင်ဒေသတွင် ဗုဒ္ဓသာသနာသည် အုပ်စိုးသူရော အုပ်စိုးခံပြည်သူလူထုကပါ ကိုးကွယ်သော အယူဝါဒတစ်ရပ်အဖြစ် ရောက်ရှိခဲ့ပြီ ဟူသောအဆိုကို အထောက်အကူပြုနေပါသည်။ ဤသည်မှာ အနုပညာလက်ရာများကို လေ့လာရင်းဖြင့် ရရှိအပ်သော သမိုင်းကောက်ချက်တစ်ရပ်ပင် ဖြစ်ပါသည်။

ထိုနည်းတူစွာပင် အခြားသော သမိုင်းကောက်ချက်တစ်ရပ်ကို ရရှိနိုင်သေးသည်။ ရာဇဝင်များ၌ ခေတ်ဦး ရခိုင်သမိုင်းတွင် ဓညဝတီခေတ်ပြီးမှ ဝေသာလီခေတ်ဟူ၍ အစီအစဉ်ချထားပါသည်။ ယခုအနုပညာလက်ရာဖြစ်သော ဗုဒ္ဓဆင်းတုတော်များကို လေ့လာကြည့်သောအခါ ဓညဝတီဟု ခေါ်နေကြသော ဒေသမှ ရရှိသည့် ဆင်းတုတော်များသည် ဝေသာလီဟုခေါ်သောဒေသမှ ရရှိသည့် ဆင်းတုတော်များထက် လက်ရာအားဖြင့် ရှေးကျနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ရာဇဝင်ကျမ်းများ၏အစီအစဉ်ဖြစ်သော ဓညဝတီခေတ်သည် ဝေသာလီထက်ရှေးကျသည်ဟူသော အချက်မှန်ကန်နေပါသည်။

ဗုဒ္ဓဆင်းတုတော်များကို လေ့လာရာ၌ သက္ကရာဇ်ရေးထိုးထားသော ဆင်းတုတော် သို့မဟုတ် စာရေးထိုးထားသော ဆင်းတုတော်တို့ကို ခုနှစ်ခန့်မှန်းရာတွင် အခိုင်လုံဆုံးခန့်မှန်းနိုင်သည်။ သက္ကရာဇ်ကို ရေးထိုးထားလျှင် ယင်းကိုဖတ်ကြည့်

၅။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ စာ ၆၇။

၆။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ စာ ၇၀။

၇။ Luce က Dolomite ဟု ပြန်ဆိုထားပါသည်။ OBEP, P. 151. Lowry ကမူ steatite ဟု ခေါ်ထားပါသည်။ Lowry, John: Burmese Art, London, Her Majesty's Stationary Office, 1974, No. 7.

၈။ Chhibber, H.L. : Mineral Resources of Burma, London, Macmillan and Co., Limited, 1934, P. 245.

မှတ်သားရုံသာလိုပြီး သက္ကရာဇ်မပါစာသက်သက်ဆိုလျှင် လက်ရေးပုံစံကို ခန့်မှန်းကာ ခုနှစ်ခန့်မှန်းနိုင်ပါသည်။ ခေတ်ဦး ရခိုင်ဆင်းတုတော်များတွင် သက္ကရာဇ်ရေးထိုးထားသော ဆင်းတုတစ်ဆူမျှ မတွေ့ရချေ။ စာရေးထားသော ဆင်းတုတော်နှစ်ဆူကိုသာ တွေ့ရသေးသည်။ ဤစာတမ်းပါ နှစ်ဆူအနက် ကျောက်ဆင်းတုတစ်ဆူ (ပုံ-၄)မှာ ခါးအောက်ပိုင်းသာကျန်ရှိပြီး အထက်ပိုင်းကို လုံးဝမတွေ့ရတော့ချေ။ ပါရှိသော စာနှစ်ကြောင်း၏လက်ရေးကိုကြည့်ကာ ခရစ်နှစ် ၆ ရာစုခန့်ဟု မှတ်ယူရပါသည်။ ဤဆင်းတုကို အခြေခံထားပြီး တူညီသော အခြားဆင်းတုတို့၏သက်တမ်းကို ခန့်မှန်းရမည်ဖြစ်သော်လည်း အရေးကြီးသော အစိတ်အပိုင်းများ မကျန်ရှိတော့၍ များစွာမထိရောက်ဖြစ်ရသည်။ ဒုတိယဆင်းတုတော်(ပုံ-၇)တွင်ကား ဥက္ကောင်းမှလွဲ၍ ကျန်တကိုယ်လုံးရှိနေသေးသဖြင့် အတော်အသင့် အထောက်အကူ ဖြစ်နိုင်ပါ၏။ ထို့ပြင် အခန်းပါများစွာသော ဆင်းတုတော်များသည် မူလနေရာတွင် မရှိကြတော့ချေ။ ပြတိုက်သို့မဟုတ် ဘုန်းတော်ကြီးကျောင်း စသည့်နေရာမျိုးသို့ ရောက်ရှိနေကြပြီဖြစ်ရာ မူလနေရာမှ ဆင်းတုတော်နှင့် အတူ တွေ့ရှိခဲ့ရသော ယှဉ်တွဲအထောက်အထားများကို လေ့လာခွင့်မရနိုင်တော့ချေ။ ဤအချက်သည်လည်း ခုနှစ်ခန့်မှန်းခြင်းကို အားနည်းစေသော အချက်တစ်ရပ် ဖြစ်ပါသည်။

ထို့ကြောင့် နောက်ဆုံးအားထားရာဖြစ်သော ပုံစံနှင့် ဟန်ကိုပင်အားထား၍ ခန့်မှန်းရပါတော့သည်။ ပုံစံဟုဆိုရာ၌ ကိုယ်ခန္ဓာအချိုးအစား၊ မုဒြာနှင့် အာသနစသည့်အနေအထားများ၊ ဝတ်စားဆင်ယင်မှုတို့ ပါဝင်သည်။ ထေရဝါဒ ဗုဒ္ဓသာသနာနယ်ပယ်တွင် အနုပညာဆိုင်ရာတည်ထွင်ဆန်းသစ်မှု မရှိလှပါ။ တစ်နည်းအားဖြင့် ပုံတူများပြုလုပ်ခြင်းကိုသာ တွေ့ရသည်။ ထေရဝါဒဗုဒ္ဓသာသနာဝင်တို့သည် ရှေးမူမပျက် မပြုမပြင်သော ကိုးကွယ်မှုကိုသာ ပိုမိုလိုလားကြသည့်နည်းတူ သူတို့ကိုးကွယ်ရန် ထုလုပ်ဖန်တီးခဲ့ကြသည့် ဆင်းတုတော်များမှာလည်း အစဉ်အလာအတိုင်း ထုလုပ်ခဲ့ကြမည်သာဖြစ်ပေမည်။ ထို့ကြောင့် ပုံစံအားဖြင့် ဒေသတစ်ခုမှ ဆင်းတုနှင့် အခြားဒေသတခုမှ ဆင်းတုတို့သည် များစွာ မခြားနားပါချေ။ အထူးသဖြင့် ဗုဒ္ဓအနုပညာစတင်ပေါက်ဖွားရာ အိန္ဒိယမှ ပုံစံတို့ကို ကူးယူကာ အခြားဒေသများတွင် ထုလုပ်ဖန်တီးခဲ့ကြခြင်းဖြစ်သောကြောင့် အခြေခံပုံစံမှာ အိန္ဒိယပုံစံများပင် ဖြစ်သည်ဟု ဆိုချင်ပါသည်။

သို့သော် ဤကာလ (ခရစ်နှစ် ၅ ရာစုမှ ၁၂ ရာစုအစထိ) တွင်ကား ဗုဒ္ဓအနုပညာသည် အိန္ဒိယတွင် တနေရာတည်း မဟုတ်တော့ပဲ အိန္ဒိယနယ်နမိတ်အတွင်းမှာရော အပြင်သို့ပါ ပျံ့နှံ့သွားပြီး ပုံစံအမျိုးမျိုးဖြင့် ထပ်ဆင့်တိုးပွားနေပြီးဖြစ်သည်။ ထို့ကြောင့် ဤခေတ်ဦးကာလတွင် တနေရာတည်းမှ လက်ရာချည်းမဟုတ်ပဲ အနှံ့အပြားမှ လက်ရာများ၏ ရောထွေးလွှမ်းမိုးမှုကိုလည်း တွေ့ရတတ်ပါသေးသည်။ ထို့ကြောင့် ခေတ်ဦးဆင်းတုတော်များအနက်တွင်မှ ထပ်မံပိုင်းခြားကာ အသေးစိတ်ခုနှစ်ခန့်မှန်းရသည်မှာ အထူးမလွယ်ကူသောကိစ္စဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ မြန်မာတပြည်လုံး ဗုဒ္ဓဆင်းတုများကို ခရစ်နှစ် ၅၀၀ မှ ၁၉၀၀ ကာလထိ လေ့လာကျမ်းပြုခဲ့သူ ဦးတင်လှသော်ကလည်း-

> ခရစ်နှစ် ၅၀၀ မှ ၁၀၀၀ ထိ ကာလအတွင်း ဆင်းတုတော်များသည် ဒေသတစ်ခုတည်း၏ လွှမ်းမိုးမှုကို ခံရခြင်းမဟုတ်ပဲ၊ အနှံ့အပြားမှ လွှမ်းမိုးမှုများကို ခံခဲ့ရသည်ဖြစ်၍ ဤကာလအတွင်း ထပ်မံ၍ ကာလခွဲခြားလေ့လာရန် ခက်ခဲသည်။ ဤကာလက မြန်မာပြည်သည် ဒွါရာဝတီ၊ အိန္ဒိယ၊ အရှေ့ဟိမဝန္တာတိုင်းပြည်များနှင့် ဆက်သွယ်မှုရှိခဲ့ပြီဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိခဲ့ပြီးဖြစ်သည်။ ဤဆက်သွယ်မှုများသည်ပင် မြန်မာပန်းပုပညာရှင်များအား ဒွါရာဝတီ၊ အမရာဝတီ ဂုပ္တ၊ ဂုပ္တအလွန်နှင့် တိဘက်နိပေါအနုပညာလက်ရာများကို အတုယူခွင့်သာအောင် ဖန်တီးပေးခဲ့သည်။[၉]
>
> ဟုတင်ပြထားပါသည်။

ထိုနည်းတူစွာပင် ဤကျမ်းမှာလည်း ခေတ်ဦးရခိုင်ဆင်းတုတော်များကို စုစည်း၍ ထပ်မံကာလပိုင်းခြားခြင်း မဟုတ်ပါ။ သို့သော် တဆူချင်းကို မည်သည့်လက်ရာနှင့် နီးစပ်သည်။ ကိုယ်ပိုင်ဟန်မည်မျှပါဝင်လာပြီး ထို့ကြောင့် မည်သည့်ခုနှစ်ဖြစ်မည်စသည်တို့ကို တတ်နိုင်သမျှ လေ့လာခန့်မှန်းထားပါသည်။ အခြေခံအားဖြင့် အိန္ဒိယပုံစံကိုယူကြသည်။ ဆိုသော်လည်း ထိုပုံစံသည် ယိုးဒယားသို့ရောက်လျှင် ယိုးဒယားဟန်ဖြစ်သွားပြီး၊ ရခိုင်သို့ရောက်လျှင် ရခိုင်ဟန်ဖြစ်လာသည်။ ဒေသတစ်ခုတည်းအတွင်းမှာပင် ခေတ်တခေတ်နှင့်တခေတ်တိုပသည် ဟန်ချင်းခြားနားတတ်ပါသည်။ ထို့ကြောင့် ဟန်ကိုအဓိကထားကာ လေ့လာတင်ပြထားပါသည်။ ခေတ်ဦး ရခိုင်ဒေသနှင့်ပတ်သက်၍ စနစ်ကျသော တူးဖော်မှုတစ်စုံတရာမလုပ်မချင်းသည် ကာလ ဗုဒ္ဓဆင်းတုတော်များနှင့်ပတ်သက်၍ ယခုထက် ထိရောက်သော လေ့လာစူးစမ်းမှုပြုရန် ဖြစ်နိုင်မည်မထင်ပါ။

ပုံ(၁)

တရားဟောတော်မူဟန် (ရုပ်ကြွ)[၁၀]

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးပြတိုက် |
| မူလနေရာ | - | ကျောက်တော်မြို့တဘက်ကမ်း သေလာဂီရိတောင်ခြေ |
| အရွယ်အစား | - | အမြင့် ၂ ပေခန့်၊ အောက်ခြေ ၁ ပေ ၃လက်မခန့်၊ အကျယ် ၅ ပေ ၅ လက်မခန့် |
| ပစ္စည်းအမျိုးအစား | - | သဲကျောက် |

ထူးခြားသော လက်ရာတစ်ခုဖြစ်သည်။ ပန်းပုရုပ်လုံးမဟုတ်ပဲ ရုပ်ကြွဖြစ်သော်လည်း ရုပ်လုံးနီးပါးမို့မောက်၍ ထွက်နေ

၉။ Thaw, "Buddha Image in Burma", P. 75.

၁၀။ ရှေးဟောင်းဖလင် ၂၆၉၄ (၁၉၂၅-၂၆)။

ကျော်ဇံသာသည်။ ဗုဒ္ဓရုပ်ပွားတော်မှာ မျက်နှာချ၍ ဓမ္မစကြာမုဒြါနှင့် တရားဟောနေဟန်ရှိပြီး ပလ္လင်ခြေရင်းတွင် ဥပသကာတစ်ဦး ထိုင်လျက် တွေ့ရသည်။ မြင်ကွင်းတစ်ခုလုံးကို လေးထောင့်ကျကျဘောင်ခတ်ထားသည်။ ဗုဒ္ဓဆင်းတု၏မဏိတော်မှာ များစွာ မိုမောက်ခြင်း မရှိချေ။ ဆံတော်ခွေများမှာလည်း ခရုပတ်ဆံတော်ခွေများ ဖြစ်ကာ ဆံစအလယ်တွင် နဖူးပေါ်သို့ မသိမသာ ကွေးညွတ်ကျဆင်းလျက်ရှိသည်။ ရှေးကျသည့်လက္ခဏာတစ်ရပ်ဖြစ်သော တြိဝလိခေါ် လည်ပင်းရစ်များ ပါရှိပြီး သင်္ကန်းအဖြစ် ဘယ်ပခုံးပေါ်မှ တင်နေသော အတွန့်အရစ်များမှ လွဲ၍ ကိုယ်အပေါ်ပိုင်းမှာ မတွေ့ရချေ။ ခါးမှ သင်္ကန်းရစ်ပေါ်နေပြီး ဒူးဆစ်အထက်နားတွင် အရစ်နှစ်ရစ်ပါရှိသည်။ ထို့ကြောင့် ကိုယ်အောက်ပိုင်း သင်းပိုင်မှာ ခါးမှဒူးဆစ်အထက်နားထိသာ ရစ်ပတ်ထားဟန်ဖြစ်သည်။ ခန္ဓာကိုယ်အချိုးအစားမှာ တိုတုတ်ပြည့်ဖြိုးပြီး မျက်နှာပုံပန်းမှာ အိန္ဒိယသား မျက်နှာမျိုးမဟုတ်ချေ။ ပျူနှင့်မွန်ရုပ်ထုများနည်းတူ နှာတံပေါ်ပြီး နှုတ်ခမ်းထူသော တိုင်းရင်းသားမျက်နှာပေါက်မျိုးဖြစ်သည်။ ရုပ်ထုတော်၏ နောက်တွင် ဒေါင်လိုက်ဘဲဥပုံရှိသော စင်းလုံးချောနောက်ခံတံကဲကို တွေ့ရသည်။ ဘုရားထိုင်တော်မူရာ ပလ္လင်ကိုမူ မည်သို့မျှ မွမ်းမံထားခြင်းမရှိပဲ အနားသုံးဘက်ကို တပြိုင်နက်မြင်နိုင်အောင် ထုလုပ်ထားပါသည်။

ထိုင်နေသည့် ခြေထောက်အနေအထားမှာ ဗုဒ္ဓဆင်းတုတော်များ၌ အများအားဖြင့် တွေ့ရတတ်သော သာမန်အာသန တမျိုးမျိုးနှင့်တူသည်ဟု ပြော၍မရနိုင်ချေ။ ညာဘက်ခြေထောက်တစ်ချောင်းလုံးကို ပီပီပြင်ပြင်တွေ့မြင်နေရပြီး ညာဒူးမှာအတော်အတန် မြင့်လျှက်ရှိသည်။ သာမန်လူတို့အမှတ်တကယ် ထိုင်လေ့ရှိသည့် အချိုးအစားမျိုးပင်ဖြစ်သည်။ ခါးအောက်ပိုင်း ထိုင်ဟန်မှာကား ဗုဒ္ဓဆင်းတုတော်နှင့် တရားနာယူနေသည့် ဥပသကာရုပ်ထုနှစ်ခုလုံးတွင် အတူတူပင်ဖြစ်ပါသည်။ ဤသို့ဒူးမြှင့်ထိုင်ဟန်ကို မဟာမုနိကုန်းပေါ်ရှိ ဗောဓိသတ္တရုပ်များမှာလည်း တွေ့ရှိရသည်။ ထို့ပြင် မော်ဇာ၊ တာဝတိံသာကျွဲကျောင်းကုန်းဘုရား အရှေ့ဘက်ကုန်းမှရသော အုတ်ခွက်တွင်ပါရှိသည့် ဘုရားလောင်းရသေ့သည် ဤသို့ဒူးမြှင့် ထိုင်နေသည့်ဟန်မျိုးဖြစ်သည်[၁၁]

တရားနာသူ ဥပသကာမှာ နဖူးစည်း၊ နားဆွဲ၊ ပုတီး ဘယက်၊ လက်မောင်း ပတ်၊ ခါးစည်းတို့ ဆင်ယင်ထားသည်ကို ကြည့်ရခြင်းအားဖြင့် သာမန်အရပ်သားတစ်ဦးကာ မဟုတ်နိုင်ချေ။ ဘုရင်တပါးပါးကို ရည်ညွှန်း၍ထုလုပ်ထားခြင်းသာ ဖြစ်နိုင်သည်။ ဗုဒ္ဓဆင်းတုတော်၏ နားရွက်မှာ ပခုံးကို ထိမနေသော်လည်း တကာ၏နားရွက်မှာ ပခုံးကို ထိရုံထက်ပင် ရှည်လျားကျဆင်းလျက်ရှိသည်။ ဆံပင်များကို သုံးဆင့်ခွေထားပြီး နဖူးစည်းအောက်ခြေမှလည်း နဖူးပေါ်သို့ ကျဆင်းလျှက် တွေ့ရသည်။ ဆံပင်များကို အဆင့်ဆင့် ခွေတုံးထားခြင်းကြောင့် မကိုဋ်ဆောင်ထားသည့် အသွင်ကို ဆောင်နေသည်။ ဤကဲ့သို့ ဆံပင်ကို ရစ်ခွေကာ မကိုဋ်ကဲ့သို့ ပြုလုပ်သည့် သဘောမျိုးကို မဟာမြတ်မုနိကုန်းပေါ်မှ ကျောက်ရုပ်များတွင် အများအပြားတွေ့ရပြီး ဟန်လင်းမှ တူးဖော်ရရှိခဲ့သော ကျောက်ချပ်တစ်ခုမှာလည်း ဤသို့ဆံပင်ပုံစံမျိုးကို တွေ့ရသည်[၁၂] ဇာတာမကုဋ်ခေါ် ဆံစုမကိုဋ်ဟု ဆိုနိုင်ပေသည်။ ဥပသကာမှာ လက်အုပ်ချီလျက် မဟုတ်ပဲ ညာဘက်လက်ကို ခြေထောက်ပေါ်တွင် တင်ထားပြီး ဘယ်လက်ကို ကွေးကာ ရင်ဘတ်ထိ ရောက်အောင်မြှင့်ထားသည်။

ဤရုပ်ထုများ၏ အချိုးအစားနှင့် ဟန်အနေအထားမှာ သမရိုးကျမဟုတ်ပဲ ပကတိသဘာဝအချိုးအစား အနေအထား အတိုင်းထိုင်လျှက်တွေ့ရသော်လည်း သဘာဝကို ဦးစားပေးသော ဂန္ဓာရအနုပညာကဲ့သို့ ကိုယ်၏ ကြွက်သားများ၊ ဆံပင်များကိုမူ ဖော်ထုတ်ထားခြင်း မရှိချေ။ ဤရုပ်ကြွသည် အိန္ဒိယနှင့် အရှေ့တောင်အာရှအနုပညာတွင် တမူထူးခြားနေပြီး အလားတူလက်ရာမျိုးကို မည်သည့်နေရာတွင်မှ မတွေ့ရသေးချေ။

ဤရုပ်ကြွ၏အဓိပ္ပါယ်နှင့်ပတ်သက်၍ အလွယ်ဆုံးနှင့် ဆိုရလျှင် မဟာမြတ်မုနိအစဉ်အလာကို အခြေခံထုလုပ်ထားသည်ဟူ၍ပင် ဆိုရပါလိမ့်မည်။ ဒုတိယဓညဝတီခေတ် စန္ဒသူရိယမင်းလက်ထက်တွင် မြတ်စွာဘုရားသခင်ကြွလာတော်မူပြီး မင်းကြီးကို တရားဟောနေဟန်ဟု ယူဆနိုင်ပါသည်။ ယင်းသို့ကြွရောက်ခဲ့သည်မှာ အကယ်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကြွရောက်ခဲ့သည်ဟူသော အယူအဆသည် ယခုရုပ်ကြွကို ထုလုပ်ခဲ့သောကာလပင် စွဲမြဲယုံကြည်နေကြသော အယူအဆဖြစ်သည်ဟု ယူဆမိပါသည်။

ထုလုပ်သည့် ရုပ်ကြွ လွန်စွာမို့မောက်ကာ ရုပ်လုံးနီးပါးရှိနေခြင်းသည် မဟာမြတ်မုနိကုန်းပေါ်ရှိ ကျောက်ရုပ်များနှင့် တူညီနေသည်။ ဆံပင်ရစ်ခွေပုံနှင့် ဒူးမြှင့်ထိုင်ပုံချင်းလည်း အလားတူကိုက်ညီနေခြင်းတို့ကြောင့် ဤရုပ်ကြွသည်လည်း

---

၁၁။ မြ၊ ဦး၊ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ဒုတိယတွဲ၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၁၊ပုံ(၄၀)နောင်တွင် ဤစာအုပ်ကို မြ၊ အုတ်ခွက်ရုပ်ပွား ဟု ညွှန်းမည်)။

၁၂။ ယခုဤကျောက်ချပ်သည် ဟန်လင်း ရေပူကုန်းရပ် မြသိန်းတန်ကျောင်းတွင် ရှိပါသည်။ အခြေပြုမြန်မာ့နိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ ရန်ကုန်မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ စာပေဗိမာန်၊ ၁၉၇၀၊ စာ-၁၇၇။(နောင်ဤစာအုပ်ကို အခြေပြုသမိုင်း ဟု ညွှန်းမည်)။ဤကျောက်ချပ်တွင် ၂ ပိုင်းပါရှိပြီး အထက်ပိုင်း၌ထိုင်နေသောအရုပ်ကြီး ၁ခုပါရှိသော်လည်း ပျက်စီးသွားပြီဖြစ်၍ မည်သည့်အရုပ်ဟု မသိရှိနိုင်တော့ပါ။ ယင်း၏အောက်ခြေတွင် လက်အုပ်ချီ ရှစ်ခိုးလျှက် အရုပ် ၅၀ ခန့်ကို၃ တန်း ဖော်ပြထားရာ တချို့မှာ မကိုဋ်ဆောင်းထားပြီးကျန်တချို့ မှာ ဆံပင်ကို ခွေထားပါသည်။ Aung Thaw, Historical Sites in Burma, Rangoon, 1972, Fig at P. 13. (Hereafter this work will be cited as Historical Sites,)ဤပုံများတွင် ပါသော ဆံခွေမျိုးသည် ယခုအရုပ်မှ တရားနာနေသူ ဥပသကာ၏ဆံခွေနှင့် သဘောချင်းတူညီပါသည်။

မဟာမြတ်မုနိရုပ်ကြွများနှင့် ခေတ်ပြိုင်လက်ရာ တစ်ခုပင်ဖြစ်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ မဟာမြတ်မုနိကုန်း အနောက်မြောက်ထောင့်ရှိ ကျောက်ရုပ်တစ်ခု၏ အောက်ခြေမှ စာ၏လက်ရေးလက်သားကိုကြည့်၍ ခရစ်နှစ် ၅ ရာစုဟု ယူဆရကြောင်း အထက်အခန်း ၁ တွင် တင်ပြခဲ့သည့်အတိုင်း မှန်ကန်ပါလျှင် ဤလက်ရာများလည်း ယင်းကာလလောက်ပင် ဖြစ်နိုင်ပါသည်။ ဗုဒ္ဓရုပ်ပွားတော်၏ သက်န်းစသည် ပုခုံးပေါ်မှ တွန့်ခွေပြီး အောက်သို့ကျနေခြင်းက အနည်းငယ်နောက်ကျသည့် သဘောဟု ယူဆလိုက ရနိုင်၏။ သို့သော် ဤအချက်တစ်ခုမှလွဲ၍ ကျန်လက္ခဏာအားလုံးကို ခြုံငုံသုံးသပ်ကာ အထက်ပါအတိုင်း ခန့်မှန်းရခြင်းဖြစ်ပါသည်။

### ပုံ(၂)
### ဝေသာလီလက်ခတ်တောင်မှ ဗုဒ္ဓမဏိတော်

| | | |
|---|---|---|
| ယခုနေရာ | - | ဝေသာလီလက်ခတ်တောင် |
| မူလနေရာ | - | ဝေသာလီလက်ခတ်တောင် |
| အရွယ်အစားအမြင့် | - | ၁၂ လက်မခန့် |
| ပစ္စည်းအမျိုးအစား | - | သဲကျောက် |

ခန္ဓာကိုယ်လုံးဝမရှိတော့ဘဲ ဦးခေါင်းပိုင်းကိုသာ တွေ့ရသည်။ အမိုးအကာမရှိဘဲ စွန့်ပစ်ထားသလိုဖြစ်နေ၍ ရာသီဥတုတိုက်စားမှုကြောင့် ပွန်းပဲ့ပျက်စီးနေပြီးဖြစ်သော်လည်း အနုပညာလက်ရာကို ခန့်မှန်းနိုင်သောအခြေတွင် ရှိသေးသည်။ ဆံပင်များမှာ ခရုပတ်ခွေများဖြစ်ပြီး ဥဏှိသသည် ကျိုးပဲ့သွားပြီဖြစ်သော်လည်း ကျန်ရှိသေးသမျှ အောက်ခြေကိုကြည့်၍ ခန့်မှန်းရသော် လွန်စွာမိုမောက်မည့်ဟန် မရှိပါ။ နားရွက်မှာလည်း ပါးလုပ်သေသပ်ကာ များစွာရှည်လျားခြင်းမရှိပဲ ပါးစောင်အထိသာ ကျဆင်းနေသည်။ ပါးပြင်နှင့် မေးတို့ကို ပီပြင်ပြတ်သားသော မျဉ်းဖြင့် တိတိကျကျ ဖော်ပြထားခြင်းကို တွေ့ရသည်။ မျက်နှာတော်မှာလည်း ပြည့်ဖြိုးလျှက်ရှိပြီး ပွမ်းပဲ့နေသော နှုတ်ခမ်းတော်အစုံသည်ပင် မသိမသာပြုံးရိပ်သန်းနေသည်။ တုတ်ခိုင်သော လည်ပင်းရှိပြီး တြိဝလိအရစ်များကို ကောင်းစွာ တွေ့မြင်ရသေးသည်။ ခန္ဓာကိုယ်ပိုင်းကို မတွေ့မြင်ရသော်လည်း ဤမျက်နှာတော်၏ဟန်ပန်များကို ကြည့်ရုံဖြင့် အိန္ဒိယပြည် ဂုပ္တလက်ရာနှင့် များစွာ နီးစပ်နေသည်ကို သတိပြုနိုင်သည်။ အနုပညာသမိုင်း ပညာရှင် ကုမာရဆွာမိက-

> ဂုပ္တခေတ်အစောပိုင်း ဗုဒ္ဓဆင်းတုများသည် အထူးအဆင့်မြင့်လာပြီး ဤဂန္ဓဝင်ပုံစံများသည်ပင် နောင်လာမည့် အိန္ဒိယနှင့် အိန္ဒိယအပြင်ဒေသလက်ရာများအတွက် ရေသောက်မြစ်သဖွယ် ဖြစ်သည်။ . . . ဂုပ္တခေတ်ပုံစံ၏ ထူးခြားသောလက္ခဏာရုပ်များကား ပီပြင်ပြတ်သားသော မျဉ်းများဖြင့် တိတိကျကျသရုပ်ဖော်ခြင်း၊ ကောက်ကွေးသော ဆံပင်ရှိခြင်း၊ ဥဏ္ဏာလုံမွေးရှင်တော်မပါရှိခြင်း၊ မုဒြါများပိုမိုများပြားလာခြင်း၊ လက်ရာမြောက်စွာ ချယ်မှုံထားသည့် ရောင်ခြည်တော်စက်ပန်းပါရှိခြင်း၊ သက်န်းကို ပုခုံးတစ်ဖက်သို့မဟုတ် နှစ်ဖက်လုံး ရုံ၍ပါးလုပ်ခြင်း . . . စသည်တို့ဖြစ်သည်။[၁၃]

ဟုဆိုသည်။ ယခုဆင်းတုတော်တွင် မုဒြါနှင့်သက်န်းရုံပုံ ကိုယ်ဟန်အနေအထား စသည်တို့ကို မတွေ့ရတော့သော်လည်း အထက်တွင် ဖော်ပြခဲ့သည့်လက္ခဏာတော်တော်များများသည် ဂုပ္တဟန်နှင့်နီးစပ်နေသည်။ ထို့ကြောင့် ခရစ်နှစ် ၅ ရာစုဝန်းကျင်ခန့်က လက်ရာဖြစ်နိုင်ပါသည်။

### ပုံ(၃)
### သကျံစ်တော်တောင်မှထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်

| | | |
|---|---|---|
| ယခုနေရာ | - | မြို့ဟောင်းပြတိုက် |
| မူလနေရာ | - | ဝေသာလီအနီးရှိသကျံစ်တော်တောင် |
| အရွယ်အစား | - | အမြင့် ၁ ပေ၊ ၃ လက်မခန့် |
| ပစ္စည်းအမျိုးအစား | - | သဲကျောက် |

မျက်နှာတော်နှင့် နောက်ခံကျောက်ချပ်အပေါ်ပိုင်း ပျက်စီးသွားပြီဖြစ်သော်လည်း အသေးစိတ်လက်ရာ အတော်များများ ကျန်ရှိနေသေးသည်။ ဗုဒ္ဓဆင်းတုတော်သည် ဈာနာမုဒြာနှင့် ပလ္လင်ကာသနတို့ဖြင့် စံပယ်တော်မူနေသည်။ ခြေချောင်းလက်ချောင်းတို့မှာ အသီးသီး အရှည်ချင်းတူညီကြပြီး ထူးခြားသည်မှာ ခြေဖဝါး လက်ဖဝါးတို့ကို ရှေ့တည့်တည့်မှ မြင်တွေ့နိုင်ခြင်းပင်ဖြစ်သည်။ ပြည့်ဖြိုးသော မျက်နှာတော်၊ ပါးလုပ် သော နားရွက်နှင့် ကျယ်ပြန့်သောပခုံးတို့က ဂုပ္တအနုပညာ၏ ဩဇာရိပ်မကင်းသေးဟန်ကို ဖော်ပြနေသည်။ သို့သော် ခန္ဓာကိုယ်အချိုးအစားအားဖြင့် အလုံးနှင့် အရပ်ကို

---

၁၃။ Coomaraswamy, Ananda K.., History of Indian and Indonesian Art, New York, Dover Publications Inc., 1965, P. 74. (Hereafter this work will be Cited as Coomaraswamy, HIIA.).

နှိုင်းယှဉ်ကြည့်သော် သွယ်သွယ်လျလျမရှိဘဲ တိုတုတ်သည့်အသွင်ကို ဆောင်နေခြင်းက ဒေသအတွင်း မူပိုင်ဟန်ကို ဖော်ပြခြင်းပင်ဖြစ်သည်။ သင်္ကန်း၏လက္ခဏာကို လည်ပင်းမှ တြိဝလိနှင့် ခါးအရစ်မှလွဲ၍ မတွေ့ရချေ။ ဤဆင်းတုတော်ကဲ့သို့ ခြေဖဝါးလက်ဖဝါးတို့ကို ရှေ့တည့်တည့်မှ မြင်ရအောင် ထုလုပ်ခြင်းကို ပျူဆင်းတုတော်များဖြစ်ကြသည့် သရေခေတ္တရာ ခင်ဘကုန်းမှ ရရှိသော ဓာတ်တော်ကြုတ်မှ ဆင်းတုတော်[၁၄] တွင် မှော်ဇာမထောရွာရှင်ကန်ကုန်းတောင်ဖက်ကုန်းတကုန်းမှ ရရှိသော ဆင်းတုတော်[၁၅] တို့တွင်လည်း တွေ့မြင်နိုင်သည်။ ဤအစဉ် အလာကို သရေခေတ္တရာပျူနှင့် ခေတ်ဦးရခိုင်ပန်းပုပညာသည်တို့သည် ဒွါရာဝတီမှ တဆင့်လက်ခံရရှိခဲ့ကြဟန်တူသည်။ ဒွါရာဝတီမှ ဆင်းတုတော်တစ်ဆူမှာလည်း အလားတူ တွေ့မြင်ရသည်။[၁၆] ထို့ကြောင့် ဒွါရာဝတီသည် ထေရဝါဒဗုဒ္ဓသာသနာ ကို သရေခေတ္တရာနှင့် ခေတ်ဦးရခိုင်တို့သို့ ဖြန့်ဖြူးခဲ့သည်ဆိုသော အဆိုကို ဤအချက်ကလည်း ထောက်ခံလျှက် ရှိပါသည်။

ပလ္လင်တော်မှာ ပွင့်ချပ်တထပ်သာပါရှိသော ပဒုမ္မာသနပလ္လင်ဖြစ်သော်လည်း၊ များစွာပီပြင်ပေါ်လွင်ခြင်း မရှိလှချေ။ ဆင်းတုတော်၏ နောက်မှ မကရ်း ကောင်တဘက်တကောင်စီပါရှိပြီး ယင်း၏ဘေးတွင် သားမြီးယပ်ကိုင်လျှက် မတ်တတ်ရပ်နေသော အရုပ်တစ်ခုစီ ပါရှိသည်။ ဤအပြင်အဆင်မျိုးကို သရေခေတ္တရာတွင်လည်း တွေ့ရပါသည်။ ဤဆင်းတုတော်ကို စတင်တွေ့ရှိရာနေရာသည် ခရစ် ၆ ရာစုလက်ရေးဖြင့် ရေးသားထားသော ကြေးနီပြား ရရှိခဲ့သည့်နေရာပင်ဖြစ်သည်။

### ပုံ(၄)

### စာပါသော ဆင်းတုတော်အောက်ပိုင်း

ယခုနေရာ - မြောက်ဦးပြတိုက်
မူလနေရာ - ဝေသာလီ
အရွယ်အစား - အမြင့် ၁၀ လက်မခန့်
ပစ္စည်းအမျိုးအစား - သဲကျောက်

ဤအထောက်အထားမှာ အောက်ခြေတွင် ပါရှိသော စာကပို၍ အရေးပါသောကြောင့်သာ ထည့်သွင်းတင်ပြရခြင်း ဖြစ်ပါသည်။ ဆင်းတုတော်၏ အနုပညာလက်ရာကိုကား မည်သို့မျှမခန့်မှန်းနိုင်သလောက် ဖြစ်ပါသည်။ ဝီရာသနဖြင့် စံပယ်တော်မူသော ခြေတော်အစုံနှင့် ဘယ်လက်ဖျံမှလွဲ၍ ဆင်းတုတော်မှာ လုံးဝပျက်စီးသွားပြီးဖြစ်သည်။ သို့သော် ယင်းကျန်ရှိသမျှ အစိတ်အပိုင်းကို ကြည့်ပြီး များစွာချယ်လှယ်ထားခြင်းမရှိ၊ အသေးစိတ်သရုပ်ဖော်ထားမှုမရှိကြောင်း တွေ့ရသည်။ ဘယ်ခြေပေါ်သို့ ညာခြေကိုထပ်၍ တင်ထားဟန်မှာ အနားပြိုင်စတုဂံကို ဒေါင့်ဖြတ်မျဉ်းဆွဲထားသလို တိတိကျကျဖြစ်နေသည်။ ညာခြေထောက်ပေါ်မှ မြေကြီးသို့ ညွှန်းထားသော လက်ဝါးကို မတွေ့ရခြင်းကြောင့် ဘူမိဖဿမုဒြာလုံးဝမဖြစ်နိုင်ချေ။ ပလ္လင်တော်မှာလည်း မွမ်းမံချယ်လှယ်မှုမရှိဘဲ ရိုးသားရှင်းလင်းသည်။ အဆင့်ဆင့်သဘောကို ဖောင်းရစ်များဖြင့် ဖော်ပြထားပြီး အောက်ဆုံးတွင် စာနှစ်ကြောင်းပါရှိသည်။ ပထမစာကြောင်းမှာ ယေဓမ္မဂါထာတော်၏ အစိတ်အပိုင်းဖြစ်ပြီး ဒုတိယစာကြောင်းမှာ အလှူမှတ်တမ်းဖြစ်ဟန်ရှိသော်လည်း ဖတ်ရှု၍ ကောင်းစွာမရနိုင်တော့ပါ။ လက်ရေးလက်သားကို ကြည့်၍ ပြီတိစန္ဒြ(၅၇၈ ၅၉၀)မင်းအမည်ပါ ဒင်္ဂါး၏လက်ရေးနှင့် နီးစပ်သည်ဟု သိရပါသည်။[၁၇] ထို့ကြောင့် လက်ရာတူဆင်တူများကို ခုနှစ်ခန့်မှန်းရာတွင် လွန်စွာအထောက်အကူဖြစ်ပါသည်။

### ပုံ(၅)

### နောက်ခံပါ ဘူမိဖဿဆင်းတုတော်အောက်ပိုင်း

ယခုနေရာ - လက်ခတ်တောင်ဘုန်းကြီးကျောင်း၊ ဝေသာလီ
မူလနေရာ - ၎င်း
အရွယ်အစား - အမြင့် ၆. ၃လက်မခန့်
ပစ္စည်းအမျိုးအစား - သဲကျောက်

ခါးလယ်လောက်မှပြတ်၍ အထက်ပိုင်းကို မတွေ့ရတော့ပါ။ ဆင်းတုတော်သည် ဘူမိဖဿမုဒြါပလ္လင်ကာသနဟန်တို့ဖြင့် စံပယ်လျှက်ရှိသည်။ လက်ချောင်းခြေချောင်းတို့ကို ဖော်ပြထားသော်လည်း အသေးစိတ်ခြယ်မှုန်းရန် ကြိုးစားထားခြင်းမရှိချေ။ ခြေဖဝါးနှင့် လက်ဖဝါးတို့ကို ရှေ့တည့်တည့်မှ ဖြစ်နိုင်အောင် ထုလုပ်ထားသည်။ ပုံ(၃)တွင် တင်ပြခဲ့သည့်အတိုင်း ဒွါရာဝတီဟန်ပင်ဖြစ်သည်။ အထူးသဖြင့် ဤပုံသည် ပုံ(၃)နှင့် များစွာ တူညီနေပါသည်။ မုဒြါချင်းမတူသော်လည်း ဘယ်လက်

---

၁၄။ <u>Historical Sites,</u> P 29.

၁၅။ မြ၊ <u>အုတ်ခွက်ရုပ်များ</u>(ဒု)၊ ပုံ-၁၇။

၁၆။ Griswold, A.B., <u>Dated Buddha Images of Northern Siam,</u> Ascona, Switzerland, Artibous Asiae, MCMLVII, P. 19. fig.1

၁၇။ Gutman, "Ancient Arakan", P. 119.

**ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဆင်းတုတော်များကို P-၁၂ သမိုင်းရှုဒေါင့်မှလေ့လာချက် (မြောက်ဦးခေတ်အထိ)** ကျော်ဇံသာ

ကို ရင်ခွင်တွင် တင်ထားဟန် ခြေထောက်ချင်း ထပ်တင်ထားသည်က စပြီး ကိုယ်ခန္ဓာအချိုးအစားများပါ တူညီနေသည်။ ပလ္လင်တော်ကို ဤဆင်းတုတွင် မည်သို့မျှ ခြယ်မှုံးထားခြင်းမရှိချေ။ သို့သော် ပုံ(၃)ပါ ဆင်းတုကဲ့သို့ပင် ခပ်ဝိုင်းဝိုင်းထွင်းထား သည်ကို တွေ့ရပါသည်။ ဆင်းတုတော်၏နောက်တွင် စင်းလုံးချော နောက်ခံပြင် ပါရှိသဖြင့် မဟာမြတ်မုနိနတ်ရုပ်တို့၏ အစဉ်အလာကို တွေ့မြင်နေရဆဲဖြစ်ပါသည်။

**ပုံ(၆)**

**ဓမ္မစကြာမုဒြာကျောက်ဆင်းတုတော်**

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးပြတိုက် |
| မူလနေရာ | - | ဝေသာလီလက်ခတ်တောင် |
| အရွယ်အစား | - | အမြင့် ၁၃.၈ လက်မ |
| ပစ္စည်းအမျိုးအစား | - | သဲကျောက် |

မျက်နှာတော်နှင့် ညာဒူးတို့ပွဲ့နေပြီ ဖြစ်ပါသည်။ မပျက်မစီးကျန်သော အစိတ်အပိုင်းများကို လေ့လာသောအခါလည်း မူလကပင် အနုစိတ်ခြယ်မှုံးရန် ကြိုးစားခဲ့ဟန် မတူချေ။ လက်ချောင်းခြေချောင်းတို့ကိုပင် အသေးစိတ်ထုလုပ်ထားခြင်းမရှိချေ။ ဓမ္မစကြာမုဒြါနှင့် ပလ္လင်ကာသနဟန်တို့ဖြင့် စံပယ်လျှက်ရှိသည်။ ဓမ္မစကြာမုဒြါတွင် လက်အစုံသည် အောက်သို့အတန် နိမ့်ကာ ညာလက်ဖျံသည် ရင်ခွင်နှင့်ထိနေသကဲ့သို့ ဖြစ်နေသည်။ ခါးသိမ်ပြီး ရင်အုပ်ကျယ်ကာ သင်္ကန်းလုံးဝမပါရှိချေ။ ဥက္ကောင်း၏နောက်တွင် ဝိုင်းစက်သော ရောင်ခြည်တော် စက်ဝိုင်းပါရှိသည်။ ဤအချက်များက ဂုပ္တခေတ်အခြေခံများကို ယူထားဟန်တူပါသည်။[၁၈] သို့သော် လက်များအောက်သို့ နိမ့်နေခြင်းသည် ဂုပ္တဟန်နှင့် ခြားနားလျှက်ရှိသည်။ ပလ္လင်တော်ကို သီးသန့်ဖော်ပြမထားဘဲ မဟာမုနိကျောက်ရုပ်များကဲ့သို့ ရှေ့မျက်နှာပြင်မှ အမြင့်လိုသလောက်နေရာတွင် တိ၍ဆင်းတုကို တဘက်တည်း ထုလုပ်ထားသည်။

**ပုံ(၇)**

**စမ္မခဏ်၌ စာပါသော ကြေးဆင်းတုတော်**

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးပြတိုက် |
| မူလနေရာ | - | ဝေသာလီ |
| အရွယ်အစား | - | အမြင့် ၈.၃ လက်မခန့် |
| ပစ္စည်းအမျိုးအစား | - | ကြေး |

လက်ရာများမှာ မသေသပ်လှချေ။ ဦးခေါင်းပိုင်းလည်း မပါရှိတော့ချေ။ ယေဘုယျအချိုးအစားမှာ ကိုယ်ခန္ဓာ သေးသွယ်ပိန်းပါးပြီး အောက်ပိုင်းပိုမိုမြဲမြံသည်ကို တွေ့ရသည်။ တနည်းအားဖြင့် အောက်ပိုင်းပိုရှည်သည်ဟု ထင်ရသည်။ လည်ပင်းတွင် သင်္ကန်းရစ်ပါရှိပြီး ညာဘက်ရင်အုံကို လှပ်ကာဘယ်ပုခုံးနှင့် ညာခါးတို့ကို ဆက်၍ သင်္ကန်းပုံအရစ်ဖော်ထားသည်။ သို့သော် ဤအရစ်များသည် ဆင်းတုတော်ကို မူလကသွန်းလုပ်စဉ်ကပင် ပါဟန်မတူပဲ သွန်းပြီးမှ နောက်ထပ်အရစ်ဖော်ထားခြင်းဖြစ်ဟန်တူပါသည်။ ဆင်းတုတော်၏ လက်ျာဘက်လက်သည် ဘူမိဖဿမုဒြါဖြင့် ရှိပြီးလက်ဝဲဘက်လက်သည် ရင်ခွင်တွင်ရှိကာ အမြိုက်အိုးကို လက်ဝါးတွင် တင်ထားသည်။ခြေထောက်သည် ဝဇီရာသနဖြစ်သော်လည်း မပီပြင်လှပါ။ တွေ့မြင်ရသမျှ လက်ချောင်းများမှာ အရှည်တညီတညွတ်တည်းရှိနေသည်။ ပလ္လင်ကို မည်သို့မျှ မွမ်းမံထားခြင်းမရှိသော်လည်း စာလုံးအရွယ်ကြီးကြီးဖြင့် စာတကြောင်း ရေးထိုးပါရှိသည်။ ဤစာတမ်းမှာ လုံးဝနီးပါးဖတ်မရနိုင်သလောက်ဖြစ်နေသော်လည်း ပထမဆုံးစာလုံးမှာ "ယေ"ဖြစ်ပြီး ၆ ရာစု ဒုတိယပိုင်းလက်ရေးဖြစ်သည်ဟု သိရပါသည်။[၁၉]

**ပုံ(၈)**

**မဏိတော်မဲ့ ဘူမိဖဿကျောက်ဆင်းတုတော်**

| | | |
|---|---|---|
| ယခုနေရာ | - | ဝေသာလီလက်ခတ်တောင်ဘုန်းတော်ကြီးကျောင်း |
| မူလနေရာ | - | ယင်း |
| အရွယ်အစား | - | ပလ္လင်အမြင့် ၅ လက်မ၊ ဥဏှိတော် (ပုခုံးထိ) ၁၃ လက်မ |
| ပစ္စည်းအမျိုးအစား | - | သဲကျောက် |

ခေါင်းပိုင်းမရှိတော့ချေ။ ဘူမိပါသမုဒြာနှင့် ဝီရာသနဖြင့် စံပယ်လျှက်ရှိသည်။ လက်ချောင်းများ အရှည်တညီတည်းရှိပြီး မြေကြီးကို သိသိသာသာထိနေသည်။ အသေးစိတ်ခြယ်မှုံးရန် ကြိုးစားခြင်းမရှိချေ။ ခြေထပ်၍ တင်ထားဟန်မှာ

---

၁၈။ Coomaraswamy, HIIA, P. 74.

၁၉။ Gutman, "Ancient Arakan" , P. 120.

**ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဆင်းတုတော်များကို P-၁၃ သမိုင်းရှုဒေါင့်မှလေ့လာချက် (မြောက်ဦးခေတ်အထိ)** ကျော်ဇံသာ
ပုံ(၃)တွင် တွေ့ခဲ့ရသည့်ဟန်မျိုးပင်ဖြစ်သည်။ ပလ္လင်မှာမူ အထက်တွင် တွေ့ခဲ့ရသည့်ပုံစံမျိုးနှင့် မတူတော့ပဲ ထူးခြားလာသည်။ ၅ လက်မခန့်မြင့်သော ပလ္လင်သည် ခါးလယ်တွင် စည်းလျှက်ရှိပြီး အထက်နှင့်အောက်သို့ ပြေပြစ်စွာ ပြန့်ကားသွားသည်။ ဤပလ္လင်မျိုးကို နောက်ပိုင်းတွင် အမြောက်အများ တွေ့ရှိရလာပါသည်။ ဤကဲ့သို့ ရိုးရိုးသာမက မွမ်းမံချယ်လှယ်မှု အမျိုးမျိုးဖြင့် လှပဆန်းကြယ်စွာ ပြုလုပ်လာကြသည်။ ဤဆင်းတုတော်သည် ပုံ(၂)တွင် တင်ပြခဲ့သော ဗုဒ္ဓမဏိတော်နှင့် တနေရာတည်းတွင် တွေ့ရှိရခြင်း၊ ကျောက်အမျိုးအစားတူညီခြင်း၊ ရာသီဥတုခြေဖျက်၍ ပွမ်းပဲမှုတပုံစံတည်းဖြစ်နေခြင်းတို့ကြောင့် အဆိုပါမဏိတော်ကဲ့သို့ ခရစ်နှစ် ၅ ရာစုခန့်ဟု ယူဆရရုံကလွဲ၍ ပိုမိုတိကျအောင် ခုနှစ်ခန့်မှန်းရန် မလွယ်ကူတော့ချေ။

## ပုံ(၉)
## ဘူမိဖဿမုဒြာကျောက်ဆင်းတုတော် သုံးဆူတွဲ

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးပြတိုက် |
| မူလနေရာ | - | ဝေသာလီနန်းရာ၏ အရှေ့ဘက်စေတီပျက်တဆူ |
| အရွယ်အစား | - | အမြင့် ၆.၃ လက်မ၊ ၆.၅ လက်မ၊ ၁၀.၇ လက်မအသီးသီး |
| ပစ္စည်းအမျိုးအစား | - | အဖြူရောင် သဲကျောက် |

ဤပုံ(၉)တွင် ဗုဒ္ဓဆင်းတုတော် (၃)ဆူပါဝင်သည်။ အားလုံးမှာ ဘူမိဖဿမုဒြာနှင့် ဝီရာသနဖြင့် ထုလုပ်ထားသော လက်ရာတူဆင်းတုများဟု ဆိုနိုင်ပါသည်။ ဆင်းတုတော်များ၏ ခေါင်းပိုင်းများသည် ခန္ဓာကိုယ်များအတွက် လိုအပ်သော အချိုးအစားထက်ကြီးနေသည်ကို တွေ့ရသည်။ အထူးသဖြင့် အကြီးဆုံးနှင့် ဆင်းတုတော်အလတ်တို့မှာ ဤသဘောကို တွေ့ရသော်လည်း အငယ်ဆုံးဆင်းတုတော်တဆူမှာကား များစွာ မသိသာလှချေ။ သုံးဆူစလုံးတွင် ကတော့ချွန်သဏ္ဍာန် ဥဏှိသပါရှိပြီး ဆံပင်ကို ပုံဖော်ထားခြင်း လုံးဝမရှိပါ။ အကြီးဆုံးဆင်းတုတော်၏ ဥဏှိသကား နှစ်ဆင့်ဖြစ်နေသည်။ ကြီးမားကျယ်ပြန့်ပြီး ပြားချပ်သော နားတော်အစုံတို့သည် ပုခုံးသို့တိုင်အောင် ရှည်လျားကြသည်။ ကွေ့ဝိုက်ရှည်လျားသော မျက်ခုံးများနှင့် ကြီးမားသော မျက်လုံးတော်များကို ဆင်းတုတော်အလတ်တွင် ထင်ရှားစွာ တွေ့ရသော်လည်း အကြီးဆုံးနှင့် အငယ်ဆုံး ဆင်းတုတော်တို့တွင်ကား ထိုကဲ့သို့ မကြီးမားလှချေ။ မျက်လွှာလုံးဝချထားသဖြင့် မျက်လုံးများ မှိတ်ထားသည်ဟု ထင်ရပါသည်။ နှာခေါင်းများလည်း ကြီးမားရှည်လျားကြသည်။ လည်ပင်းတွင် တြိဝလီခေါ် အရစ်များကို အသီးသီးပေါ်လွင်အောင် ထုလုပ်ထားသည်မှလွဲ၍ သင်္ကန်းပုံကို ဖော်ထုတ်ထုလုပ်ထားခြင်းလုံးဝ မတွေ့ရချေ။ ကိုယ်ခန္ဓာသည် ပြားချပ်ညီညာလျှက်ရှိပြီး ရင်ဘတ်ကဲ့သို့ မလွဲမသွေမို့မောက်နေရမည့် နေရာမျိုးတွင် မသိမသာ မို့မောက်ရုံသာရှိသည်။ လက်ချောင်းများမှာလည်း များသောအားဖြင့် အရှည်တူကြသည်။ သို့သော် အကြီးဆုံးဆင်းတု၌ အနည်းငယ်ကွဲပြားသည်။ အကြီးဆုံးနှင့် အငယ်ဆုံးတို့တွင် ညာလက်တို့သည် မြေကြီးကို ထိထိမိမိမရှိကြသော်လည်း အလတ်ဆင်းတုတော်မှာကား ညာလက်မြေသို့ မထိချေ။ ဤကဲ့သို့ တလက်ရာတည်းဖြစ်လင့်ကစား ယခုကဲ့သို့ ကွဲပြားချက်များ ရှိနေသည်ကို ထောက်သော် ဤရုပ်ထုများ ထုလုပ်သော ပန်းပုဆရာသည် ကောင်းစွာလက်မကျသေးဟု ခန့်မှန်းရပါသည်။ ပလ္လင်တို့သည်လည်း တစ်ခုနှင့်တစ်ခုမတူကြချေ။ အကြီးဆုံးပလ္လင်မှာ ပုံ(၈)၏ပလ္လင်နှင့်တူပြီး အလတ်ပလ္လင်ကား အလယ်မှဖောင်းရစ်တစ်ခုအပို ပါရှိသည်။ အငယ်ဆုံး ဆင်းတု၏ပလ္လင်သည် ပုံ(၇)နှင့်တူသည်ဟု ဆိုနိုင်သော်လည်း ပို၍မြင့်နေသည်။

မျက်နှာပုံပန်းများမှာလည်း တစ်ပုံစံတည်းမဟုတ်ပဲ တပါးတမျိုးစီ ဖြစ်နေသည်။ အငယ်ဆုံးတပါးကို သီးခြားခွဲထုတ်၍ လေ့လာသောအခါ မျက်နှာပုံပန်းသဏ္ဍာန်သည် မျက်ခုံးမို့မို့၊ မျက်လုံးကျဉ်းကျဉ်း၊ နှာခေါင်းပြားပြားနှင့် တရုတ်ဟန်ဖြစ်နေသည်။ ဝေသာလီလက်ရာများပင် ဖြစ်သော်လည်း ဤခေတ်ဦး ရခိုင်ကာလက တရုတ်နှင့် ဆက်သွယ်မှုရှိလေမည်လားဟု တွေးလိုကလည်း တွေးစရာဖြစ်၏။ ချောမွတ်သော ဆံပင်နှင့် ရှည်လျားကျယ်ပြန့်သော နားရွက်အစုံတို့သည် ၅ ရာစု ၆ ရာစုတရုတ်ပြည် ယွန်ကန်ဂူရှိ ဗုဒ္ဓဆင်းတုတော်များမှာလည်း တွေ့ရှိရသည်။[၂၀] ဤဒေသသည် ရခိုင်ဝေသာလီနှင့် ဝေးကွာလှသော်လည်း တရုတ်ခရီးသွား ဘုရားဖူးများမှတဆင့် ဆက်သွယ်မှုရှိနိုင်ကြောင်း ဂတ်တမင်က ဆိုထားသည်။[၂၁] သို့သော် အထက်တွင် တင်ပြခဲ့သလို ပန်းပုဆရာ၏လက်မမှန်သေးမှုကြောင့် တိုက်တိုက်ဆိုင်ဆိုင်တူညီသွားခြင်းသာ ဖြစ်မည်ဟု ယူဆသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤဆင်းတုတစ်ခုတည်း၏ မျက်လုံးတော်တစ်စုံမျှဖြင့် တရုတ်နှင့်ဆက်သွယ်မှု ရှိခဲ့ကြောင်း ကောက်ချက်ချရန် စောသေးသည်ဟု ထင်ပါသည်။

---

၂၀။ Terukazu Ariyama and Sahuro Matsuhara, Arts of China Buddhist Cave Temples: New Researches, (Tokyo, 1972)Pls. 107, 109; Cited "Ancient Arakan" , P. 244.

၂၁။ ''Ancient Arakan", P. 244.

## ပုံ(၁၀)

### ရပ်တော်မူကျောက်ဆင်းတု

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးပြတိုက် |
| မူလနေရာ | - | ဝေသာလီ |
| အရွယ်အစား | - | ဥာဏ်တော် ၁၀.၂ လက်မခန့် |
| ပစ္စည်းအမျိုးအစား | - | အဖြူရောင် သဲကျောက် |

ဤဆင်းတုတော်တွင် ဘယ်လက်သည် အဘယမုဒြါဟန်ဖြင့်ထားပြီး ညာလက်သည် ဝရဒမုဒြါဟန်အောက်သို့ ချလျှက်ရှိပါသည်။ ခြေတော်အစုံသည် ရှေ့တည့်တည့်သို့ ဦးတည်ကာ ဘေးသို့ကားခြင်းမရှိချေ။ သင်္ကန်းသဘောကို လည်ပင်း၊ လက်ကောက်ဝတ်၊ ခါးနှင့် ခြေချင်းဝတ်တို့တွင် အရစ်ဖြင့် ဖော်ပြထားသည်။ သင်္ကန်းအောက်မှ ခန္ဓာကိုယ်အချိုးအဆစ်များကို အတိုင်းသားတွေ့မြင်နေရသည်။ နောက်ခံတံတဲကို ပုခုံး၏အပေါ်ပိုင်းမှစ၍ ပန်းနွယ်ကနုတ်များဖြင့် ဘောင်ခတ်ဖော်ပြထားပြီး အောက်ပိုင်းတွင် ပြန့်ကားနေသော သင်္ကန်းကို သရုပ်ဖော်ထားသည်။ ဤလက္ခဏာအားလုံးကို ခြုံကြည့်သောအခါ ဤအဆင်အပြင်မျိုးသည် ဂုပ္တခေတ်အဆင်အမြင်မျိုးပင် ဖြစ်ပါသည်။ အိန္ဒိယပြည် ဆာနာသ်[၂၂] ခေါ် မိဂဒါဝုန်တွင် တွေ့ရှိရသော အဆင်အပြင်မျိုးဖြစ်သည်။ သို့သော် အသေးစိတ်ဟန်များကား ယင်းဆာနာသ်လက်ရာနှင့် များစွာ ခြားနားလျှက် ရှိပြီဖြစ်သည်။ ဆာနာသ်လက်ရာများကား ဤရုပ်ထုနှင့်စာသော် သေးသွယ်သည်ဟု ဆိုနိုင်ပါသည်။ ဤရုပ်ထုသည် တိုတုတ်သည့် အသွင်ရှိခြင်းနှင့် မျက်နှာအသွင်အပြင်တို့က နာလန္ဒ[၂၃] လွှမ်းမိုးမှုကို ဖော်ပြနေသည်။ ထို့ပြင် လက်တစ်ဖက်ဖြင့် သင်္ကန်းစကို မထားခြင်းမရှိချေ။ အခြားဒေသမှ ရုပ်ထုများနှင့် မတူသည့် အချက်တစ်ချက်ကား အလားတူအခြားရုပ်တုတို့တွင် အဘယမုဒြါဟန်ကို ညာလက်ဖြင့် ပြကာ ဝရဒမုဒြါဟန်ကို ဘယ်လက်ဖြင့် ပြလေ့ရှိသော်လည်း ဤရုပ်တုမှာကား ယင်း၏ပြောင်းပြန်ဖြစ်နေသည်။ သင်္ကန်းအထွန့်အခေါက်ကို မဖော်ပြပဲ ပြည့်ဖြိုးသည့်ဟန်မျိုးကို နာလန္ဒ၌(၇) ရာစုနောက်ပိုင်းနှင့် (၈)ရာစုအစောပိုင်းတွင် တွေ့ရသည့်အတွက် ဤဆင်းတုတော်ကိုလည်း ယင်းတို့နှင့် ခေတ်ပြိုင်ဖြစ်လိမ့်မည်ဟု ယူဆနိုင်ပါ သည်။[၂၄]

## ပုံ(၁၁)

### မင်းဝတ်ကြေးဆင်းတုတော်

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးပြတိုက် |
| မူလနေရာ | - | ဝေသာလီ၊ သကျစ်တော်တောင်အရှေ့ဘက်စေတီပျက်တဆူ |
| အရွယ်အစား | - | ဥာဏ်တော် ၁ ပေ၊ ၄.၅ လက်မ |
| ပစ္စည်းအမျိုးအစား | - | ကြေး |

ဝေသာလီမှာ တွေ့ရှိရသည့် ဗုဒ္ဓဆင်းတုတော်များအနက် ထူးခြားသော ဆင်းတုတော်တစ်ဆူဖြစ်သည်။ မကိုဋ်လည်ဆွဲနှင့် နားဆွဲများပါရှိသည်ကို တွေ့ရသည်။ ဒေါက်တာသန်းထွန်းခေါ်သကဲ့သို့ မင်းဝတ်ဘုရားဟု ခေါ်ရမည်ဖြစ်သော်လည်း အမှန်အားဖြင့် ဤဆင်းတုတွင် မင်းဝတ်တန်ဆာအားလုံး စုံလင်စွာဝတ်ထားသည်ကို မတွေ့ရချေ။ ကိုယ်အထက်ပိုင်းဖြစ်သော ခေါင်းနှင့်လည်ပင်းထိသာ ဆင်ယင်ထားသည်ကို တွေ့ရသည်။ ဤသို့မင်းဝတ်တန်ဆာ တစ်ပိုင်းတစ်စသာ ဆင်ယင်ထားခြင်းသည်ပင် ရှေးဦးလက်ရာဖြစ်ကြောင်း ဖော်ပြနေသည်ဟု ပညာရှင်တို့က မှတ်ယူကြသည်။[၂၅]

ဤသို့ဘုရားဆင်းတုတော်များကို သင်္ကန်းအဖြစ် မကိုဋ်လည်ဆွဲစသည့် မင်းစိုးရာဇာ အဆောင်အယောင်များဖြင့် ထုလုပ်ခြင်းနှင့်ပတ်သက်၍ အယူအဆအမျိုးမျိုးရှိပါသည်။[၂၆] များသောအားဖြင့် ဤဆင်းတုတော်မျိုးကို ဇမ္ဗူပတိပုံတော်ဟု လူအများက သိထားကြပါသည်။ အဓိပ္ပါယ်မှာ ဘုရားလက်ထက်တော်က တန်ခိုးကြီးမား၍ မာနတက်နေသော ဇမ္ဗူပတိဆိုသူ မင်းတစ်ပါးအား ဘုရားရှင်က ချွတ်တော်မူခန်းကို ညွှန်းဆိုထုလုပ်သော ပုံတော်ဟူ၍ဖြစ်သည်။ သို့သော် ဇမ္ဗူပတိမင်းဝတ္ထုသည် နှောင်းခေတ်များတွင် ထွက်ပေါ်လာသော ဝတ္ထုသာဖြစ်၍ အထက်ပါအယူအဆ မှန်ကန်နိုင်ဖွယ်ရာ မရှိချေ[၂၇] ထို့ပြင်ဤမင်းဝတ်ဗုဒ္ဓဆင်းတုတော်များသည် မဟာယာနဂိုဏ်းဝင်တို့ ကိုးကွယ်သော ဗောဓိသတ္တရုပ်ပွားတော်များသာ

၂၂။ Sarnath

၂၃။ Nalanda

၂၄။ ဤပုံစံမျိုးမတ်ရပ်ဆင်းတုတော်များကို ပုဂံအာနန္ဒာစေတီတော်အတွင်းမှာ တွေ့ရှိရပါသည်။ OBEP, Pls 290 b,d, 295, 296 a နာလန္ဒမှ ဤအစဉ်အလာမျိုးသည် ရခိုင်မှတဆင့်ပုဂံသို့ရောက်ခဲ့ခြင်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။

၂၅။ သန်းထွန်း၊ နယ်လှည့်ရာဇဝင်(၁)၊ ရန်ကုန်၊ နံ့သာ၊ ၁၉၆၈၊ စာ-၉၄ (နောင် ဤစာအုပ်ကို သန်းထွန်း၊ နယ်လှည့်(၁)ဟု ညွှန်းမည်)။

၂၆။ ရခိုင်ဒေသအယူအဆကို နောက်ဆက်တွဲ(က)တွင်ရှု

၂၇။ မြ၊ ဦး၊ "ဇမ္ဗူပတိရုပ်ပွားဆင်းတုတော်ဖြစ်ပေါ်လာခြင်းအကြောင်း" နှစ်ချုပ်(၁၉၅၈-၅၉)၊ စာ-၃၀။

ဖြစ်သည်ဟူ၍လည်း တချို့က ယူဆထားကြပါသည်။ သို့သော် ဗုဒ္ဓဝင်ဖြစ်ရပ်အခန်းများနှင့် တွဲဘက်ကာ ဂေါတမမြတ်စွာဘုရား ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်းကိုလည်း ဤသို့မင်းဝတ်ပုံတော်အတိုင်း ထုလုပ်ထားသည်ကို တွေ့ရသဖြင့် ဤမင်းဝတ်ပုံတော်များသည် ဂေါတမမြတ်စွာဘုရားကိုလည်း ရည်စူးထားကြောင်း ထင်ရှားပါသည်။

ဤဆင်းတုတော်၏မကိုဋ်တွင် စေတီလုံးပုံသဏ္ဍာန်ရှိသည့် မဏိတော်ကို ပန်းခက်သဏ္ဍာန်ရှိသည့် အတက် ၅ ခုက ဝန်းရံလျှက်ရှိပြီး မကိုဋ်၏အောက်ဆုံးဖြစ်သော ပန်းခက်များ၏ အောက်ခြေကို ဗိန္ဒုများဖြင့် စီရီထားသည်။ နားဆွဲမှာ ပွင့်ဖတ် ၄ ခုပါသော ပန်းပွင့်သဏ္ဍာန်ရှိပြီး ပုခုံးကို ထိရုံသာမက ပခုံးတွင် တင်နေသည်ဟုပင် ဆိုနိုင်သည်။ ဤနားဆွဲနှင့် တဆက်တည်းပင် ပခုံးတဘက်စီတွင် သစ်ရွက်ကို ဘေးတိုက်ထောင်ထားသည့် သဏ္ဍာန် ၃ ခုစီပါရှိသည်။ ယင်းတို့မှာ နားဆွဲ၏အရံများ သို့မဟုတ် ပခုံးမှ မီးလျှံထွက်နေသည့် သဘောကို ရည်စူးထားခြင်းဖြစ်နိုင်သည်။ လည်ဆွဲ ၂ ခုအနက် တစ်ခုသည် လည်ပင်းတွင် ကပ်နေပြီး၊ ကျန်တစ်ခုမှာ လေးထောင့်ကျကျ ရင်ဘတ်ပြည့်အောင် ကျဆင်းနေသည်။ ဗိန္ဒုရများ မှလွဲ၍ အထူးအထွေမွမ်းမံထားခြင်း မရှိချေ။ လည်ဆွဲတို့၏ အောက်တွင် သင်္ကန်း၏သဘောကို အရစ်များဖြင့် ဖော်ထားသည်။ ဤသင်္ကန်းအရစ်တို့သည် ဆင်းတုတော်သွန်းလုပ်ပြီးမှ ထပ်မံဖြည့်စွက်ကာ ရစ်ထားဟန်တူသည်။ ခါးနှင့် ခြေချင်းဝတ်တို့တွင် ပါရှိသော အရစ်တို့ကား မူလကပင် ထည့်သွင်းသွန်းလုပ်သည့် အရစ်များဖြစ်ဟန်ရှိသည်။

ဆင်းတုတော်သည် ဘူမိဖဿမုဒြာနှင့် ဝဇီရာသနဟန်တို့ဖြင့် အလယ်တွင် စည်းထားသော ရိုးရိုးပလ္လင်ဖြင့် စံပယ်လျက်ရှိသည်။ ခါးသေးကာ ရင်အုပ်ကားပြီး ခြေလက်တို့ ပြည့်ဖြိုးသည်။ ခန္ဓာကိုယ်နှင့်စာလျှက် ဦးခေါင်းပိုင်း အချိုးအစားသည် လွန်စွာကြီးမားနေပါသည်။ မျက်နှာတော်သည် အထူးကျယ်ပြန့်ကာ မျက်လွှာချထားသည်။ မျက်နှာပုံပန်းကား ရခိုင်တိုင်းရင်းသားတို့၏ မျက်နှာပုံစံမျိုးဖြစ်သည်။ မင်းဝတ်ကြေးဆင်းတုများအနက် ရှေးကျသော ဆင်းတုဖြစ်၍ အချိုးအစားများစွာ ကျနမှန်ကန်မှုမရှိသေးဟန်တူပါသည်။

အိန္ဒိယပြည် ပါလခေတ်တွင် မင်းဝတ်ဆင်းတုတော် အမြောက်အများထုလုပ်ခဲ့ကြသည်။ သို့သော် ယခုဆင်းတုသည် ပါလခေတ် ဆင်းတုများလောက် အဆင်အပြင်မများလှချေ။ ထို့ပြင် ပါလလက်ရာတို့ထက် ကိုယ်ဟန်ပျော့ပျောင်းမှုကိုလည်း တွေ့ရသည်။ တနည်းဆိုသော် ဂုပ္တဟန်၏ ပျော့ပျောင်းမှုသဘောကို တွေ့မြင်နေရဆဲဖြစ်သည်။ ထို့ကြောင့် အိန္ဒိယအနုပညာစံနှင့် ယှဉ်ထိုးခန့်မှန်းရမည်ဆိုသော် ပါလခေတ် အစောပိုင်းကာလ လက်ရာဟု ခန့်မှန်းသင့်ပါသည်။ ပါလခေတ် ဆင်းတုတော်တဆူဆူကို နမူနာယူ၍ ထုလုပ်ခြင်းမျိုး မဟုတ်ပဲ ထိုဒေသမှ လုပ်နည်းလုပ်ဟန်များကို မှတ်သားလာပြီး ရခိုင်ဒေသမှာပင် ပြုလုပ်သော ဆင်းတုတော်ဖြစ်နိုင်သည်။ ဂတ်မင်က ဤဆင်းတုတော်သည် အရှေ့တောင်အာရှတွင် ရှေးအကျဆုံး မကိုဋ် ဆောင်းဆင်းတုတော်[၂၈] ဖြစ်ကောင်းဖြစ်မည်ဟု သုံးသပ်ထားသည်။[၂၉]

### ပုံ(၁၂)
### ကြာဖူးဥဏှိုသပါကြေးဆင်းတုတော်

| | | |
|---|---|---|
| ယခုနေရာ | - | စစ်တွေမြို့စန္ဒမဉ္ဇူကျောင်းတိုက် |
| မူလနေရာ | - | ဝေသာလီ၊ |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကြေး |

ခေတ်ဦးရခိုင်တွင် နောက်ပိုင်းဆင်းတုတော် တစ်ဆူဖြစ်သည်။ ဘူမိဖဿမုဒြါတွင် မြေသို့ညွှန်နေသော ညာလက်ချောင်းများသည် အရှည်မတူညီကြပါ ခြေတော်မှာ ဝဇီရာသနဖြစ်သည်။ မျက်လွှာကို အောက်ချထားပြီး နှုတ်ခမ်းများမှာ မသိမသာ ပြုံးနေသည်ဟု ထင်ရပါသည်။ နားရွက်သည် ပခုံးနှင့်မထိချေ။ ညာဘက်နားရွက်ကား ကျိုးပဲ့သွား၍ ဂဟေဖြင့် ပြန်ဆက်ထားရသဖြင့် ပခုံးနှင့်ထိသွားသည်။[၃၀] ခါးသိမ်၍ ရင်မို့မောက်သော ကိုယ်နှင့် ဧကသီခေါ် အပေါ်သင်္ကန်းလုံးဝမပါရှိခြင်းမှာ ဂုပ္တအစောပိုင်း ဟန်များဖြစ်နေသော်လည်း မဏိတော်တွင် ကြာဖူးသဏ္ဍာန် ဥဏှိုသပေါ်ထွက်နေခြင်း၊ မြင့်မားသော ပဒုမ္မာသနကြာ ၂ ထပ်ပလ္လင်တော်ရှိနေခြင်းတို့က နောက်ကျသည့် သဘောကို ညွှန်းဆိုနေသည်။ အထူးသဖြင့် ကြာဖူးသဏ္ဍာန်ဥဏှိုသမျိုးကို ပုဂံဆင်းတုတော်များတွင် တွေ့ရှိရသည်။ ဤအချက်များကြောင့်ပင် ခေတ်ဦး ရခိုင်၏နောက်ပိုင်း လက်ရာဟု မှတ်ယူရခြင်းဖြစ်ပါသည်။

ဤဆင်းတုတော်တွင် ရုပ်တုနှင့်ပလ္လင်တော်တို့သည် တဆက်တည်းမဟုတ်ချေ။ ဆင်းတု၏အောက်ခြေနှင့် ပလ္လင်ကို အံကိုက်လုပ်ပြီး တင်ထားခြင်းသာဖြစ်သည်။ ဤသည်မှာ ဆင်းတုတော်ကို သီးခြားသွန်းလုပ်ပြီး ပလ္လင်တော်ကို သီးခြားသွန်းလုပ်ခြင်းကြောင့် ဖြစ်နိုင်သော်လည်း ပစ္စည်းအမျိုးအစား တမျိုးတည်း၊ တရောင်တည်း ဖြစ်ကာ လက်စလက်နများ တူညီနေခြင်းက တလက်ရာတည်းဖြစ်ကြောင်း ပြသနေပါသည်။

---

၂၈။ Crowned Buddha

၂၉။ Gutman, "Ancient Arakan", P. 187.

၃၀။ စန္ဒမဉ္ဇူကျောင်းဆရာတော် ဦးဝဏ္ဏိတ၏ပြောပြချက်။

**ပုံ(၁၃)**

**ဗုဒ္ဓဝင်ရှစ်ခန်းပါ ကျောက်ခွက်အမှတ်(၁)**

| | | |
|---|---|---|
| ယခုနေရာ | - | ဦးဦးသာထွန်းနေအိမ်၊ မြောက်ဦးမြို့ |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | အမြင့် ၇. ၉ လက်မ၊ အောက်ခြေ ၅. ၁ လက်မ |
| ပစ္စည်းအမျိုးအစား | - | အန္တဂူကျောက် |

ဗုဒ္ဓဝင်ရှစ်ခန်းပုံဖြစ်ပါသည်။ သို့သော် အလယ်ဗဟိုရှိ ဆင်းတုတော်၏လက်ဝဲဘက် သုံးခန်းကို မတွေ့ရတော့ချေ။ ဤသို့ ဗုဒ္ဓဝင်အခန်းခန်းပါသော အုတ်ခွက်များကို အိန္ဒိယမှာ ခရစ်နှစ် ၅ ရာစုကပင် ပြုလုပ်ခဲ့ဘူးကြောင်း ဆာနာ့သ်မှာ အထောက်အထားများ တွေ့ရှိသည်။ ယင်းကျောက်မှာ သဲကျောက်ဖြင့်ပြုလုပ်ထားသည့် ဗုဒ္ဓဝင်ငါးခန်းပုံတော်ပင်ဖြစ်သည်[၃၁] မြန်မာပြည်တွင်မူ သရေခေတ္တရာမြို့ဟောင်းမှ မြေပုံဘုရားခေါ် အုတ်ခွက်ဘုရားအမြောက်အများ တွေ့ရှိရသည်။[၃၂] ယင်းအုတ်ခွက်တို့မှာ များသောအားဖြင့် မြတ်စွာဘုရား တစ်ပါးတည်း စံကျောင်းနှင့် စံပယ်တော်မူဟန်များသာ ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဝင်တစ်ခန်းတည်းကိုလည်း သရေခေတ္တရာတွင် သဲကျောက်ဖြင့် လုပ်ခဲ့ကြသည်။[၃၃] ယခုကဲ့သို့ ဗုဒ္ဓဝင်ခန်းပါသော ပုံတော်တချို့ကို တွေ့ရသော်လည်း အုတ်ခွက်သာဖြစ်သည်။ ယခုကဲ့သို့ အန္တဂူကျောက်ခွက်မျိုးကိုမူ ပြည်မဘက်တွင် ပုဂံခေတ်မှာသာ တွေ့လာရသည်။ ထို့ကြောင့် ယခုကျောက်ခွက်သည် မြန်မာပြည်တွင် ယခုအချိန်ထိ တွေ့ရှိရသော အစောဆုံးကျောက်ခွက်ဟု ယာယီအားဖြင့် မှတ်ယူနိုင်ပါသည်။

ဗဟိုဆင်းတုတော်သည် မာရ်နတ်ကို အောင်မြင်ကာ မြေကြီးကို သက်သေညွှန်းဆိုသော ဘူမိဖဿမုဒြါဟန်နှင့် ဝဇီရာသနဟန်ဖြင့် စံပယ်လျှက်ရှိသည်။ ပွင့်ချပ်နှစ်ချပ်ပါသော ပဒုမ္မာသနပလ္လင်ပေါ်တွင် စံပါယ်လျှက်ရှိပြီး ထိုပလ္လင်၏ အောက်တွင် မည်သို့မျှ ချယ်မှုံးသရုပ်ဖော်ထားခြင်း မရှိတော့ချေ။ မျက်နှာတော်နှင့် ညာလက်ဝါးသည် လုံးဝပျက်စီးနေပါသည်။ ဆင်းတုတော်၏အထက်တွင် သရေခေတ္တရာအုတ်ခွက်များကဲ့သို့ ဗုဒ္ဓဂါယာကျောင်းဆောင်ပုံသိခရမပါတော့ပဲ ဗောဓိပင်အခက်များ ပါရှိနေသည်ကို တွေ့ရသည်။ ပုဂံတွင် တွေ့ရသော ဗုဒ္ဓဝင်အခန်းခန်း အုတ်ခွက်များတွင်လည်း ဗောဓိခက်မဟုတ်ပဲ စံကျောင်းပုံ သိခရသာပါရှိသည်။[၃၄] ထို့အတူ အင်းဝပထမခေတ် ခရစ်နှစ် ၁၅ ရာစုအတွင်းက လက်ရာဖြစ်သော ဦးဗိုကေထံမှ ရရှိသည့် အုတ်ခွက်တစ်ခုမှာလည်း အလားတူစံကျောင်းပုံ သိခရမျိုးသာဖြစ်သည်။[၃၅] သို့သော် ပုဂံမှာတွေ့ရသည့် အန္တဂူကျောက်ခွက်များမှာမူ သိခရအစား ဗောဓိရွက်များဖြစ်နေသည်။[၃၆] ဤသို့အုတ်ခွက်တွင် သိခရပါရှိပြီး အန္တဂူကျောက်ခွက်မှာ ဗောဓိရွက်ပါရခြင်းမှာ အုတ်နှင့်ကျောက်တို့၏ သဘာဝချင်းကွာခြားမှုကြောင့် ဖြစ်ကြောင်း တွေ့ရသည်။ မြေပုံအုတ်ခွက်ဖြင့် ပြုလုပ်သောအခါ ကြေးသို့မဟုတ် သံစသည့် ပစ္စည်းအမာဖြင့် ပြုလုပ်ထားသော ပုံစံခွက်ဖြင့် မြေသားအပျော့စားပေါ်တွင် တံဆိပ်ရိုက်နှိပ်သလို ရိုက်နိုင်ပြီး မီးဖုတ်ရသည်။ အန္တဂူကျောက်ခွက်မှာမူ မာသောကျောက်သားကို ထွင်းထုယူရခြင်းဖြစ်သည်။ ထို့ကြောင့် အရွက်များအောက်သို့ ခက်ဖြာ၍ ကွေးညွှတ် ကျဆင်းနေဟန်ကို အန္တဂူကျောက်တွင် ထုလုပ်၍ဖြစ်နိုင်သော်လည်း ပျော့ညံ့သည့်မြေသားတွင်မူ ယင်းသို့ကွေးညွှတ်ကျဆင်းနေဟန်ကို ပုံစံတံဆိပ်တုံးဖြင့် ရိုက်နှိပ်ယူရန် မလွယ်ကူသောကြောင့် ဖြစ်မည်ထင်ပါသည်။

ဗဟိုဆင်းတုတော်၏ နောက်ကျောတွင် မည်သို့မျှ မွမ်းမံထွင်းထုထားခြင်းမရှိသော စင်းလုံးချော နောက်ခံပြားပါရှိသည်။ ဤအချက်သည် မဟာမြတ်မုနိကုန်းမှ ကျောက်ရုပ်များ၏ နောက်ကျောမှဟန်ကို ဆက်လက်ကျင့်သုံးလာခြင်းဟု မှတ်ယူနိုင်ပါသည်။ ရခိုင်မှ တွေ့ရသော အခြားအန္တဂူကျောက်ခွက်များနှင့် နှိုင်းယှဉ်လျှင်သော်လည်းကောင်း၊ ပုဂံမှအန္တဂူခွက်များနှင့် နှိုင်းယှဉ်လျှင်သော်လည်းကောင်း၊ ဤလက်ရာသည် အရိုးဆုံးအရှင်းဆုံးလည်းဖြစ်သည်။ ဤသို့နောက်ခံကျောမှာ စင်းလုံးချောကျောက်ပြားနှင့် ရိုးရှင်းသောဟန်တို့သည်ပင် ဤလက်ရာ၏ ရှေးကျခြင်းကို ဖော်ပြလျှက်ရှိသည်။ သက်န်းစသည် ငါးကြင်းမြီးကဲ့သို့ ခွနေပြီး နို့အုံကို ကျော်လွန်ကျဆင်းနေခြင်းကို ထောက်၍ အိန္ဒိယအနုပညာစံနှင့် ပြောရသော် ပါလခေတ်ဟန်မျိုးဖြစ်သည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဤကျောက်ခွက်ကို ခရစ်နှစ်ကိုးရာစုခန့်က လက်ရာဟုဆိုလျှင် များစွာလွဲမည်မထင်ပါ။ တွေ့နိုင်သေးသည့် ဗုဒ္ဓဝင်အခန်းများ၌ အောက်ပါအတိုင်းဖြစ်ပါသည်။

---

၃၁။ သန်းထွန်း၊ "မြန်မာအိုးသမိုင်း ဖြည့်စွက်စာတမ်း(၅)"၊ ဟံသာဝတီသတင်းစာအချပ်ပို၊ အမှတ် (၁၇၅)၊ မန္တလေး၊ ၁၁-၂-၇၃။

၃၂။ အငြိမ်းစားကျောက်စာဝန် ဦးမြက ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များဟူသောအမည်ဖြင့် နှစ်တွဲရေးသားထုတ်ဝေခဲ့ရာ ဒုတိယတွဲတွင် သရေခေတ္တရာတဝိုက်မှ တွေ့ရသော အုတ်ခွက်များအကြောင်း ပြည့်ပြည့်စုံစုံ တင်ပြထားပါသည်။ ဤစာအုပ်တွင် ဗုဒ္ဓဝင်အခန်းခန်းပုံတော်များ လုံးဝမပါရှိပါ။

၃၃။ Historical Sites, P. 25.

၃၄။ မြ၊ <u>အုတ်ခွက်ဆင်းတု</u>(ပ)၊ ပုံ ၁၃(က)၊ ၄၅(က)၊ ၅၀၊ ၅၁။

၃၅။ <u>ယင်း</u>၊ ပုံ ၇၂။

၃၆။ Historical Sites, P. 81. တိုက်စိုး၊ <u>ဗုဒ္ဓဘာသာအနုပညာနိဒါန်း</u>၊ ရန်ကုန်၊ ချင်းတွင်းစာပေ။ ၁၉၇၆၊ ပုံ-၆၆၃။ OBBP, Pls. 401, 402 b, 403 a, b, 405.

## ပရိနိဗ္ဗာန်ဝင်ခန်း
## လျောင်းတော်မူခန်း

| | | |
|---|---|---|
| နာဠာဂီရိဆင်ချွတ်ခန်း | | ပျက် |
| ရပ်တော်မူ | | |
| ဓမ္မစကြာဟောခန်း | ဗောဓိပင်နှင့် ရွှေပလ္လင် | ပျက် |
| | အောင်ခန်း | |
| | ဘူမိဗဿမုဒြာ | |
| ပါရိလေယျတော၌ | | ပျက် |
| ဝါဆိုခန်း | | |

### ပုံ(၁၄)
### ဗုဒ္ဓဝင်ရှစ်ခန်းပါကျောက်ခွက်အမှတ် (၂)

| | | |
|---|---|---|
| ယခုနေရာ | - | ဦးဦးသာထွန်းနေအိမ်၊ မြောက်ဦး |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | အမြင့် ၃.၇ လက်မခန့်၊ အောက်ခြေ ၂.၄ လက်မခန့် |
| ပစ္စည်းအမျိုးအစား | - | အန္တဂူကျောက် |

ဗုဒ္ဓဝင်ရှစ်ခန်းပါသည့် ဒုတိယကျောက်ခွက် ဖြစ်ပါသည်။ ပုံ ၁၄ ထက်တိုးတက်လာသော လက္ခဏာတချို့ကို တွေ့ရပါသည်။ ဗဟိုဆင်းတုသည် ဘူမိဖဿမုဒြာပင်ဖြစ်သည်။ နဖူးတွင် ဥဏ္ဏလုံမွေးရှင်တော်ကို ရည်ညွှန်းထားသော အစက်တစ်ခုပါရှိသည်။ သင်္ကန်းရစ်ကို လည်ပင်းတွင်လည်း တွေ့ရပြီး ဘယ်ပခုံးမှ အောက်သို့လည်း ရှည်လျားစွာ ကျဆင်းနေသည်။ ဥဏှိသသည် သေးငယ်ကာ ပုဂံဥဏှိသများနှင့် ဆင်တူသည်။ သို့သော် နဖူးအလယ်၌ ဆံစတန်းအောက်သို့ ကွေးမနေခြင်းက ပုဂံထက်စောသည့် သဘောကို ဖော်ပြနေသည်။ ပုဂံဆင်းတုများတွင် အဆိုပါနဖူးစံဆံတန်းသည် အလယ်မှ ကွေး၍ အောက်သို့ဆင်းနေသည်။[၃၇] ဝမ်းဗိုက်တွင် ချက်ကို ဖော်ပြကာ သင်္ကန်း၏ပါးလှပ်မှုကို သရုပ်ဖော်ထား သည်။ ကြာနှစ်ထပ်ပလ္လင်၏ အောက်ခြေတွင် ဆင်ရုပ်၊ ခြင်္သေ့ရုပ်၊ ဗျာလရုပ်တို့ကို တွေ့ရပါသည်။ ထို့ပြင် ဤဆင်းတု၏နောက်ခံသည် ပုံ (၁၃)ကဲ့သို့ စင်းလုံးချောမဟုတ်တော့ပဲ မွမ်းမံမှုများ ပါရှိလာသည်။ ပခုံးထိမြင့်သော အုတ်ခုံသဏ္ဌာန်တစ်ခုရှိပြီး ထိုအပေါ်တွင် ပဘာဝလိ ခေါ် ရောင်ခြည်တော်စက်ဝန်းလို တင်ထားသကဲ့သို့ ရှိပါသည်။ အပေါ်ဆုံးတွင် ရှိသော လျောင်းတော်မူဆင်းတု၏ ပလ္လင်ကို လည်း ပန်းပွင့်များဖြင့် ဆင်ယင်ထားပြီး ပလ္လင်၏ခေါင်းရင်းခြေရင်းတို့တွင် ကနေသော အရုပ်တစ်ရုပ်စီပါရှိသည်။ ပုံ (၁၃)ထက်နောက်ကျပြီး ပုဂံထက်စောနေသေးသည့် လက်ရာဟု ယူဆသင့်ပါသည်။ ဤကျောက်ခွက်တွင် ပါဝင်သည့် အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## စေတီ
## ပရိနိဗ္ဗာန်ဝင်ခန်း

| | | |
|---|---|---|
| နာဠာဂီရိဆင်ချွတ်ခန်း | | တာဝတိံသာမှဆင်းခန်း |
| ဓမ္မစကြာဟောခန်း | ဗောဓိပင်နှင့် ရွှေပလ္လင်အောင်ခန်း | ယမကပြာဋိဟာပြခန်း |
| ပါရိလေယျတောဝါဆိုခန်း | | ဖွားတော်မူခန်း |
| (သပိတ်ပိုက်လျှက်) | | |

### ပုံ(၁၅)
### ဗုဒ္ဓဝင်ဆယ်ခန်းနှင့် သတ္တဌာနပါကျောက်ခွက်

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးမြို့ |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | အမြင့် ၄.၇ လက်မခန့်အောက်ခြေ ၅.၁ လက်မခန့် |
| ပစ္စည်းအမျိုးအစား | - | အန္တဂူကျောက် |

ဗဟိုဆင်းတုတော်၏ လက်ျာဘက်ခြမ်း အထက်ပိုင်း တဝက်ကျိုးပဲ့နေပြီး ယင်းအောက်နားတွင် အက်ကွဲနေသည်။ <u>ပုံ(၁၃)နှင့် (၁၄)တို့ထက်တူးခြားသော အချက်များကို တွေ့လာရပြီး ပုဂံခေတ် အန္တဂူကျောက်ခွက်များနှင့် ပိုမိုနီးစပ်လာသည်။</u>

[၃၇]။ OBEP, Pls. 402 a.b, 403 a.b, 404, 405 a.b.c.

ထိပ်ဆုံးတွင် ပရိနိဗ္ဗာန်လျောင်းတော်မူရုပ်ထုတော်၏ခြေရင်းနှင့် ခေါင်းရင်းတို့တွင် အုန်းလက်ဖြင့် ယပ်ခတ်နေသူတစ်ဦးစီ အသီးသီးတွေ့ရသည်။ မာရ်နတ်၏သမီး နှစ်ဦးပုံကိုလည်း ဗဟိုဆင်းတုတော်၏ လက်ဝဲဘက်အထက်နားတွင် တွေ့ရပါသည်။ ဗဟိုဆင်းတုတော်၏ ဘေးတဘက်တချက်စီမှာလည်း ဗောဓိသတ္တတပါးစီပါရှိသည်။ ပွင့်ချပ်နှစ်ထပ်ရှိသော ပဒုမ္မာသန ပလ္လင်ကို ကြာနွယ်ကြာရိုးများဖြင့်လည်းကောင်း၊ နဂါးရုပ်များဖြင့်လည်းကောင်း ပင့်မထားသည်ကို တွေ့ရသည်။ ပုံ(၁၃)(၁၄)တို့ထက် ထူးခြားချက်တခုကား ဗုဒ္ဓဝင်ရှစ်ခန်းအပြင် သတ္တဌာနခေါ် နေရာတော် ခုနှစ်ခန်းကိုပါ ထည့်သွင်းထုလုပ်ထားခြင်းပင်ဖြစ်သည်။ ဤအချက်က ပုဂံလက်ရာများနှင့် ပိုမိုနီးစပ်ကြောင်း ဖော်ပြနေသည်။ သို့သော် ဤကျောက်ခွက်နှင့် တထေရာတည်းတူသည့် ပုဂံလက်ရာ ယနေ့တိုင်မတွေ့ရသေးချေ။ အတူဆုံးဟုဆိုနိုင်သော ပုဂံလက်ရာတွင်လည်း ဗဟိုဆင်းတုတော်မှာ မင်းဝတ်ဆင်းတုဖြစ်နေကာ အခြားကွဲလွဲချက်များလည်း အနည်းငယ်တွေ့ရပါသည်။[၃၈]

ဗဟိုဆင်းတုတော်၏ ပတ်ပတ်လည်တွင် အပြင်ဘက်ဆုံး၌ ပုံ(၁၃)(၁၄)တို့ကဲ့သို့ ဗုဒ္ဓဝင်ခန်းများပါရှိပြီး အတွင်းတစ်ထပ်တွင် သတ္တဌာန ပုံတော်များဖြစ်သည်။[၃၉] သတ္တဌာနပုံများကို အဆင့်လေးဆင့်ဖြင့် ဖော်ပြထားရာ အပေါ်ဆုံးအဆင့်တွင် ဗဟိုဆင်းတုတော်၏ မျက်နှာနှင့်တစ်တန်းတည်း ရုပ်တော်မူနှစ်ဆူကို တွေ့ရသည်။ ဤရုပ်တော်မူနှစ်ဆူမှာ ဒုတိယအပါတ်နှင့် တတိယအပါတ်တို့ကို ရည်ညွှန်းကာ အနိမိသနှင့် ရတနာစင်္ကြံတို့ကို ရည်ညွှန်းထုလုပ်ထားခြင်းဖြစ်သည်။ ယင်းအောက်အဆင့်တွင် ဗဟိုဆင်းတုတော်၏လက်ယာဘက်တွင် ပထမအပါတ်ကို ရည်ညွှန်း၍ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်နေဟန်ဖြစ်ပြီး ဗဟိုဆင်းတုတော်၏ လက်ဝဲဘက်တွင်မူ စတုတ္ထအပါတ်ကို ရည်ညွှန်း၍ ရတနာဃရဗွေအိမ်တော်၌ စံပယ်တော်မူဟန်ဖြစ်သည်။ ယင်းအောက်တတိယအဆင့်တွင် ဆင်းတုတော်၏ လက်ျာဘက်၌ အမြိုက်အိုးကို ပိုက်ထားသော ထိုင်တော်မူဆင်းတုတော်ရှိသည်။ ဤဆင်းတုမှာ ဗောဓိပင်အရှေ့ဘက်ရှိ အဇပါလနိဂြောဓသစ်ပင်အောက်၌ သဗ္ဗညုတဉာဏ်တော်မရမီအချိန်တွင် သုဇာတာ၏နို့ဆွမ်းကို လက်ခံခြင်း သို့မဟုတ် ဘုရားအဖြစ်သို့ ရောက်ရှိပြီး သတ္တမအပါတ်တွင် ဗောဓိပင်၏တောင်ဘက်ရှိ ရာဇာယတနခေါ် လင်းလွန်းပင်အောက်၌ တဖုဿ၊ ဘလ္လိတညီနောင်တို့၏ ဆွမ်းကို လက်ခံတော်မူခြင်းကို ရည်ညွှန်းထုလုပ်ခဲ့ဟန်တူသည်။ အခြားတစ်ဖက်တွင်မူ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ဆဋ္ဌမမြောက်အပါတ်တွင် မိုးကြီးသည်းထန်စွာရွာသွန်းခြင်းမှ မုစ္ဆလိန္ဒနဂါးမင်းက ဘုရားရှင်အား ပါးပျဉ်းဖြင့် ဖြန့်မိုးထားဟန်ဖြစ်သည်။ အရပ်အခေါ် နဂါးရုံဘုရားဖြစ်ပါသည်။ အလားတူ နဂါးရုံရုပ်ပွားတဆူကို ဗဟိုဆင်းတု၏ လက်ဝဲဘက် ပလ္လင်အောက်အဆင့်၏ အစွန်းတွင် တွေ့ရသည်။ ဤပလ္လင်အောက်အဆင့် အခြားအစွန်းတဖက်တွင်ကား ဒုကရစရိယာကျင့်တော်မူပုံကို ရည်ညွှန်းထုလုပ်ထားသည်။

ဤအဆင့်အလယ်တွင် ဗဟိုဆင်းတုတော်၏ပလ္လင်ကို မထားသော နဂါးရုပ်နှင့် ကြာနွယ်ရိုးကို တွေ့ရသည်။ ဤသို့သော အဆင်အပြင်မျိုးကို နာလန္ဒမှ ဆင်းတုတော်တဆူတွင် တွေ့ရဘူးပါသည်။[၄၀] သို့သော် ဤသို့ ဗုဒ္ဓဝင်အခန်း ခန်းစုပေါင်းပုံတွင်ကား မဟုတ်ချေ။ ကျောက်ခွက်တစ်ခုလုံး၏ အောက်ခြေပလ္လင်ကိုလည်း နှစ်ထပ်ပြုလုပ်ထားသည်။ အပေါ်ထပ်တွင် ဆင်ရုပ်၊ ခြင်္သေ့ရုပ်၊ ဗျာလရုပ်တို့အပြင် အစွန်းတဘက်စီ၌ ဒူးထောက်လျက် လက်အုပ်ချီနေဟန် ထုလုပ်ထားသော ရုပ်ထုနှစ်ခုပါရှိရာ မြတ်စွာဘုရား၏ အဂ္ဂသာဝကနှစ်ဦးဖြစ်သော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်တို့ဖြစ်မည်ဟု ထင်ပါသည်။ အောက်ဆုံးထပ်တွင် အရုပ်ခုနှစ်ခုကို တစ်ကွက်စီ ဖော်ပြထားရာ ဗဟိုဆင်းတုတော်၏ လက်ဝဲဘက်မှ စသော် ပထမနှင့် ဒုတိယအကွက်တို့သည် မပီသပါ။ ထိုနောက်တွင် အစဉ်အတိုင်း မြင်းရုပ်၊ ဓမ္မစကြာစက်ဝန်းနှင့် သမင်နှစ်ကောင်၊ ဆင်ရုပ်၊ သိရိဝစ္ဆ၊ ညာလက်မြှင့်ထားသော ဒူးမြှင့်ထိုင်ဟန် လူရုပ်တို့ကို တွေ့ရသည်။

---

၃၈။ OBEP, Pl. 401.

၃၉။ ဝိနယအလိုအရ မြတ်စွာဘုရားသခင်သည် ဘုရားအဖြစ် ရတော်မူပြီး ဗောဓိပင်အနီးတွင် ရက်သတ္တလေးပါတ် နေတော်မူသည်။ ပထမပါတ်တွင် ဗောဓိပင်အောက်၌နေ၍ ပဋိစ္စသမုပ္ပါဒကို ဆင်ခြင်တော်မူသည်။ ဒုတိယအပါတ်တွင် ဘုရားရှင်အား မာရ်နတ်၏သမီးပျိုများ ဖျားယောင်းခဲ့ဘူးသော အဇပါလနိဂြောဓသစ်ပင်အောက်၌နေတော်မူသည်။ တတိယအပါတ်တွင် ဘုရားရှင်အား မိုးကာပေးသော မုစ္ဆလိန္ဒနဂါးမင်း၏ ပါးပျဉ်းအောက်၌နေတော်မူပြီး စတုတ္ထအပါတ်တွင်မူ တဖုဿနှင့်ဘလ္လိတညီနောင်တို့က ပထမဆုံးဆွမ်းကပ်လှူရာ ရာယာယတနသစ်ပင်အောက်၌ စံနေတော်မူသည်ဟု သိရပါသည်။ သို့သော် နောက်ပိုင်း ဇာတကများက အထက်ပါပထမနှင့် ဒုတိယအကြားတွင် အခြားသုံးပါတ် (အနိမိသ၊ ရတနစံကမ၊ ရတနသရ) တို့ကို တိုး၍ ထည့်သွင်းလာကြပါသည်။ (Malasekera,Dictionary of Pali Proper Names, Vol. I, P. 794) ပုဂံလက်ရာများသည် အမြဲတမ်းနောက်ပိုင်းဇာတကများအ တိုင်း လိုက်နာရေးသားကြသည်။ OBEP, P. 152. ယခုလက်ရာလည်း နောက်ပိုင်းဇာတက အလိုအတိုင်း သတ္တဌာနထုလုပ်ထားပါသည်။

၄၀။ Banerji, R.D., Eastern Indian School of Medieval Sculpture, (Delhi 1933), Pl. XXIX b, c.

## အခန်း(၃)

# လေးမြို့ခေတ် ဗုဒ္ဓဆင်းတုတော်များ

ခေတ်ဦးရခိုင်နှင့် မြောက်ဦးခေတ်အကြားကာလကို ခြုံငုံ၍ လေးမြို့ခေတ်ဟု ခေါ်ကြသည်။ လေးမြို့မြစ်ဝှမ်း တွင် ထွန်းကားခဲ့သော ယဉ်ကျေးမှုများဖြစ်သောကြောင့် လေးမြို့မြစ်ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်ဟန်တူသည်။ မြောက်ဦးမြို့ သည်လည်း လေးမြို့မြစ်နှင့် ကုလားတန်မြစ်တို့အကြားတွင် ရှိကာ အဆိုပါမြစ်နှစ်ခုစလုံးတို့၏ မြစ်လက်တက်များမှ ရောက်ရှိ နိုင်သည်။ သို့သော် ဤလေးမြို့ခေတ် ယဉ်ကျေးမှုထွန်းကားရာ မြို့များကား မြောက်ဦးထက်ပို၍ လေးမြို့နှင့်နီးကပ်နေလေ သည်။

ဤကျမ်း၌ လေးမြို့ခေတ် ဗုဒ္ဓဆင်းတုတော်များကို အရေအတွက်နည်းပါးသော်လည်း သီးသန့်အခန်းတစ်ခုအဖြစ် ဖော်ပြထားပါသည်။ ဤသို့ခွဲခြားရခြင်းမှာ သမိုင်းဖြစ်ရပ်အလိုက် ခွဲခြားခြင်းထက် အနုပညာလက်ရာအလိုက် ခွဲခြမ်းရခြင်း သာဖြစ်ပါသည်။ ခေတ်ဦး ရခိုင်ဗုဒ္ဓဆင်းတုများနှင့် မြောက်ဦးခေတ် ဗုဒ္ဓဆင်းတုများအကြားတွင် ယင်းတို့နှင့်ခြားနားသော ဗုဒ္ဓဆင်းတုတော်များရှိနေသည်ကို တွေ့ရှိရသည်။ ယင်းသို့ခြားနားသောလက်ရာရှိနေခြင်းကြောင့် ဤဆင်းတုများကို သီးသန့်အခန်းအဖြစ် ခွဲခြားဖော်ပြရပါသည်။

လေးမြို့ဆင်းတုတော်များအနေဖြင့် ဝေသာလီမြောက်ဦးလက်ရာတို့နှင့် ခြားနားရခြင်းမှာ သမိုင်းဖြစ်ရပ်များ ပြောင်းလဲ မှုကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။ ဝေသာလီခေတ်ကုန်ဆုံးပြီးနောက် အစဉ်အလိုက်အတိုင်း ပေါ်ပေါက်ခဲ့သော မြို့များမှာ ပဥ္စာ(စမ္ပဝက်) ၁၁၁၈ ခုထိ ပရိန် ၁၁၁၈-၆၇၊ ခြိတ် ၁၁၆၇-၈၀၊ ပဥ္စ ၁၁၈၀-၁၂၃၇ နှင့် လောင်းကြက် ၁၂၃၇-၁၄၃၃ တို့ဖြစ်သည်။[၁] ထို့ကြောင့် ဤအခန်းတွင် တင်ပြမည့် ဗုဒ္ဓဆင်းတုတော်များမှာ နှစ်အပိုင်းအခြားအားဖြင့် ခရစ်နှစ် ၁၁ရာစု မှ ၁၄ ရာစုကုန်ဆုံးသည်အထိဟု ဆိုနိုင်သည်။ ဤအချိန်တွင် ရခိုင်ရိုးမ၏အရှေ့ဘက်၌ အင်အားကောင်းသော ယဉ်ကျေးမှု သစ်များ ပေါ်ထွန်းလျှက် ရှိနေလေပြီ။ ဤယဉ်ကျေးမှုသစ်များသည် ရိုးမကိုကျော်ကာ ရခိုင်ကမ်းမြောင်သို့ ထိုးဖောက်ခဲ့ကြ သည်။ ရခိုင်ဒေသသို့ အရှေ့ဘက်မှ ပျူ၊ သျှမ်း၊ တလိုင်း စသူတို့၏ ဝင်ရောက်တိုက်ခိုက်မှုများ ဤလေးမြို့ခေတ်အတွင်း မကြာခဏ ရှိခဲ့ကြောင်းကို ရခိုင်ရာဇဝင်များတွင် မှတ်တမ်းတင်ခဲ့ကြသည်။ ထိုကျူးကျော်တိုက်ခိုက်မှုများအနက် လွန်စွာ အရေးပါသောဖြစ်ရပ်များကား ပုဂံမှ ကျူးကျော်တိုက်ခိုက်မှုများပင် ဖြစ်သည်။ ယဉ်ကျေးမှုအနုပညာဟူသည် နိုင်ငံရေး၏ အပေါ်ယံအဆောက်အအုံဖြစ်သည်အားလျော်စွာ နိုင်ငံရေးအပြောင်းအလဲအပေါ် အခြေခံကာ ယဉ်ကျေးမှုအနုပညာဆိုင်ရာ ပြောင်းလဲမှုများ ရှိလာခဲ့သည်။

သက္ကရာဇ် ၄၃၀ (ခရစ်နှစ် ၁၀၆၈)တွင် ပဥ္စာမြို့၌ အသခ်ယာပုန်ကန်၍ မင်းဘီလူးကွယ်လွန်သည်။ မင်းဘီလူး၏ သား မင်းရဲဘယနှင့် စောပေါက်ညိုတို့ ပုဂံပြည်ကျန်စစ်မင်းထံ ခိုလှုံသည်။ မင်းရဲဘယတွင် လက်ျာမင်းနန်ဟူသော သားနှင့် သမီးတပါးဖွားမြင်ခဲ့သည်။ ဤပုဂံဖွားလက်ျာမင်းနန်သည် အလောင်းစည်သူလက်ထက် သက္ကရာဇ် ၄၆၅ (ခရစ်နှစ် ၁၁၀၃)ခု တွင် ရခိုင်ပြည်ထီးနန်းကို ပြန်လည်ရရှိခဲ့သည်ဟု ရာဇဝင်များက ဆိုပါသည်။[၂] ဤကိစ္စနှင့်ပတ်သက်၍ ရခိုင်မင်းသမီးဧချင်း အပိုဒ် (၁၆)တွင်

> မင်းရဲဘယ၊ ပေါက်ညိုမြနှင့်၊ ကြွခဲ့ရှေ့ပြည်၊ ဆွေနှစ်မည်တွင်၊ ဖြစ်သည်သည်းချာ၊ ရွှေဂူသာနှင့်၊ လက်ျာမင်းနန်၊ နန်းရိုးမှန်လျှင်၊ တဖန်လည်းကောင်း၊ လောင်းစည်သူခိုင်း၊ အယူလှိုင်း၍၊ တလိုင်းတသိန်း၊ ပြူတသိန်းနှင့် အောင်ကျိန်း ခါချိန်၊ ပြက္ခဒိန်လျှောက်၊ ပရိန်မြို့သစ်၊ ထောင်လှာသစ်သည်။[၃]

ဟူ၍ပါရှိသည်။ ပုဂံ၌ မွေးဖွားကြီးမြင့်ခဲ့ရသူ လက်ျာမင်းနန်လက်ထက်တွင် ပုဂံယဉ်ကျေးမှုတို့သည် သူ၏မြို့တော် ပရိန်သို့ ပျံ့နှံ့ရောက်ရှိခဲ့မည်မှာ မလွဲပေ။ တဖန် ခရစ်နှစ် ၁၁၆၀ သို့ရောက်သောအခါ ရခိုင်တို့သည် သရက်မြို့တိုင် အောင် သိမ်းယူနိုင်ခဲ့ပြီး သရက်မြို့ ခရိုင်အတွင်းရှိ မင်းတုံးအနီးတွင် မဟာမြတ်မုနိဟူသော စေတီတဆူတည်ခဲ့သည်ဟု ဆိုသည်။[၄] ဤအချက်များက ဧရာဝတီမြစ်ဝှမ်းဒေသနှင့် ရခိုင်ဒေသတို့သည် လေးမြို့ခေတ်တွင် ယဉ်ကျေးမှု ကူးလူး ဆက်ဆံ မှုရှိခဲ့ကြောင်း ဖော်ပြလျှက်ရှိသည်။ သို့သော် လေးမြို့ခေတ်သည် ပုဂံခေတ်နှင့်တစ်ချိန်တည်းတွင် စတင်ခဲ့သည် မဟုတ်ချေ။

---

၁။ Harvey, History, P. 137.

၂။ စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း (ပ)၊ မန္တလေး၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၂၉၃ ခု၊ စာ-၃၁၈။နောင်ဤ ကျမ်းကို ရခိုင်ရာဇဝင်သစ်ဟု ညွှန်းမည်)

၃။ ဧချင်း၊ စာ-၂၈။

၄။ Harvey, History, P. 138.

ပုဂံခေတ်ထက်နောက်ကျ၍ စတင်လာခြင်းသာဖြစ်ပါသည်။ ပုဂံနှင့် ဆက်နွယ်မှုကို လေးမြို့ခေတ်မှာသာ စတင်တွေ့ရှိလာရသည်မဟုတ်ပဲ ခေတ်ဦးရခိုင်ကာလမကုန်ဆုံးမီကပင် စတင်တွေ့ရှိခဲ့ရပြီဖြစ်ပေသည်။ (ပုံ-၁၃)။ လေးမြို့ ခေတ်ဗုဒ္ဓဆင်းတုတော်များကို လေ့လာကြည့်ခြင်းအားဖြင့် ဤသမိုင်းအယူအဆကို ပိုမိုခိုင်မာလာစေပါသည်။

ပုဂံခေတ်အစပိုင်းတွင် ဗုဒ္ဓဆင်းတုတော်များ ထုလုပ်သည့် မြန်မာ့အနုပညာသည် ပါလသေန[5] ဟန်ကို အများဆုံးထုခဲ့ပြီး ၁၂ ရာစုအလယ်ပိုင်းခန့်တွင် မြန်မာ့ပင်ကိုယ်ဟန်အဖြစ် ပေါ်ထွက်လာခဲ့သည်။[6] ဒေါက်တာသန်းထွန်းကလည်း ဤကာလတွင် အစစမြန်မာဆန်အောင် အားထုတ်လျက် စာပေနှင့် အနုပညာအဆောက်အအုံအားလုံးတွင် မြန်မာနည်းဖြင့်တီထွင်တိုးတက်လာကြောင်း တွေ့ရသည်မှာ အားရစရာဖြစ်သည်ဟု ဆိုထားပါသည်။[7] ဤပုဂံဆင်းတုတော်များနှင့် ခေတ်ပြိုင်ရခိုင်လေးမြို့ခေတ် ဗုဒ္ဓဆင်းတုတော်များသည် အသွင်လက္ခဏာတချို့တူညီကြောင်း တွေ့ရသည်။ ပုဂံခေတ်ဆင်းတုတော်များတွင် တွေ့ရတတ်သည့် ပြုံးယောင်သန်းနေသော မျက်နှာတော်မျိုးကို လေးမြို့ဆင်းတုတော်များမှာလည်း တွေ့ရပါသည်။ ပုဂံခေတ်နောက်ပိုင်း ဆင်းတုတော် တချို့တွင် သင်္ကန်းပါလာပြီး ဘယ်ပခုံးမှ သင်္ကန်းစများ ရင်ဘတ်ပေါ်သို့ တွန့်ခွေကျနေသည့် ပုံစံမျိုးသည်လည်း လေးမြို့ဆင်းတုတော်များမှာ တွေ့ရပါသည်။ ပုံစံအားဖြင့် ပုဂံပြတိုက်မတ်ရပ်ကျောက်ဆင်းတုတော်[8]၊ တကောင်းကျောင်းမှ ကြေးဆင်းတုတော်[9]၊ ပုဂံဂူပြောက်ကလေးဘုရားအတွင်းမှ မတ်ရပ်ဆင်းတုတော်[10] စသည်တို့တွင် အဆိုပါသင်္ကန်းအနေအထားမျိုး တွေ့ရပါသည်။ ထို့အတူပင် ယခုတင်ပြထားသော လေးမြို့ခေတ် ဆင်းတုတော်အားလုံးတွင် အလားတူသင်္ကန်းအနေအထား မျိုး တွေ့ရသည်။ တထေရာတည်းမတူသည့်တိုင်အောင် အမှတ်မထင် ကြည့်ရုံမျှဖြင့် များစွာနီးစပ်ကြောင်း သိရှိနိုင်သည်။ တနည်းပြောရသော် ပုံစံချင်းတူညီပြီး ဒေသအလိုက် ဟန်မျှကွဲလွဲခြင်းသာဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ထို့ပြင် သေးငယ်သော ဥဏှိသများကိုလည်း ပုဂံဆင်းတုတော်များမှာရော လေးမြို့ဆင်းတုတော်များမှာပါ တွေ့ရှိရသည်။ ပုဂံခေတ်မတိုင်မီက ဗုဒ္ဓဆင်းတုတော်တို့၏ ဥဏှိသများသည် များသောအားဖြင့် သေးငယ်ချွန်ထက်စွာ မြင့်မားထိုးထွက်လေ့မရှိချေ။ ဥက္ကောင်းတော်နှင့် တပြေးညီ[11] သို့မဟုတ် အနည်းငယ်သာ မိုမောက်လေ့ရှိကြသည်။[12] တချို့ဥဏှိသများမှာလည်း မြင့်မားသည့်တိုင်အောင် အိန္ဒိယပြည် ဂုပ္တခေတ်ပုံစံမျိုးဖြစ်သော အရွယ်ကြီးမားသည့် ဆံထုံးတော်ပုံစံမျိုး[13] သာဖြစ်သည်။ ပုဂံခေတ်တွင်မူ ယင်းသို့မဟုတ်တော့ပဲ သေးငယ်ကာ မြင့်မားထိုးထွက်လာသော ဥဏှိသများကို ထုလုပ်လာကြသည်။ များစွာသော ပုဂံဆင်းတုတော်များမှာ မဏိတော်နှင့် ဥဏှိသနှစ်ဆင့်ရှိပြီး အပေါ်ဆုံးတွင် ကြာဖူးသဏ္ဌာန်တခုစီပါရှိတတ်သည်။ အလားတူဆင်းတုတော်မျိုးများကို လေးမြို့ခေတ် ကြေးဆင်းတုတော်များဖြစ်သည်။ အလာမံပျူကြေးဆင်းတုတော်ပုံ(၁၆)နှင့် ပုံ (၁၈)(၁၉)ဆင်းတုတော်တို့တွင် တွေ့ရှိရသည်။

စံပယ်တော်မူဟန်အားဖြင့် နှစ်နေရာစလုံးတွင် ဘူမိဖဿမုဒြာနှင့် ဈာနာသနတို့ကို အသုံးများသည်။ ဘူမိဖဿမုဒြာများတွင် ညာလက်ချောင်းများသည် ညာဘက်ခြေကို ကျော်လွန်ကာ မြေကြီးကို သိသိသာသာထိနေဟန် ထုလုပ်ထားသည်ကို ပုဂံဆင်းတုတော်တချို့မှာ တွေ့ရသကဲ့သို့[14] လေးမြို့ဆင်းတုများမှာလည်း တွေ့ရပါသည်။ လက်ချောင်းတော်များကိုမူ အဆိုပါ ပုဂံဆင်းတုတော်များ၌ အတိုအရှည်တညီတည်းမထားဘဲ သဘာဝအချိုးအစား အတိုင်းထားရှိသည်။[15] လေးမြို့ခေတ်ဆင်းတုတော်များမှာမူ လက်ချောင်းအရွယ်အစား ခြားနားမှုသည် ပုဂံလောက် အပြတ်သားသည့်တိုင်အောင် အတော်အတန်ခြားနားကာ ပုဂံဟန်နှင့် နီးစပ်ကြသည်။

ဈာနာသနဟန်ခြေတော်များကို ထုလုပ်ရာ၌လည်း ထို့အတူပင် နီးစပ်ကြသည်။ ခြေဖဝါးတော်အစုံကို အပေါ်သို့လှန်ထားရာ၌ ဖနောင့်နှစ်ခုတို့အကြားတွင် ပစောက်သဏ္ဌာန်ကို ပီပီပြင်ပြင် တွေ့မြင်ရသည်။ ယင်းအောက်နား ခြေတော်နှစ်ဖက်ကန့်လန့်ဖြတ်သည့်နေရာတွင် သင်္ကန်းစကို ခိုမြီးသဖွယ်ချထားသည့် အစီအမံတို့လည်း အထူးတူညီကြသည်။ ပုံစံအားဖြင့် ပုဂံရွှေဆံတော်မှ ကြေးဆင်းတုတော်[16] နှင့် ဂန္ဓကုဋီတိုက်အတွင်းနံရံ ဂိုဏ်ဂူကလေးတခုအတွင်းမှ ကျောက်ဆင်းတု

---

၅။ Pala-Sena

၆။ Thaw, <u>Buddha Image in Burma.</u> PF. 77-79.

၇။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ စာ-၁၂၈။

၈။ ရှေးဟောင်းဖလင် ၃၃၉/၅၃၀၆(၁၉၅၃-၅၄)

၉။ ယင်း ၂၁၀၅ (၁၉၂၂-၂၃)

၁၀။ ယင်း ၁၀၅၀(၁၉၁၁-၁၂)

၁၁။ သရေခေတ္တရာခင်ဘကုန်းမှ ရရှိသော ရွှေဆင်းတု၊ <u>Historical Sites,</u> P. 33.

၁၂။ <u>ယင်း</u> P. 29.

၁၃။ ဝေသာလီလက်ခတ်တောင်ဘုန်းကြီးကျောင်းရှိကျောက်ဥက္ကောင်းတော်၊ ပုံ(၂)

၁၄။ <u>OBEP,</u> fig. 315 a,b,c,d.

၁၅။ <u>OBEP,</u> fig. 315 a,b,c,d.

၁၆။ <u>Historical Sites,</u> P.80.

၁၇။ မြ၊ ဦး၊ <u>အပယ်ရတနာဂိုဏ်ဂူဖုရား၊</u> ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၇၄၊ ပုံ-၁၆။

**ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဆင်းတုတော်များကို P-၂၁ သမိုင်းရှုဒေါင့်မှလေ့လာချက် (မြောက်ဦးခေတ်အထိ)** ကျော်ဇံသာ

တော်[၁၇] စသည်တို့တွင် အထက်ပါ ခြေဖနောင့်အနေအထားနှင့် ခိုမြီးသက်န်းစများကို တွေ့ရသည်။

ယခုတင်ပြထားသော လေးမြို့ဆင်းတုတော်အားလုံးတွင် ဆံတော်နှင့် နဖူးတော်စပ်ကြားတွင် နဖူးစည်းပါရှိသည်။ ဤနဖူးစည်းမျိုးသည် ပုဂံခေတ်တွင် မင်းဝတ်ဆင်းတုတော်များ၏ မကိုဋ်နှင့် တွဲဖက်၍ တွေ့ရသော်လည်း ရိုးရိုးဆင်းတုတော်များမှာ အလွန်ရှားပါးသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ပုဂံမြေမှုရုံကြီး အနောက်ဘက်ခန်းမရှိ ဆင်းတုတော်နှစ်ဆူမှာမူ နဖူးစည်းများ ထင်ရှားစွာတွေ့ရသည်။[၁၈] ဤဆင်းတုတော်များကို ရည်ညွှန်း၍ ရေးထိုးသည်ဟု ယူဆရသော ကောဇာသက္ကရာဇ် ၅၆၇ (ခရစ်နှစ် ၁၂၀၅)ခုထိုး ကျောက်စာတခုကို တွေ့ရှိရသည်။[၁၉] ထို့ကြောင့် ဆယ်နှစ်ရာစုကုန်ဆုံးပြီးချိန်တွင် ဗုဒ္ဓဆင်းတုတော်တွင် နဖူးစည်းတပ်ဆင်ထုလုပ်သော အလေ့အထ ပုဂံ၌ရှိနေပြီဟု ယူဆနိုင်ပါသည်။

ယခုကဲ့သို့ ပုံစံနှင့်ဟန်ကိုကြည့်၍ ခေတ်နှင့်ခုနှစ်သက္ကရာဇ်ခန့်မှန်းရာတွင် အဓိကတွေ့ကြုံရသော အခက်အခဲကား ဆင်းတုတော်များကို မူလလက်ရာအတိုင်း မဖူးတွေ့နိုင်တော့ခြင်းပင်ဖြစ်သည်။ ခေတ်သစ်တွင် ဒါယကာတို့က ကြည်ညိုစိတ်ဖြင့် ပြန်လည်မွမ်းမံကြပါသည်။ နဖူးနှင့် ဆံတော်စပ်ကြားတွင် သကျိစ်တော်တပ်ဆင်ပြီး ပိုမိုသပ္ပါယ်လာစေရန် ရောင်စုံကျောက်များစီချယ်မွမ်းမံကြ၏။ ထို့ကြောင့် မူလနဖူးစည်း မည်သို့ရှိသည်ကို မသိနိုင်တော့ပါ။ မျက်လုံးတော်နေရာတွင် ခေတ်သစ်ကြွေမျက်လုံးများကို တပ်ဆင်ကြသဖြင့် မူလလက်ရာကို မတွေ့မြင်ရတော့ချေ။ ဤနေရာ၌ ကျွန်တော်ငယ်စဉ်က အတွေ့အကြုံတစ်ရပ်ကို အလျဉ်းသင့်၍ တင်ပြလိုပါသည်။ ကျွန်တော်အဖွားသည် မိမိ၏မျက်စိမှုံဝါးနေသည့်အတွက် ဘုရားတွင် မျက်စိလှူခဲ့ဘူးပါသည်။ အဖွား၏မျက်စိလှုနည်းကား မြို့ဟောင်းမြို့ ရှစ်သောင်းဘုရားမှ မူလအတိုင်း မပြုမပြင်ရှိနေသော ကျောက်ဆင်းတုတော်တဆူတွင် ကြွေမျက်လုံးအသစ်တစုံကို ဘုရားရင်ပြင်ပေါ်မှာပင် ဝယ်ယူပြီး ပန်းရံဆရာအား တပ်ဆင်စေပါသည်။ အလားတူ အလှူရှင်များ အမြောက်အမြားရှိကြပါသည်။ တချို့ကမူ သင်္ကန်းလှူကြပါသည်။ ပိုး၊ မာဆရိုက်စသော အဝတ်သင်္ကန်းများကို ကိုယ်တော်၌ စည်း၍ လှူဒါန်းကြလျှင် အကြောင်းမဟုတ်သော်လည်း၊ တချို့ကမူ အင်္ဂတေသင်္ကန်းကို လှူဒါန်းကြသဖြင့် ရှေးလက်ရာပျောက်ကွယ်ရတော့သည်။ ယခုတင်ပြထားသော လေးမြို့ဆင်းတုတော်များအနက် ကျောက်ဆင်းတုတော်ကြီးများမှာ ယင်းသို့ပြုပြင်မွမ်းမံခြင်းခံထားကြရသည်။ ထို့ကြောင့် မူလနဖူးစည်းမည်သို့ရှိလေသည်ကိုမူ အတိအကျ မသိနိုင်တော့ပါ။

လေးမြို့ခေတ်တွင် ပုဂံနှင့်ဆက်ဆံမှုရှိခဲ့သကဲ့သို့ သီဟိုဠ်နှင့်ဆက်ဆံမှုများကိုလည်း တွေ့ရှိရသည်။ လေးမြို့ခေတ်ရခိုင်သူမြတ်စီကုံးခဲ့သော လောကသာရပျို့အပိုဒ် ၄၄ တွင်

လင်္ကာဒီပ၊ သီဟဠဟု၊ နာမပြဓါန်း၊ သိန်းယိုကျွန်း၌၊ ထွန်းသည့်နေသွင်၊ တန်ခိုးထင်သား၊ သခ်ဗောဓိ၊ အမည်ရှိသည်၊
မင်းကြီးကျင့်တူ၊ နှလုံးမူလော့၊ နတ်လူချစ်ခြင်း၊ ထိုသည့်မင်းကား၊ စောင့်ခြင်းတရား၊ မယွင်းမှားတည့်

ဟုရေးသားထားသည်။[၂၀] ဤတွင် သီဟိုဠ်နှင့် ဆက်သွယ်မှုကို သိရှိရရုံသာမက သီဟိုဠ်ကျွန်းတွင် ခရစ်နှစ်သုံးရာစုခေတ်က အုပ်စိုးခဲ့သော သခ်ဗောဓိမင်း[၂၁] ကို စံပြု၍ သူ့နည်းတူ အုပ်ချုပ်ရန်ပင် အကြံပေးထားကြောင်း တွေ့ရသည်။ သီဟိုဠ်နှင့် သာမန်ဆက်သွယ်ရုံသာမက သီဟိုဠ်၏ရှေးခေတ်ရာဇဝင်ကိုလည်း နားလည်ခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် သီဟိုဠ်နှင့် ယဉ်ကျေးမှုရေးရာ ကူးလူး ဆက်ဆံမှုများ ရှိခဲ့မည်မှာ ထင်ရှားလှပါသည်။

ထို့ပြင် လေးမြို့ခေတ် သက္ကရာဇ် ၇၁၈ ခု တပိုဝ်တွဲလထိုးကောလိတ ဆရာနိရမ္ဗန်ကျောက်စာ[၂၂] စာကြောင်းရေ ၃ ၌ သီဟိုဝ်မင်းဟု ရေးသားဖော်ပြထားခြင်းဖြင့်လည်း လေးမြို့ခေတ်၌ သီဟိုဠ်ရခိုင်ဆက်ဆံရေးရှိခဲ့ကြောင်း သိရသည်။ ယခုတွေ့ရှိရသော လေးမြို့ခေတ် ဗုဒ္ဓဆင်းတုတော်များတွင်လည်း သီဟိုဠ်ဟန်မကင်းသော ဆင်းတုတော်များစွာ ပါရှိသည်။ ဤဆင်းတုတော်များအနက် အများစုကို မြောက်ဦးမြို့မှ တွေ့ရှိရခြင်းဖြစ်သော်လည်း အနုပညာလက်ရာအရ ကြည့်သော် လေးမြို့ခေတ်က ဆင်းတုတော်များသာ ဖြစ်ဖွယ်ရှိသည်။ လေးမြို့မှတဆင့် မြောက်ဦးသို့ရောက်ရှိလာခြင်းပင်ဖြစ်ပေမည်။

ယခုတွေ့ရသော သီဟိုဠ်ပုံစံ ဆင်းတုတော်များတွင် အဓိကအကျဆုံးလက္ခဏာကား ဥဏှောင်းတော်၌ မီးလျှံပုံဥဏှိသ ပါရှိခြင်းပင်ဖြစ်၏။ ဤဆင်းတုတော်များမှာ သီဟိုဠ်ရှိဆင်းတုတော်များနှင့် ပုံစံချင်း ဟန်ချင်းတူညီလွန်းသဖြင့် သီဟိုဠ်မှ ပင့်ဆောင်လာခဲ့လေသလောဟူ၍ပင် တွေးစရာရှိပါသည်။ အထူးသ ဖြင့် မြို့ဟောင်းမြို့ ဗန္ဓုလတောင်ကျောင်းမှ ပေါ်တော်မူကြေးဆင်းတုတဆူ (ပုံ ၂၄)သည် ၁၃ ရာစု သီဟိုဠ်ဆင်းတုတော် တဆူ[၂၃] နှင့် တထေရာတည်း နီးပါးတူညီနေကြောင်း တွေ့ရသည်။ ထို့ကြောင့် ယခု ရခိုင်မှာတွေ့ရသော ဆင်းတုတော်ကိုလည်း ခရစ်နှစ် ၁၃ ရာစုလက်ရာပင် ဖြစ်မည်ဟု မှတ်ယူသင့်သည်။ ဤဆင်းတုတော်သည် မြောက်ဦးမြို့၌ တွေ့ရသော်လည်း ၁၃ ရာစုဆင်းတုတော်ကို ၁၅

---

၁၈။ OBEP, Pl. 391 (a).

၁၉။ OBEP, P. 421.

၂၀။ မင်းသုဝဏ်၊ လောကသာရပျို့သုံးစောင်တွဲ၊ ရန်ကုန်၊ ကုသလဝတီ၊ ၁၃၁၇၊ စာ-၁၉၀။

၂၁။ ယင်း

၂၂။ မြို့ဟောင်းမြို့နယ်မဟာထီးရွာ မြောက်ဘက်တဖါလုံအကွာရှိ ကျောက်ဆောင်ကြီးတွင် ရှိပါသည်။

၂၃။ ယခုကိုလံဘိုပြတိုက်ရှိ ကြေးဆင်းတုတော် May, Reginald Lc, A Concise History of Buddhist Art in Siam, London, Cambridge University Press, 1938, P. 117 & fig. 132. (Hereafter this work will be referred to as May, Buddhist Art in Siam).

ကျော်ဇံသာ ရာစုမှ စတင်ထွန်းကားလာသော မြောက်ဦးခေတ် ယဉ်ကျေးမှုတွင် မဖော်ပြသင့်ဟု ယူဆပါသည်။ မြောက်ဦးခေတ် ဘုရင်တစ်ပါးပါးက သီဟိုဠ်၌ ဆင်းတုတော်များကို ကြည်ညို၍၊ ပင့်ဆောင်သည်ဖြစ်စေ၊ ပုံစံကူးယူသည်ဖြစ်စေ၊ မြောက်ဦးနှင့် ခေတ်ပြိုင် သီဟိုဠ်မှ ဆင်းတုများကိုသာ ကူးယူပင့်ဆောင်ရန် အကြောင်းရှိပေသည်။ မထင်မရှား လှသည့် လေးမြို့နှင့် ခေတ်ပြိုင်သီဟိုဠ်မှ ရှေးဟောင်းပုံစံတဆူကိုမူ ပင့်ဆောင်လိမ့်မည် မဟုတ်ပါချေ။ ဤအကြောင်းများကြောင့် ဤသီဟိုဠ်ပုံစံ ဗုဒ္ဓဆင်းတုတော်များကို လေးမြို့ခေတ် ခေါင်းစဉ်အောက်တွင် ထည့်သွင်းဖော်ပြရခြင်း ဖြစ်ပါသည်။

ယခုကဲ့သို့ မီးလျှံပုံ ဥဏှိသရှိသော ဗုဒ္ဓဆင်းတုတော်များသည် ကျန်မြန်မာပြည်အဝှမ်းတွင် လွန်စွာရှားပါလှသည်။ ဤဆင်းတုတော်မျိုးနှင့် ပတ်သက်၍ ဒေါက်တာသန်းထွန်းက-

ဥက္ကောင်းတော်မှာ အပေါ်ဆုံးထိပ်ဖျားမှာ သဗ္ဗညုတဉာဏ်တော်ကို ရည်မှတ်ပြီး မီးလျှံပုံဖော်ပါတယ်။ ယိုးဒယားဖက်မှာ မီးလျှံရယ်လို့ အထင်အရှား သိသာလောက်တဲ့အတွက်ကို တွေ့နိုင်ပေမယ့် ဗမာဖက်မှာတော့ မီးလျှံ သဘောပျောက်ပြီး ကြာဖူးငုံ့ပျောဖူးအချွန်းကို ပုဂံခေတ်ကစပြီး ၁၉ ရာစုဝက်ကျော်တဲ့အထိ တွေ့လာရပါတယ်။[၂၄]

ဟုဆိုထားပါသည်။ ဒေါက်တာသန်းထွန်းအနေဖြင့် ရခိုင်ပြည်မှ မီးလျှံဥဏှိသပါ ဆင်းတုတော်များကို မတွေ့ခဲ့ရ၍ သော်လည်းကောင်း၊ တိုင်းရင်းလက်ရာဟု မယူဆ၍သော်လည်းကောင်း၊ အထက်ပါအတိုင်း ရေးသားခြင်းဖြစ်မည် ထင်ပါသည်။

ဤမီးလျှံဥဏှိသမျိုးကို သီဟိုဠ်တွင် မည်သည့်အချိန်ကစတင်အသုံးပြုခဲ့သည်ကိုပင် အတိအကျ မသိရသေးပေ။ သီဟိုဠ်မှ သုတေသီဒေဗန်ဒြာက မီးလျှံဥဏှိသပါရှိသော သီဟိုဠ်အပူကန[၂၅] ဆင်းတုတော်ကြီးကို ခုနှစ်ခန့်မှန်းရာ၌ ခရစ်နှစ် ၅ ရာစုခန့်က ဖြစ်မည်ဟု ဆိုထားသည်။[၂၆] သို့သော် ဒေါက်တာလိမေကမူ ခရစ်နှစ် ၇၅၀ မှ ၁၂၄၀ ထိ ထွန်းကားခဲ့သော ပိုလွန်နာရူဝ[၂၇] ခေတ်၏ ဒုတိယပိုင်းကာလတွင် စတင်ပေါ်ပေါက်လာခြင်း ဖြစ်တန်ရာသည်ဟု ဆိုလိုပါသည်။[၂၈] လီမေ၏ အယူအဆအရ ခရစ်နှစ် ၁၁ ရာစုတွင် စတင်လာသည်ဟု ဆိုလိုပါသည်။ သီဟိုဠ်မှ ဤအလေ့အထသည် ယိုးဒယားသို့ သောက္ကတဲ[၂၉] ခေတ်နောက်ပိုင်းတွင် ရောက်ရှိလာခဲ့သည်။ သီဟိုဠ်တွင် အဆိုပါ ဥဏှိအများသည် မီးလျှံထက် ဗျတ်စောင်း[၃၀] နှင့်တူနေပြီး ယိုးဒယားသို့ရောက်မှ မီးလျှံနှင့် တူညီလာသည်ဟု သိရသည်။[၃၁] ယခုရခိုင်မှာ တွေ့ရသော ဆင်းတုတော်တို့၏ ဥဏှိသသည် ယိုးဒယားဥဏှိသနှင့်မတူပဲ သီဟိုဠ် ဥဏှိသများနှင့်သာ တူညီကြောင်းတွေ့ရ၏။ ဥဏှိသသာမက ကျန်အစိတ်အပိုင်း အားလုံးတွင်လည်း ယိုးဒယားဟန် လုံးဝမတွေ့ရချေ။ ထို့ကြောင့် ဤဆင်းတုလက်ရာများသည် သီဟိုဠ်နှင့် တိုက်ရိုက်ဆက်ဆံရာမှ ရရှိခဲ့သော လက်ရာများဖြစ်ကြောင်း ထင်ရှားပါသည်။

လေးမြို့ခေတ် ဗုဒ္ဓဆင်းတုတော်များကို ခြုံငုံသုံးသပ်ရသော် ဝေသာလီဟန်များကို ဆက်လက်ခံယူခဲ့သကဲ့သို့ ပုဂံသီဟိုဠ် စသော ပြင်ပဒေသများမှ လက်ရာများနှင့်လည်း ရောထွေးယှက်တင်ခဲ့ကြောင်း တွေ့ရသည်။ ဤအချက်သည် လေးမြို့ခေတ် ရခိုင်ပြည်၏ ပြည်ပဆက်သွယ်ရေးကို လေ့လာရာတွင် များစွာ အထောက်အကူပြုနိုင်ပါသည်။ ပုဂံနိုင်ငံ သီဟိုဠ်နိုင်ငံတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ကူးလူးဆက်ဆံမှုရှိခဲ့ကြောင်း သိရှိနိုင်သည်။ နောင်ပေါ်ထွန်းလာမည့် မြောက်ဦး ခေတ်ကိုယ်ပိုင်ဟန်အတွက်လည်း လေးမြို့ခေတ် ပန်းပုပညာရှင်တို့က ရှေ့ပြေးသဖွယ် စတင်ထုလုပ်ခဲ့သည့် လက္ခဏာရပ်အချို့ကိုလည်း တွေ့ရပါသည်။

ပစ္စည်းအမျိုးအစားအားဖြင့် လေးမြို့ခေတ်တွင် ကျောက်နှင့်ကြေးကိုသာ အဓိကတွေ့ရသည်။ သစ်သားဆင်းတုတော်၊ အုတ်ခွက်ဆင်းတုတော် စသည်တို့ကို ယနေ့ထိ မတွေ့ရသေးပါ။ သစ်သားဆင်းတုတော်၊ အုတ်ခွက်ဆင်းတုတော် စသည်တို့ကို ယနေ့မတွေ့ရသေးပါ။ သစ်သားဆင်းတုတော်များသည် မိုးများသော ရခိုင်ဒေသတွင် ကြာရှည်မခံနိုင်၍ ပျက်စီးသွားခြင်း ဖြစ်နိုင်သော်လည်း အုတ်ခွက်ဆင်းတုတော်များကို မတွေ့ရှိရသေးသည်မှာ စနစ်တကျ မရှာဖွေနိုင်သေး၍သာ ဖြစ်ပါလိမ့်မည်။ ဝေသာလီတွင် ယင်းသို့ အုတ်ခွက်မတွေ့ရသေးသော်လည်း အုတ်ခွက်ထုလုပ်ခဲ့ ကြောင်း ကျောက်စာအထောက်အထားရှိခြင်း၊ အန္ဒဂူကျောက်ခွက်တွေ့ရှိရခြင်းတို့ကြောင့် ဝေသာလီသားတို့ အုတ်ခွက်ထုလုပ်ကိုးကွယ်ခဲ့ကြမည်မှာ သေချာပါသည်။ လေးမြို့ခေတ်နောက်တွင် ထွန်းကားခဲ့သော မြောက်ဦးခေတ်၌ အုတ်ခွက်များစွာ တွေ့လာရ၏။ ထို့ကြောင့် ဝေသာလီနှင့် မြောက်ဦးတို့အကြားမှာ ထွန်းကားခဲ့သော လေးမြို့တွင်လည်း အလားတူ အုတ်ခွက်မျိုးမတွေ့ရသေးသည့်တိုင်အောင် ရှိကောင်းရှိခဲ့မည်ဟု ယူဆနိုင်သည်။ နောင်ဆက်လက်ရှာဖွေကာ သုတေသနပြုလုပ်ရဦးမည်ဖြစ်သည်။

---

၂၄။ နယ်လှဲ့(၁)၊ စာ-၉၆။

၂၅။ Aoukana

၂၆။ Devendra, D.T., Classical Sinhalese saulpture, London, Alec Tiranti, 1958, P. 23 & fig 74, 75. (Hereafter This work will be referred to as Devendra, Classical Sinhalese Sculpture).

၂၇။ Polonnaruwa

၂၈။ May, Buddhist Art in Siam, P. 119.

၂၉။ Sukotai

၃၀။ Lyre

၃၀။ May, Buddhist Art in Siam, P. 117.

## ပုံ(၁၆)

### အလာမံပျူကြေးဆင်းတုတော်[၃၂]

| | | |
|---|---|---|
| ယခုနေရာ | - | မြို့ဟောင်းမြို့၊ လက်ကောက်ဈေးကျောင်းတိုက် |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | ဉာဏ်တော်အမြင့် ၄ လက်မခန့်၊ ပလ္လင်အမြင့် ၁ လက်မခန့် |
| ပစ္စည်းအမျိုးအစား | - | ကြေး |

ရာဇဝင်များအဆိုအရ အလောမာဖြူမင်းသည် သက္ကရာဇ် ၆၁၂ (ခရစ်နှစ် ၁၂၅၀)တွင် လောင်းကြက်မြို့ကို တည်ထောင်ခဲ့သည်ဟု သိရပါသည်။[၃၃]ယခုဆင်းတုတော်တွင် အလာမံပျူဟု ရေးထိုးထားသည်ကို တွေ့ရှိရသဖြင့် လောင်းကြက်မြို့တည် အလောမာဖြူမင်း၏ ကောင်းမှုတော်များ ဖြစ်လေမည်လားဟု တွေးဆဖွယ်ရာရှိပါသည်။ လက်ရာ အားဖြင့်လည်း လေးမြို့ခေတ်လက်ရာဖြစ်နေသည်။ ဥဏှိသသည် ပုဂံတွင်တွေ့ရသည့် ပုံစံအတိုင်း နှစ်ဆင့်ပါရှိပြီး ထိုအပေါ်တွင် ကြာဖူးသဏ္ဌာန်တစ်ခုထိုးထွက်နေသည်။ နားရွက်တော်များမှာလည်း ပုဂံဆင်းတုတော်များ၏ နားရွက်ကဲ့သို့ အပေါ်ပိုင်းကြီးပြီး အောက်သို့ သေးသွယ်၍ ချွန်နေသည်။ ဆံပင်သဘောကို အသေးစိတ်ဖော်ပြခြင်းမရှိ၍ မဏိတော်မှာ ပြောင်ချောနေသည်။ ပုံဂံဆင်းတုတော်များကဲ့သို့ မျက်လွှာချထားသော်လည်း နှာခေါင်းတော်သည် ပုဂံမှာကဲ့သို့ ချွန်ထက်ခြင်းမရှိပဲ ဘေးသို့ပြန့်ကားလျှက် တွေ့ရပါသည်။ဤနှာခေါင်းမျိုးသည် နောင်မြောက်ဦးခေတ် ဗုဒ္ဓဆင်းတုတော်များတွင် အများဆုံးတွေ့လာရမည်ဖြစ်သည်။ တနည်းဆိုရသော် သီးခြားပင်ကိုယ်ဟန်ကို စတင်အသုံးပြုလာခြင်းဟု ဆိုနိုင်သည်။ နှုတ်ခမ်းတော်မှာ ပြုံးယောင်သန်းပြီး မေးစေ့ချွန်နေသော် လည်း မျက်နှာတော်တစ်ခုလုံးကို ခြုံကြည့်သောအခါ အထက်အောက် ရှည်မျောမျော မရှိပဲ ဘေးသို့သာကျယ်ပြန့်နေသည်ဟု ထင်ရ၏။ ဤအချက်သည်လည်း မြောက်ဦးခေတ်တွင် ထွန်းကားလာမည့် လက္ခဏာ ရပ်၏ရှေ့ပြေးဖြစ်သည်ဟု ဆိုနိုင်သည်။ ပုဂံနှင့် ဆက်နွယ်သော လေးမြို့ခေတ် ဆင်းတုတော်များ၊ အထူးသဖြင့် ကျောက်ဆင်း တုတော်များအားလုံးမှာ ဝဇီရာသနဖြင့် စံပယ်လျက်တွေ့ရသော်လည်း ယခုဆင်းတုတော်မှာမူ ပလ္လင်ကာသနဟန်ဖြင့် စံပယ်လျက်ရှိသည်။ သို့သော် ကျန်အဆင်အပြင်များမှာ လေးမြို့ခေတ်ဟန်အတိုင်းသာ ဖြစ်ပေသည်။

## ပုံ(၁၇)

### ၃၂ ကြိမ်မြောက် ပြည်ထောင်စုနေ့ပြခန်းမှ ကြေးဆင်းတုတော်

| | | |
|---|---|---|
| ယခုနေရာ | - | စစ်တွေမြို့ စန္ဒမဥ္ဇူကျောင်းတိုက် |
| မူလနေရာ | - | မသိရ |
| အတိုင်းအတာ | - | ဉာဏ်တော်အမြင့် ၁၀ လက်မခန့်၊ ပလ္လင်အမြင့် ၂ လက်မခန့် ဒူးမှ ဒူးထိ ၇ လက်မ |
| ပစ္စည်းအမျိုးအစား | - | ကြေး |

ဤဆင်းတုတော်ကို ကျိုက္ခဆံကွင်း၌ ကျင်းပသော ၃၂ ကြိမ်မြောက် ပြည်ထောင်စုနေ့ ရခိုင်ပြည်နယ်ပြခန်းတွင် ခင်းကျင်းပြသထားစဉ် သွားရောက်လေ့လာပြီး ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ စစ်တွေမြို့ စန္ဒမဥ္ဇူကျောင်းတိုက်မှ ပင့်ဆောင်လာခြင်းဖြစ်သည်ဟု သိရပါသည်။[၃၄] အဆိုပါပြခန်း၌လည်း ဤဆင်းတုတော်ကို လေးမြို့ခေတ် ဗုဒ္ဓဆင်းတုတော်ဟု ကဗျည်းထိုးထား၏။ သူတို့အယူအဆသည် ကျွန်တော်၏ယူဆချက်နှင့် ထပ်တူပင်ဖြစ်သည်။ ဤဆင်းတုတော်ကို ပုဂံခေတ် ဗုဒ္ဓဆင်းတုတော်များနှင့် ရောနှော၍ ပြသထားပါက သာမန်လူပြိန်းတစ်ဦးအနေဖြင့် လွယ်ကူစွာ ခွဲခြားနိုင်မည်မဟုတ်ချေ။ အထူးသဖြင့် မဏိတော်သည် ပုဂံလက်ရာများနှင့် အထူးနီးစပ်နေသည်။ ကြာဖူးသဏ္ဌာန်ဥဏှိသအပြင် အဖုအပိန့်များဖြင့် ဆံပင်ကို သရုပ်ဖော်ထားခြင်းသည်လည်းကောင်း၊ နဖူးပေါ်ရှိ ဆံစအဆုံးသတ်သည် အလယ်တွင် အောက်သို့အနည်းငယ်ကွေးညွှတ်နေပြီး နဖူးဒေါင့်များတွင် အနည်းငယ်ကျယ်သွားဟန်သည်လည်းကောင်း၊ ပုဂံခေတ်ဆင်းတုတော်များ၏ အသွင်အတိုင်းဖြစ်သည်။ မျက်ခုံးတော်များသည်လည်း ပုဂံလက်ရာနှင့် တူညီပါသေးသည်။ သို့သော် နှာခေါင်း မချွန်ခြင်း၊ နှုတ်ခမ်းတော် ပြုံးယောင်မသန်းခြင်း၊ မေးစေ့မချွန်ခြင်းတို့က လေးမြို့ခေတ် ကိုယ်ပိုင်ဟန်များဖြစ်ကြ၏။ ဤခြားနားမှုများသည် အရပ်ဒေသ မတူညီမှုကြောင့်သာ ဖြစ်ဟန်ရှိပြီး နှစ်ကာလကွာခြားခြင်းကြောင့်ကား ဖြစ်ဟန်မတူချေ။ ထို့ကြောင့် ဤဆင်းတုတော်သည် ပုဂံဆင်းတုတော်များနှင့် ခေတ်ပြိုင်ဖြစ်ဖွယ်ရှိပါသည်။ ဤဆင်းတုတော်၏ ပလ္လင်သည် ဝေသာလီ ကျောက်ဆင်းတုတော်တချို့ (ပုံ-၂)တွင် စတင်တွေ့ခဲ့ရသော ပလ္လင်မျိုးဖြစ်၏။ အလယ်တွင် ကျဉ်းထားကာ အထက်နှင့်အောက်သို့

---

၃၃။ ရခိုင်ရာဇဝင်သစ်၊ စာ-၃၅၇။

၃၄။ ၁၃-၂-၇၉ နေ့တွင် ရခိုင်ပြည်နယ်ပြခန်းတာဝန်ခံ ဦးအောင်လှသိန်း၏ပြောပြချက်။

ကျော်ဇံသာ ခပ်ကားကားရှိပြီး မွမ်းမံချယ်လှယ် မှု လုံးဝမရှိသော ပလ္လင်မျိုးဖြစ်သည်။ ရုပ်တုနှင့်ပလ္လင်ကို တဆက်တည်းသွန်းလုပ်ထားသည်။ ခြုံ၍ဆိုရသော် ဤဆင်းတုတော် သည် အလာမံပျူဆင်းတုတော်နှင့် အသွင်သဏ္ဍာန်အနည်းငယ် ခြားနားသော်လည်း အခြေခံသဘောအားဖြင့် အတူတူပင် ဖြစ်သည်။

**ပုံ(၁၈)**

**မြောက်ဦးပြတိုက်မှ ကြေးဆင်းတုတော်**

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးပြတိုက် |
| မူလနေရာ | - | |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကြေး |

ဥက္ကောင်းတော်ကျိုးပြတ်သွားပြီးနောက် ပြန်ဆက်ထားရခြင်းဖြစ်၍ အချိုးအစားများစွာ မမှန်ကန်တော့ပါ။ သို့သော် မဏိတော် ကလေးမြို့ခေတ် လက်ရာတစ်ခုဖြစ်ကြောင်း အတိအလင်း ဖော်ပြနေပါသည်။ အထူးသဖြင့် ပြည်ထောင်စုနေ့ပြခန်းမှာ အဖူးမျှော်ခံခဲ့သည့် ဆင်းတုတော် (ပုံ-၁၇)၏မဏိတော်နှင့် များစွာဆင်တူသည်။ သို့သော် မဏိတော်ထိပ်တည့်တည့်မှ ထိုးထွက်နေသည့် ဥဏှိုသမှာ မသိမသာခြားနားပါသည်။ ပုံ-၁၇ ၏ ဥဏှိုသတွင် ဘေးတဘက်တချက်မှ ပွင့်ဖတ်နှစ်ခုစီသာ ပါရှိသော်လည်း ယခုဆင်းတုတော်မှာမူ သုံးခုစီပါရှိသည်။ သို့သော် ဆံတော်ပုံစံများနှင့် ဆံစုတို့မှာ လုံးဝတူညီသည်။ ထို့ပြင် အတန်ငယ်ပြည့်ဖြိုးသော မျက်နှာတော်တို့သည်လည်း တူညီကြပါသည်။ ယခုဆင်းတုတော်နှင့် တထေရာတည်းတူညီသော ဥဏှိုသတခုကို ပုဂံဆင်းတုတော်တဆူမှာ တွေ့ရ၏။ လျှောင်ဒဏ်ကြောင့် ရွှေစည်းခုံစေတီတော်ခရားသီးအတွင်းမှ ရရှိခဲ့သော ကြေးဆင်းတုတော်တဆူမှာ အလားတူ ဥဏှိုသမျိုးဖြစ်သည်။[၃၅] သို့သော် ဤဆင်းတုတော်သည် ပုံ(၁၇)ထက်လည်းကောင်း၊ ပုဂံမှဆင်းတုတော်ထက်လည်းကောင်း သက်နှီးထူထပ်နေသည်။ သက်နှီးအစီအမံမှာ အခြေခံသဘောချင်း အတူတူပင်ဖြစ်သော်လည်း ပထမဆင်းတုတော်နှစ်ဆူတို့မှာ ချပ်ချပ်ရပ်ရပ်သေသေသပ်သပ်ရှိကြသော်လည်း ဤဆင်းတုတော်မှာမူ အနည်းငယ်ထူပွနေကြောင်း တွေ့ရသည်။ ကိုယ်ခန္ဓာမှာလည်း အဆိုပါဆင်းတုတော်များလောက် အချိုးအစား ကျနမှုမရှိလှပါ။ မဏိတော်ကို သွန်းလုပ်ရာမှာမူ ပထမဆင်းတုတော်များထက် မညံ့သော်လည်း ကိုယ်ခန္ဓာနှင့် သက်နှီးအစီအမံတို့မှာ ပထမဆင်းတုတော်နှစ်ဆူကို မမှီဟုဆိုနိုင်သည့်အတွက် ဤမဏိတော်နှင့် ဤကိုယ်တော်တို့မှာ မူလကပင် အတူတူမှ ဟုတ်ပါ၏လားဟု သံသယဝင်ဖွယ်ရာဖြစ်နေသည်။ မည်သို့ပင်ရှိစေကာမူ မဏိတော်ကို အခြေခံထားပြီး လေးမြို့ခေတ် ဆင်းတုတော်တဆူအဖြစ် ထည့်သွင်းတင်ပြပါသည်။

**ပုံ(၁၉)**

**ကြေးဆင်းတုတော်ခေါင်းပိုင်း**

| | | |
|---|---|---|
| ယခုနေရာ | - | စစ်တွေမြို့ စန္ဒမဥ္ဇူကျောင်းတိုက် |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကြေး |

ပုံ(၁၈)နှင့် ထပ်တူနီးပါးတူညီသော ဆင်းတုတော်တစ်ဆူဖြစ်ပါသည်။ ဥဏှိုသမှာ ပွင့်ဖတ်တဘက်သုံးခုစီပါရှိပုံချင်းသည်လည်းကောင်း အလယ်ဗဟိုတွင် ကျောက်မျက်တခုခုမြုပ်နှံထားပုံချင်းသည်လည်းကောင်း တူညီပါသည်။[၃၆] သို့သော် ယခုဆင်းတုတော်၏ ဥဏှိုသက အနည်းငယ်မျှ ပိုမိုရှည်လျားစွာ ထိုးထွက်နေသည်။ ယင်းအဖူးအောက်မှ မဏိတော်မှာ အချိုးအစားသည်လည်းကောင်း ဗိန္ဒုပြောက်များဖြင့် ဆံပင်ကို သရုပ်ဖော်ထားဟန်သည်လည်းကောင်း လုံးဝတူညီသည်။ နဖူးတော်၏အလယ်သို့ အနည်းငယ်ကွေး၍ ကျဆင်းနေသော ဆံစအနားသတ်နှင့် နဖူးဒေါင့်ဖော်ထားဟန်၊ နားသယ်ယူထားဟန်တို့မှာလည်း တူညီကြသည်။ ထို့ပြင် မျက်ခုံးနှင့် မျက်လုံးတို့၏အပြင်ဒေါင့်များ အပေါ်သို့မြင့်နေဟန်မှာလည်း တသဘောတည်းပင် ဖြစ်၏။ မျက်နှာတော်အချိုးအစားအားဖြင့်မူ ပုံ(၁၈)က အထက်အောက်ပို၍ သွယ်လျပြီး ယခုဆင်းတုတော်မှာ ဘေးသို့အနည်းငယ်ကျယ်ပြန့်နေသည်။ သို့သော် ခြုံငုံနှိုင်းယှဉ်လိုက်သော် တခေတ်တည်း လက်ရာဖြစ်မည်မှာ များစွာ ထင်ရှားပါသည်။

**ပုံ(၂၀)**

---

၃၅။ ၂၅-၃-၇၆ နေ့ထုတ် ကြေးမုံသတင်းစာနောက်ကြောဖုံး

၃၆။ ယင်းကျောက်မျက်ကို နှစ်ဆူစလုံးတွင် မတွေ့ရတော့ပါ။

**ရွှေစေတီကျောင်းမှ ကြေးဆင်းတုတော်**

| | | |
|---|---|---|
| ယခုနေရာ | - | စစ်တွေမြို့ ရွှေစေတီကျောင်းတိုက် |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | ၇ လက်မခွဲ |
| ပစ္စည်းအမျိုးအစား | - | ကြေး |

မဏိတော်မှ ထိုးထွက်နေသော ဥဏှိုသသည် ရှေ့တွင်တင်ပြခဲ့သည့် ဆင်းတုတော်တို့၏ ဥဏှိုသထက် အနည်းငယ် နိမ့်နေသော်လည်း လေးမြို့ခေတ်ဟန်ပင်ဖြစ်သည်။ အထူးသဖြင့် အလောမာ ပျူကြေးဆင်းတုတော် (ပုံ ၁၆)၏ ဥဏှိုသနှင့် ဆင်တူသည်။ သို့သော် မဏိတော်၌ ဆံပင်များကို သရုပ်ဖော်ရာတွင် အလောမာပျူဆင်းတုကဲ့သို့ ပြောင်ချောမဟုတ်ပဲ ပုံ(၁၇)(၁၈)နှင့် (၁၉)တို့ကဲ့သို့ ဗိန္ဒုပြောက်များ ဖြစ်နေသည်။ ပုံ(၁၈)နှင့် (၁၉)တို့မှာ ကျောက်မျက်တလုံးကို ဥဏှိုသတွင် တပ်ဆင်ထားသော်လည်း ဤဆင်းတုတော်မှာမူ ဥဏ္ဏာလုံမွေးရှင်တော်နေရာ၌သာ တပ်ဆင်ထားသည်။ မျက်နှာတော်နှင့် နားရွက်အစုံတို့သည်လည်းကောင်း၊ စံပယ်တော်မူဟန်နှင့် ကိုယ်ခန္ဓာအချိုးအစားတို့သည်လည်းကောင်း၊ ရှေ့ကတင်ပြခဲ့သည့် လေးမြို့ဆင်းတုတော်များနှင့် ထပ်တူဖြစ်သည်။ ထူးခြားနေသည်မှာ ဘူမိဖသသဟန်ဖြင့် မြေကြီးသို့ ညွှန်းထားသော ညာလက်ချောင်းများ အတိုအရှည်မတူညီပဲ ပကတိအချိုးအစားအတိုင်း ရှိနေခြင်းဖြစ်သည်။ ထို့ပြင် ဤဆင်းတုတော်၏ လက်ချောင်းမှာ လက်သဲခွံများကိုပါ အသေးစိတ် ဖော်ပြထုလုပ်ထားသည်။ ပလ္လင်မှာ ကြာပလ္လင်နှင့် ပျော့ပလ္လင်ကို ပေါင်းစပ်ထားသည့် ဟန်မျိုးဖြစ်သည်။

**ပုံ(၂၁)**

**နန်းကျကျေးရွာ မြောက်ဘက်ရှိတိသဘုရား**[၃၇]

| | | |
|---|---|---|
| ယခုနေရာ | - | မြို့ဟောင်းမြို့နယ် နန်းကျကျေးရွာ |
| မူလနေရာ | - | ၎င်း |
| အတိုင်းအတာ | - | ဥာဏ်တော် ၇ ပေ၊ ၄ လက်မ |
| | | ဒူးစွန်း ၇ ပေ၊ ၃ လက်မ |
| | | ပလ္လင်အမြင့် ၁ ပေ၊ ၅.၆ လက်မ |
| ပစ္စည်းအမျိုးအစား | - | ကျောက် |

ယခုထိ တွေ့ရှိရသမျှ လေးမြို့ခေတ် ဆင်းတုတော်များအနက် ဥာဏ်တော်အကြီးဆုံး ဆင်းတုတော်တဆူဖြစ် သည်။ နဖူးစည်းနှင့် မျက်လုံးတော်များကိုမူ ပြန်လည်ဖြည့်စွက်ပြုပြင်ထားကြပြီး ဖြစ်၏။ သို့သော် မျက်လွှာချထားသည့် သဘောကား ပပျောက်သွားခြင်းမရှိချေ။ သေးငယ်သော ဥဏှိုသကား မူလလက်ရာပင် ဖြစ်ဟန်တူသည်။ မျက်ခုံးတော်အစုံကို ဆေးရောင် အနက်ချယ်ထားသည့်အတွက် ခေတ်သစ်ဆန်နေသော်လည်း သေချာစွာ ကြည့်လိုက်သောအခါ နှာတံအရင်း၌ ဆုံတွေ့နေသော မူလမျက်ခုံးရှုည်များကို တွေ့မြင့်ရသည်။ ထိုမျက်ခုံးတော်နှစ်ခုဆုံရာ အထက်နားတွင် ဥဏ္ဏာလုံမွေးရှင်တော်လည်း ပါရှိနေသည်။ တဖန်ချွန်ထက်နေသော နှာတံရှိပြီး နှုတ်ခမ်းတော်ပါးလှပ်ကာ ဘေးတဘက်တချက်စီတွင် အပေါ်သို့ ကော့တက်နေခြင်းကြောင့် ပြုံးသယောင်ဖြစ်နေသည်။ မေးစေ့ချွန်ကာ မျက်နှာတော်သည် ဘေးတိုက်ထက် ဒေါင်လိုက်ပို၍ ရှည်လျားနေ၏။ ဤလက္ခဏာများအားလုံးသည် ပုဂံဆင်းတုများနှင့် တူညီသော လက္ခဏာရပ်များပင်ဖြစ်သည်။ သင်္ကန်းတော်ကို စီမံထားဟန်မှာလည်း ပုဂံခေတ်အစီအမံမျိုးနှင့် နီးစပ်၏။ ခြေတော်အစုံမှာ ဝဇီရာသနဖြင့် စံပယ်လျက်ရှိသည်။ ယင်းသို့စံပယ်ရာတွင် အောက်ခြေမြဲမြံခိုင်မာနေခြင်းကို တွေ့ရ၏။ ဤသို့အောက်ခြေ မြဲမြံသော အမျိုးအစားသည် သီဟိုဠ်ဆင်းတုတော်များမှာ စတင်တွေ့ရသော အချိုးအစားဟု ဆိုနိုင်ပါသည်။ ဥာဏ်တော် အမြင့်နှင့် ဒူးစွန်းနှစ်ခုအကွာအဝေးကို နှိုင်းယှဉ်ကြည့်သောအခါ အကွာအဝေးချင်း တူညီနေသည်။ ဒေဗန်ဒြာက-

---

၃၇။ ရှေးဟောင်းဖလင် ၁၀၀/၈၁၃၈)၁၉၅၈-၅၉)

၃၈။ Devendra, Classical Sinhalese Sculpture, PP. 21-22.

၃၉။ ပိုလွန်နာရုဝရှိထိုင်တော်မူကျောက်ဆင်းတုတော်ကြီး၏ ဓမ္မခဏ်သည်ယခုဆင်းတုတော်ကဲ့သို့ နိမ့်နေပါသည်။ယင်းဓမ္မခဏ် အောက်တွင်မှ ပလ္လင်ရှိသည်။ May, Buddhist Art in Siam, fig. 134.

သီဟိုဠ်ဆင်းတုတော်နှင့် ပတ်သက်၍ အတတ်ပညာပိုင်းတွင် ထိုင်တော်မူ ဆင်းတုများ၌ တူညီမှုရှိကြောင်း တွေ့ရသည်။ အောက်ခြေမျဉ်းဖြောင့်တစ်ကြောင်းသို့ ဒေါင်လိုက်မျဉ်းဖြောင့်တကြောင်းကို ဆွဲသားလိုက်သောအခါ ယင်းမျဉ်း၂ ကြောင်းတို့၏အရှည်သည် များစွာကွာဟမှုမရှိပေ။ ဆိုလိုသည်မှာ ဆင်းတုတော်၏ ဒူးစွန်းနှစ်ခုအကွာအဝေးသည် ဥာဏ်တော်အမြင့်နှင့် မတိမ်းမယိမ်းရှိလေသည်။ . . . ကိုယ်ခန္ဓာအထက်ပိုင်း၏အလေးချိန်သည် ပိုမိုလေးလံသည့် အောက်ခြေပေါ်တွင် တည်ရှိနေသည်ဖြစ်၍ သဘာဝအတိုင်း ဟန်ချက်ညီမျှမှုဖြစ်ပေါ်စေသည်။[၃၈]

ဟု မှတ်ချက်ချထားသည်။ ထို့ပြင် နိမ့်သော ဓမ္မခဏ်ပေါ်၌ စံပယ်ခြင်းသည်လည်း သီဟိုဠ်ဆင်းတုတော်၏လွှမ်းမိုးမှု ဖြစ်ဟန် ရှိပါသည်။[၃၉] သို့သော် ဆင်းတုတော်သေးသွယ်သည့် သဘောမဆောင်ခြင်း လက်မောင်းတော် လက်ဖျံတော်နှင့် ခြေတော်အစုံသည် မသေးသွယ်ပဲ ပြည့်ပြည့်ဖြိုးဖြိုးရှိခြင်းတို့က လေးမြို့ခေတ်တိုင်းရင်းဟန်ကို ကိုယ်စားပြုလျှက် ရှိသည်ဟု ဆိုနိုင်ပါသည်။

## ပုံ(၂၂)
## နန်းကျရွာ အနောက်ဘက်ရှိ ကျောက်ရုပ်ပွားတော်[၄၀]

| | | |
|---|---|---|
| ယခုနေရာ | - | မြို့ဟောင်းမြို့နယ် နန်းကျကျေးရွာ |
| မူလနေရာ | - | ၎င်း |
| အရွယ်အစား | - | ဥာဏ်တော် ၇ ပေ၊ ၄ လက်မ |
| | | ဒူးစွန်း ၇ ပေ၊ ၁ လက်မ |
| | | ပလ္လင်အမြင့် ၁ ပေ၊ |

ပုံ ၂၁ နှင့် တသဘောတည်းရှိသော ဆင်းတုတော် ဖြစ်ပါသည်။ အရွယ်အစားမှစ၍ ပုံပန်းသဏ္ဍာန်အားဖြင့်ပါ အထူးတူညီသည်။ နေရာချင်းကလည်း အထူးနီးကပ်နေသည့်အတွက် တခေတ်တည်းသာမက တလက်ရာတည်းပင် ဖြစ်လိမ့်မည် ဟုခန့်မှန်းနိုင်မည်ထင်ပါသည်။ သို့သော် ဤဆင်းတုတော်က ဆံတော်နေရာ ပိုမိုများပြားခြင်း၊ ပထမဆင်းတုတော်ကဲ့သို့ မျက်နှာတော်မသွယ်ခြင်းတို့သည် မျက်နှာတော်၌ အဓိကခြားနားချက်များ ဖြစ်ပါသည်။ သက်န်းကိုမူ ဤဆင်းတုတော်၌ အနားကွပ်ထားသည်ကို တွေ့ရပါသည်။ လက်တော်တို့သည် ပထမဆင်းတုတော်လောက် မပြည့်ဖြိုးသည့်အပြင် အရှည်ပမာဏအားဖြင့်လည်း အနည်းငယ်လျော့လိမ့်မည် ထင်ရပါသည်။ ပထမဆင်းတုတော်၏တဒေါင်ဆစ်တို့သည် အောက်သို့ ပိုကျနေပြီး ဘယ်လက်ချောင်းထိပ်တို့သည် ညာလက်ဖျံကို ထိခမန်းဖြစ်နေသည်။ သို့သော် ဤဆင်းတုတော်၌ ယင်းလောက်မရှည်ပါ။ ထို့ပြင် ဘူမိဖဿဟန်ရှိသော လက်ချောင်းတို့သည်လည်း ပထမဆင်းတုတော်ကဲ့သို့ ဓမ္မခဏ်ကို ကျော်လွန်၍ ညွှန်းနေခြင်းမရှိချေ။ ဆင်းတုတော်နှစ်ခုကို နှိုင်းယှဉ်သုံးသပ် ရသော် ယခုဆင်းတုတော်က အနည်းငယ်ပိုမို သပ္ပါယ်ကာ အချိုးအစားကျနသည်ဟု ထင်ရပေရာ ထုလုပ်သည့်အချိန်အားဖြင့် ပထမဆင်းတုက ပိုမိုစောလိမ့်မည်ဟု ယူဆပါသည်။ ပထမဆင်းတုပြီးမှ ယင်းအတွေ့အကြုံကို အခြေခံကာ ပိုမိုသပ္ပါယ်အောင် ပြင်ဆင်ထုလုပ်ခဲ့ခြင်းဖြစ်နိုင်သည်။

## ပုံ(၂၃)
## လောင်းကြက်တောင်ထိပ်မှ ကျောက်ဆင်းတုတော်ကျိုးများ[၄၁]

| | | |
|---|---|---|
| ယခုနေရာ | - | လောင်းကြက်တောင်ထိပ် |
| မူလနေရာ | - | ၎င်း |
| အရွယ်အစား | - | ၃ ပေခန့်၊ ၁.၄ လက်မ |
| ပစ္စည်းအမျိုးအစား | - | ကျောက် |

ဤပုံအမှတ် (၂၃)၌ ဗုဒ္ဓဆင်းတုတော် နှစ်ဆူပါဝင်သည်။ နှစ်ဆူစလုံးကျိုးပဲ့ပျက်စီးနေပြီဖြစ်သော်လည်း ကျန်နေသေးသော အစိတ်အပိုင်းများကို ကောင်းစွာလေ့လာနိုင်သေးသည်။ လုံးဝမပြုမပြင်ရသေးဘဲ တူးဖော်ရရှိထားသည်ဖြစ်၍ ပကတိမူရင်းလက်ရာအနေဖြင့် လွန်စွာ အဖိုးထိုက်တန်လှ၏။ ဥာဏ်တော်အကြီးတခုသည် ဘူမိဖဿနှင့် ဈာနာသနတို့ဖြင့် စံပယ်လျက်ရှိပြီး ကျယ်ပြန့်သော ရင်အုံတော်သေးသွယ်သော ခါးတို့ကို ဖူးတွေ့ရသည်မှာ ပုဂံဆင်းတုတော်များကို

---

၄၀။ ရှေးဟောင်းဖလင် ၉၈/၈၁၃၆ (၁၉၅၈-၅၉)

၄၁။ ရှေးဟောင်းဖလင် ၁၃၈/၄၃၇၃(၁၉၆၀-၆၁)။

၄၂။ OBEP, III, Pl. 407 a,b,c.

၄၃။ OBEP, III, Pl. 410 f.

၄၄။ Ibid, Pl. 216 a.

**ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဆင်းတုတော်များကို P-၂၇ သမိုင်းရှုဒေါင့်မှလေ့လာချက် (မြောက်ဦးခေတ်အထိ)** ကျော်ဇံသာ

သတိရ စေပါသည်။ ဘယ်ပခုံးတော်မှ သင်္ကန်းကို ပြန်ချထားသည်မှာလည်း ပုဂံလက်ရာများနည်းတူပင်ဖြစ်၏။ အတိအကျပြောရ သော် ပုဂံပြတိုက်ရှိ နောက်ခံပါကျောက်ဆင်းတုတော်များနှင့်တူညီနေသည်။[၄၂] ကျန်ဥာဏ်တော်အငယ် တဆူမှာမူ ပထမဆင်းတုတော်လောက်ခါးသေးရင်ချီသည့် အချိုးအစား မရှိချေ။ ဘယ်ပခုံးမှ လျှောကျနေသည့် သင်္ကန်းစကို လည်း ပထမဆင်းတုတော် မှာလောက် အသေးစိတ်စီမံထားသည်ကို မတွေ့ရချေ။ အတွန့်ငယ်များ မပါဘဲ တပြင်တည်းဖြစ် နေသည်။ ပုဂံမှာလည်း အလားတူသင်္ကန်းစမျိုးကို တွေ့ရပါသည်။ ဥပမာအားဖြင့် ပုဂံပြတိုက်ရှိ နာဋ္ဌာဂီရိဆင်ကို ချွတ်ခန်းရုပ်တော်မူ ကျောက်ဆင်းတုတော်[၄၃] ၌ လည်းကောင်း အပယ်ရတနာရှိ အုတ်အင်္ဂတေဆင်းတုတော်ကြီး[၄၄] ၌လည်းကောင်း တပြင်တည်း သင်္ကန်းစမျိုးကို တွေ့ရပါသည်။

**ပုံ(၂၄)**

**ဗန္ဓုလတောင်ကျောင်းမှ ပေါ်တော်မူကြေးဆင်းတု[၄၅]**

| | | |
|---|---|---|
| ယခုနေရာ | - | မြို့ဟောင်းမြို့ဗန္ဓုလကျောင်းတိုက် |
| မူလနေရာ | - | |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကြေး |

သီဟိုဠ် ပုံစံဆင်းတုတော်ဟု လွယ်ကူစွာ ခေါ်ဝေါ်နိုင်မည် ထင်ပါသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ၁၃ ရာစု သီဟိုဠ်ဆင်းတုတော်တဆူနှင့် များစွာတူညီနေခြင်းကြောင့် ဤဆင်းတုတော်ကိုလည်း ယင်းခုနှစ်အတွင်းပင် ဖြစ်မည်ဟု ဆိုနိုင်သည်။ သို့သော် သီဟိုဠ်မှဆင်းတုတော်မှာ ပြုံးတော်မူဟန်ဖြစ်သော်လည်း ဤဆင်းတုတော်မှာမူ ပြုံး-ဟန်မပေါ်လွင် လှပါ။ ပန်းပုဆရာအနေဖြင့် ပြုံးဟန်ပေါ်စေရန် ရည်ရွယ်ရင်းရှိခဲ့ကြောင်းကိုမူ နှုတ်ခမ်းတော်များအပေါ်သို့ ကော့တက်နေ သည်ကို တွေ့ရခြင်းဖြင့် သိသာနိုင်သည်။ ထို့ပြင် သီဟိုဠ်မှ ဆင်းတုတော်မှာ နားရွက်တို့သည် ပခုံးကို ထိမနေပဲ ရခိုင်မှ ဆင်းတုတော်မှာ မူထိနေသည်။ ဤဆင်းတုတော် နှစ်ဆူတို့၏ ခြားနားမှုကို အချက်တချက်တည်းနှင့် ဖော်ပြရလျှင် သီဟိုဠ် ဆင်းတုတော်သည် လက်ရာသေသပ်ပြီး လေးမြို့ဆင်းတုတော်မှာ လက်ရာကြမ်းတမ်း၍ သေသပ်မှုမရှိခြင်းပင် ဖြစ်သည်။ ခန္ဓာကိုယ်အချိုးအစားမှာလည်း သီဟိုဠ်ဆင်းတုတော်က အနည်းငယ်သေးသွယ်သည်ဟု ထင်ရပါသည်။ တနည်းအားဖြင့် သီဟိုဠ်ပုံစံကို ကြည်ညိုလို၍ အတုယူသွန်းလုပ်စကာလ ဖြစ်သဖြင့် များစွာကျွမ်းကျင်မှု မရှိသေးခြင်း ဖြစ်မည်ဟု ယူဆပါသည်။ ထို့ပြင် ဤဆင်းတုတော် ထိုင်နေဟန်မှာ ဒူးစွန်းနှစ်ဖက်တို့သည် အပေါ်သို့အနည်းငယ် ကော့တက် နေကာ အောက်ခြေမှာ တပြေးညီမဟုတ်ပဲ အလယ်မှာ အနည်းငယ်ချိုင့်နေသည်။ မီးလျှံ(သို့မဟုတ်)ဗျတ်စောင်း ဥဏှိသပါရှိ သော ဆင်းတုအဖြစ် မြန်မာပြည်တွင် ပထမဆုံးတွေ့ရသော ဆင်းတုတော်ဟုဆိုနိုင်သည်။ မျက်နှာတော်မှာလည်း သီဟိုဠ်သား မျက်နှာပေါက်မျိုး ဖြစ်သည်။ သင်္ကန်းကိုဖော်ပြရာ၌ အနား၊ အမြိတ်တို့တွင် ထူထပ်နေသော်လည်း အလယ်တွင်မူ ပါးလှပ်သည့် သဘောဖြင့် ချက်တော်ကိုပင် ဖော်ပြထားသည်။ ဤသင်္ကန်းအစီမံမျိုးကို ပုဂံအာနန္ဒာစေတီဝင်း ဘဏ္ဍာတိုက်အတွင်းရှိ ရွှေပြားခေါင်းပွ ဆင်းတုတော်များ[၄၆] မှာလည်း တွေ့ရသည်။ သို့သော် ပုဂံဆင်းတုတော်များမှာမူ စျာနာသနခြေဟန်ဖြစ်ပြီး ယခုဆင်းတုတော် မှာမူ သီဟိုဠ်ဆင်းတုတော်အတိုင်း ပလ္လင်ကာသနဖြင့် စံပယ်လျက်ရှိသည်။ အလားတူ သီဟိုဠ်ပုံစံ ဆင်းတုတော် တဆူကို ပဲခူးမြို့ကျောက်တံခါးမှ တွေ့ရသည်။[၄၇] ယခုဆင်းတုတော်နှင့် ဥဏှိသ အနည်းငယ်ခြားနားသော်လည်း ကျန်လက္ခဏာများ တူညီသည်။ ယင်းပဲခူးမြို့မှ ဆင်းတုတော်ကို ဦးတင်လှသော်က ခရစ်နှစ် ၁၃၀၀နှင့် ၁၇၀၀ အကြားဟုသတ်မှတ်ပါသည်[၄၈]

**ပုံ(၂၅)**

**ညောင်ပင်စျေးကျောင်းမှ တင်ပလ္လင်ခွေကြေးဆင်းတုတော်[၄၉]**

| | | |
|---|---|---|
| ယခုနေရာ | - | မြို့ဟောင်းမြို့ ညောင်ပင်စျေးကျောင်းတိုက် |
| မူလနေရာ | - | မသိရ |

---

၄၅။ ရွှေဟောင်းဖလင် ၆၁/၈၀၉၉(၁၉၅၈-၅၉)။

၄၆။ hollow gold-plate images, OBEP, Pl. 424 a,b,c,d.

၄၇။ ရွှေဟောင်းဖလင် ၁၃၄၅ (၁၉၁၄-၁၅) Thaw, Buddha Image in Burma. fig. 27.

၄၈။ Thaw, Buddha Image in Burma. P. 81.

၄၉။ ရွှေဟောင်းဖလင် ၆၉/၈၁၀၇ (၁၉၅၈-၅၉)။

အရွယ်အစား - ၃၁/၂လက်မ
ပစ္စည်းအမျိုးအစား - ကြေး

သီဟိုဠ်ပုံစံ ဒုတိယဆင်းတုတော် တဆူဖြစ်သည်။ ပထမဆင်းတုတော်ပုံ ၂၄ နှင့် သဘောချင်းတူညီသည်။ သို့သော် ဗန္ဓုလတောင်ကျောင်းမှ ဆင်းတုတော်မှာ စျာနာမုဒြာဖြစ်ပြီး ယခုညောင်ပင်စျေးကျောင်းမှ ဆင်းတုတော်မှာမူ အဘယမုဒြာဖြစ်သည်။ ဥဏှိုသမှာလည်း အနည်းငယ်ခြားနားသည်။ မျက်နှာတော်သည် အထက်တွင်ကျဉ်းပြီး အောက်ပိုင်းတွင် ပိုမိုပြန့်ကားနေသည်။ ခါးသေး၍ ရင်အုပ်ကားပြီး ဗန္ဓုလတောင်ကျောင်းမှ ဆင်းတုတော်ထက်ပို၍ ချပ်ချပ်ရပ်ရပ်ရှိသည်။ ပလ္လင်မှာနိမ့်သော်လည်း ရိုးရိုးခမ္ဘဏ်မဟုတ်ပဲ ခါးစည်းကာ အထက်နှင့်အောက်သို့ ကားသွားသည့် ပလ္လင်မျိုးဖြစ်သည်။ ဤဆင်းတုတော် ၂ ခုကို နှိုင်းယှဉ်ကြည့်သောအခါ ယခုဆင်းတုတော်သည် လက်ရာပိုမိုသေသပ် ပိရိလာသည်ကို တွေ့ရသဖြင့် ယခုဆင်းတုတော်က ပိုနောက်ကျသည်ဟု ထင်ရပါသည်။

### ပုံ(၂၆)
### ဥဏှိုသမဲ့ ဆင်းတုတော်

ယခုနေရာ - မြောက်ဦး
မူလနေရာ - မသိရ
အရွယ်အစား -
ပစ္စည်းအမျိုးအစား - ကြေး

သီဟိုဠ်ပုံဆင်းတုတော်တဆူဖြစ်သည်။ မဏိတော်မှ ထိုးထွက်နေသော ဥဏှိုသသည် ပုံ (၂၄)နှင့် (၂၅)တို့ကဲ့သို့ မီးလျှံဥဏှိုသပင်ဖြစ်မည်မှာ သေချာသည်။ သို့သော် ယခုမရှိတော့ပဲ အောက်ခြေကိုသာ တွေ့ရ၏။ ဤဆင်းတုတော်သည် မူလကပင် များစွာချောမွတ်သော လက်ရာတစ်ခုဖြစ်ဟန်တူသည်။ ယင်းတွင် ထပ်ဆင့်ပြီး နှစ်ပေါင်းများစွာ တိုက်စားမှုကို ကြာရှည်စွာ ခံခဲ့ရသည့်အတွက် လုံးပါးပါးနေပြီဖြစ်သည်။ ထူထဲသော သက်န်းအတွန့်အခေါက်တို့သည်လည်းကောင်း၊ ၂မျက်နှာတော်သည်လည်းကောင်း၊ များစွာမှေးမှိန်သွားခဲ့၏။ ပုံ(၂၄)နှင့် (၂၅)ဆင်းတုတော်နှစ်ဆူကဲ့သို့ ပလ္လင်ကာသနဟန်ဖြင့် စံပယ်နေသော်လည်း အလယ်၌ ချိုင့်ပြီး ဒူးတော်များအပေါ်သို့ ကော့နေခြင်းမရှိချေ။ ဤဆင်းတုတော်၏ ထူးခြားချက်တစ်ရပ်မှာ ခြေဖဝါး၌ စက်လက္ခဏာပါရှိခြင်းပင်ဖြစ်သည်။ ညာခြေဖဝါးတွင် မှိန်နေပြီး ဖြစ်သော်လည်း ဘယ်ခြေဖဝါးတွင် အတော်အသင့်ထင်ရှားသော စက်ဝိုင်းကို တွေ့ရသေးသည်။ အသေးစိတ်ဟန်အနည်းငယ် ကွဲပြားနေသော်လည်း အခြေခံဟန်များ ကိုက်ညီနေသည့်အတွက် ပုံ(၂၄)နှင့် (၂၅)ဆင်းတုတော်နှစ်ဆူနှင့် တခေတ်တည်းပင်ဖြစ်မည်ဟု ယူဆပါသည်။

### ပုံ(၂၇)
### ဦးဦးသာထွန်းအိမ်ရှိ ရပ်တော်မူကြေးဆင်းတု

ယခုနေရာ - မြို့ဟောင်းမြို့ဦးဦးသာထွန်းနေအိမ်
မူလနေရာ - မသိရ
အရွယ်အစား -
ပစ္စည်းအမျိုးအစား - ကြေး

သီဟိုဠ်ပုံစံမတ်ရပ် ကြေးဆင်းတုတော်တဆူ ဖြစ်ပါသည်။ အဆင်အပြင်သာမက မျက်နှာပုံပန်းသဏ္ဌာန်ပါ သီဟိုဠ်ပုံစံနှင့် ဆင်တူသည်။ အထူးသဖြင့် မျက်နှာတော်သည် သီဟိုဠ်ကျွန်း အနုရာဓပူရမြို့ရှိ ကျောက်ဆင်းတုတော်ကြီး[၅၀] ၏ မျက်နှာတော်နှင့် တူညီပါသည်။ သို့သော် အဆိုပါ သီဟိုဠ်ဆင်းတုတော်ကြီးမှာ လွန်စွာရှေးကျသော ဆင်းတုတော်ဖြစ်၍[၅၁] ယင်းနှင့်နှိုင်းယှဉ်ကာ ခုနှစ်ခန့်မှန်းရန် မဖြစ်နိုင်ချေ။ မျက်နှာတော်မှလွဲ၍ ကျန်အစိတ်အပိုင်းများမှာလည်း တူညီခြင်းမရှိချေ။ ယင်းဆင်းတုတော်ကြီး၏ ပုံစံမှာ ခေတ်အဆက်ဆက်ဆင်းသက်လာသော ပုံစံတမျိုးဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ ဥဏှိုသမှာမူ ညောင်ပင်စျေးကျောင်းမှ ကြေးဆင်းတုတော်ပုံ (၂၅)နှင့် ဆင်တူ၏။ သို့သော် ပုံ (၂၅)၏ ဥဏှိုသကဲ့သို့ အပေါ်သို့ ရှူးသွားခြင်းမရှိချေ။ သင်္ကန်းအစီအမံမှာလည်း အတွန့်အခေါက်တို့တွင် ထူထပ်ပြီး ကျန်နေရာများတွင် ပါးလှပ်သည့် သဘောမျိုးပင်ဖြစ်သည်။ ကျယ်ပြန့်သော ပခုံးတော်နှင့် ချပ်ချပ်ရပ်ရပ်ရှိသော ခါးတို့သည်လည်း ပုံ(၂၅)နှင့် ဆင်တူကြသည်။

---

၅၀။ Coomaraswamy, HIIA, fig. 293.

၅၁။ Coomaraswamy, က ခရစ်နှစ် ဒုတိယရာစု၏နောက်ပိုင်းဖြစ်မည်ဟု ခန့်မှန်းထားပါသည်။ Coomaraswamy, HIIA, P. 161.

ဤတူညီမှုများကြောင့် ဤဆင်းတုတော်သည်လည်း ပုံ(၂၅)နှင့် တခေတ်တည်း လက်ရာများဖြစ်လိမ့်မည်ဟု ယူဆပါသည်။ ယခုဆင်းတုတော်၏ နဖူးတွင် ဥဏ္ဏာလုံခေါ် မွေးရှင်တော်ပါရှိပြီး လက်တော်အစုံကိုလည်း မုဒြာဟန်တမျိုးစီဖြင့် ပြုလုပ်ထားပါသည်။ ညာလက်သည် အဘယမုဒြာဖြစ်ပြီး ဘယ်လက်မှာ ဝရမုဒြာဖြစ်ပါသည်။

**ပုံ(၂၈)**

**လက်ကောက်ဈေးကျောင်းမှ မတ်ရပ်ကြေးဆင်းတုတော်**

ယခုနေရာ - မြို့ဟောင်းမြို့လက်ကောက်ဈေးကျောင်းတိုက်

မူလနေရာ - မသိရ

အရွယ်အစား -

ပစ္စည်းအမျိုးအစား - ကြေး

ပုံ(၂၇)နှင့် သဘောချင်းဟန်ချင်း တူညီပါသည်။ သို့သော် အချိုးအစားအားဖြင့် ပုံ (၂၇)သည် သေးသေးသွယ်သွယ် ရှိပြီး ယခုဆင်းတုတော်မှာမူ ပြည့်ဖြိုးတုတ်ခိုင်နေပါသည်။ ထို့ပြင် နဖူး၌ ဥဏ္ဏာလုံမွေးရှင်တော်မပါရှိတော့ပါ။ ဉဏှိသတွင်မူ ဥဏ္ဏာလုံမွေးရှင်တော်နှင့် သဏ္ဌာန်တူသော အမှတ်အသားကို တွေ့ရပါသည်။

**ပုံ(၂၉)**

**စန္ဒမဥ္ဇူကျောင်းမှ ကြေးဆင်းတုတော်**

ယခုနေရာ - စစ်တွေမြို့ စန္ဒမဥ္ဇူကျောင်းတိုက်

မူလနေရာ - မသိရ

အရွယ်အစား -

ပစ္စည်းအမျိုးအစား - ကြေး

ထူးခြားသော ဆင်းတုတော်တဆူဖြစ်ပါသည်။ မျက်နှာတော် အနေအထားမှာ သီဟိုဠ်ဟန်မျိုးဖြစ်ပါသည်။ ပြားချပ်သော ဥက္ကောင်းတော်နှင့် အထက်အောက်ကျဉ်းသော နဖူးပြင်မျိုးသည် သီဟိုဠ်တွင် အတွေ့ရများသော်လည်း ယခုကဲ့သို့ ဉဏှိသမျိုးကိုကား ဗုဒ္ဓဆင်းတုတော်များမှာ မတွေ့ရပါ။ သို့သော် သီဟိုဠ်အရှေ့ဘက်မှတွေ့ရသော ပတ္တနီ ဒေဝီ သို့မဟုတ် တာရာ[၅၂] ကြေးရုပ်တွင်မူ ယခုဆင်းတုတော်၏ ဉဏှိသနှင့် ဆင်တူသော ဆံပင်ပုံစံကို တွေ့ရပါသည်။[၅၃] အရွယ်အစားအားဖြင့် သီဟိုဠ်ကြေးရုပ်၏ဆံပင်မှာ ပိုမိုကြီးမားသော်လည်း အသွင်သဏ္ဌာန်ချင်းတူညီပါသည်။ ထို့ပြင် ထိုကြေးရုပ်နှင့် နားရွက်ချင်းလည်း ဆင်တူပါသည်။ ထိုကြေးရုပ်ကို ကုမာရဆွာမိက ခရစ်နှစ် ၁၀ ရာစုခန့်က လက်ရာဖြစ်ကောင်း ဖြစ်မည်ဟု ခန့်မှန်းထားသည်။[၅၄] သင်္ကန်းအစီအမံမှာ ပုဂံဟန်ဖြစ်နေပြီး ကိုယ်အချိုးအစားမှာလည်း အောက်ခြေခိုင်သော သီဟိုဠ်ဟန်မျိုး မဟုတ်ချေ။ ခြေတော်မှာမူ ပုဂံမှာ တွေ့ရခဲ့သော ပလ္လင်ကာသနဖြစ်ပါသည်။ သီဟာသနပလ္လင်တော်မှာလည်း အနည်းငယ် နောက်ကျသည့်သဘောကို ညွှန်းနေသဖြင့် လေးမြို့ခေတ်နောက်ပိုင်း လက်ရာတခုဟု ခန့်မှန်းနိုင်ပါသည်။

---

၅၂။ Pattani Devi or Tara

၅၃။ Coomaraswamy, <u>HIIA,</u> fig 300.

၅၄။ <u>Ibid</u>, P. 167.

## အခန်း(၄)

# မြောက်ဦးခေတ် ဗုဒ္ဓဆင်းတုတော်များ

မြောက်ဦးခေတ်သည် ရခိုင်ပဒေသရာဇ်ခေတ်တွင် နောက်ဆုံးခေတ်ဖြစ်သည် အားလျော်စွာ အထောက်အထား အများဆုံးကျန်ရစ်သောခေတ် ဟုဆိုနိုင်သည်။ မြောက်ဦးကို စတင်တည်ထောင်ခြင်းနှင့် ပတ်သက်၍ ယင်းခေတ်ရေး ရခိုင်မင်းသမီးဧချင်းအပိုဒ်(၃၁)တွင်-

ရေတွက်သက္ကရာဇ်၊ ခုနှစ်ကိုးတွင်၊ စွန်းဝယ်နစ်သော်၊ လတော်သလင်း၊ လျှံဝင်းထွန်းညီ၊ ရဝိနေထွက်၊ ဆန်းတရက်ဝယ်၊

ကန်လင်္ဂကန်စန်း၊ မြို့နှင့်နန်းကို၊ ကျိန်းခန်းစင်စစ်၊ တည်တုံလစ်၍¹

ဟုရေးထားသည်။ ယင်းသို့ သက္ကရာဇ် ၇၉၂ (ခရစ်နှစ် ၁၄၃၀)ခုတွင် စတင်ခဲ့သော မြောက်ဦးခေတ်သည် ခရစ်နှစ် ၁၇၈၄ ခုတွင် အမရပူရဘုရင် ဗဒုံမင်းက တိုက်ခိုက်သိမ်းပိုက်သည်အထိ နှစ်ပေါင်း ၃၅၀ ခန့်တည်တန့်ခဲ့လေသည်။ ဤကာလသည် ရခိုင်လူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုအထွန်းကားဆုံးကာလဟု ဆိုနိုင်သည်။

ရခိုင်မှာ တွေ့ရှိရသမျှအထဲတွင် အစောဆုံးဆင်းတုတော်(ပုံ-၁)ထုလုပ်သော ခရစ်နှစ် ၅ ရာစုမှ စတင်ရေတွက်သော် မြောက်ဦးခေတ်စတင်သော ၁၅ ရာစုကာလ၌ ဗုဒ္ဓဆင်းတုတော်အနုပညာရပ်သည် သက်တမ်းနှစ်ပေါင်းတထောင်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပေသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထေရဝါဒအနုပညာနယ်ပယ်တွင် ပုံတူပြုလုပ်ခြင်းသာ များခဲ့သည်ဆိုသော်လည်း နှစ်ပေါင်း တထောင်ခန့်အတွင်း လက်မှုပညာသည် အဆက်ဆက်ပြောင်းလဲသွားခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် မူလပုံစံနှင့် နောက်ပိုင်းပုံစံများသည် အရေအတွက် ခြားနားမှုမျိုးသာမကတော့ပဲ အရည်အသွေးခြားနားမှုမျိုးပါ ရှိလာခဲ့သည်။ ထို့ပြင် ဤမျှရှည်လျားသောကာလအတွင်း ပြည်ပဒေသများနှင့် ကူးလူးဆက်ဆံမှုပိုမိုကျယ်ပြန့်လာခြင်း၊ ယင်းပြည်ပဒေသများတွင်လည်း ဒေသတွင်း ပြောင်းလဲမှု အဆက်ဆက်ဖြစ်ပေါ်ခဲ့ခြင်းတို့သည်လည်း ရခိုင်ပြည် ဗုဒ္ဓဆင်းတုတော်ပြုလုပ်မှုပညာရပ်တွင် ထင်ဟပ်လာခဲ့သည်။ ဤသို့အားဖြင့် မြောက်ဦးခေတ်တွင် ဗုဒ္ဓသာသနာအနုပညာရပ် အထူးထွန်းကားခဲ့ကာ ဆင်းတုတော်ပုံစံအမျိုးမျိုး လက်ရာအမျိုးမျိုးကို ဖူးတွေ့လာရပါသည်။

လက်ရာအမျိုးမျိုးဆိုရာ၌ ဒေသတွင်း အဆင့်ဆင့်တိုးတက်လာသောပုံစံနှင့် ခေတ်ပြိုင်ပြည်ပပုံစံဟူ၍ အကြမ်းအားဖြင့် နှစ်မျိုးပိုင်းခြားနိုင်ပါသည်။ သို့သော် ဟန်အားဖြင့်ကား မြောက်ဦးဟန်သာဖြစ်သည်။ ဒေသအတွင်း ဖြစ်ပေါ်တိုးတက်လာသောပုံစံကို ထပ်မံ၍ လေးမြို့မှတဆင့် ဖြစ်ပေါ်တိုးတက်လာသောပုံစံနှင့် ဝေသာလီကို ပြန်လည်မှီးထားသော ပုံစံဟူ၍ ခွဲခြားနိုင် သေးသည်။ လေးမြို့မှတဆင့် ဖြစ်ပေါ်တိုးတက်လာသော ပုံစံအဖြစ် အဓိကအားဖြင့် ပုံ(၃၀)၊ ပုံ(၃၁)၊ ပုံ(၃၃)၊ ပုံ(၃၆)တို့ကို တွေ့ရပါသည်။ ကျန်ဆင်းတုတော် တချို့မှာလည်း လေးမြို့ပုံစံမှ လုံးဝကင်းလွတ်နေသည်ဟု မဆိုသာပါချေ။ သို့သော် အပေါ်လွင်အသိသာဆုံးသော လေးဆူကို နမူနာအဖြစ် ရွေးနုတ်တင်ပြခြင်း ဖြစ်ပါသည်။ ဤဆင်းတုတော်လေးဆူတွင် ဥဏှိသနှင့် သင်္ကန်းတို့သည် လေးမြို့ခေတ် ဆင်းတုတော်များ မှ တိုက်ရိုက်ဆင်းသက်လာသည့် သဘောအထူး ပေါ်လွင်လှပါသည်။

မြောက်ဦးရှိ လင်ပန်းပြောက်ဘုရား ဆင်းတုတော် (ပုံ ၃၀)သည် လေးမြို့ခေတ် ဗုဒ္ဓဆင်းတုတော်များနှင့် ပိုမိုနီးစပ်နေ သေးကြောင်း တနည်းအားဖြင့် လေးမြို့ခေတ် ဩဇာမကင်းသေးကြောင်း ထင်ရှားနေသည်။ မဏိတော်၌ ကြာဖူးသဏ္ဌာန် ဥဏှိသထိုးထွက်နေခြင်းက ပုဂံခေတ်နှင့်လေးမြို့ခေတ် ဆင်းတုတော်များအတိုင်းပင်ဖြစ်သည်။ ထို့ပြင် သင်္ကန်းမှာလည်း လေးမြို့ခေတ်သင်္ကန်းပုံစံမျိုးဖြစ်သည်။ အထူးသဖြင့် လောင်းကြက်တောင်ထိပ် ဘုရားကုန်းမှ တူးဖော်ထားသော ကျောက် ဆင်းတုတော် ၂ဆူ(ပုံ ၂၂)အနက် ဆင်းတုတော်အကြီးတွင် ပါရှိသော သင်္ကန်းပုံစံနှင့် ထပ်တူနီးပါးတူညီနေသည်။ ထို့အတူ ရွှေကြာသိမ်ဆင်းတုတော် (ပုံ ၃၃)နှင့် ပန်းကုန်းသိမ်ဆင်းတုတော် (ပုံ-၃၁)တို့၏ သင်္ကန်းများတွင် လေးမြို့ခေတ် ဆင်းတုတို့၏ လွှမ်းမိုးမှုကို တွေ့ရပါသည်။ သို့သော် ဤဆင်းတုတော်များတွင် မြောက်ဦး၏ သီးခြားဖြစ်ပေါ်လာသော ဟန်ကား မျက်နှာ တော်ပင်ဖြစ်သည်။ လေးမြို့ခေတ် ဆင်းတုတော်များတွင် ဥဏ္ဏာလုံမွေးရှင်တော်ကို တွေ့ရသော်လည်း မြောက်ဦးခေတ်ဆင်းတု တော်များတွင်မူ ယင်းကိုမတွေ့ရတော့ချေ။ ထို့ပြင် မြောက်ဦးဆင်းတုများသည် လေးမြို့ဆင်းတုများထက် မျက်ခုံး မျက်လုံး တော်များ ပိုမိုကြီးမားလာကြသည်။ လေးမြို့ဆင်းတုတော်တို့၏ နှာခေါင်းများသည် သေးသွယ်ချွန်ထက်ပြီး နှုတ်ခမ်းတော်များ ပါးလှပ်ကာ ဒေါင့်များအပေါ်သို့ ကွေးတက်နေသဖြင့် ပြုံးယောင်သန်းနေသလိုထင်ရပါသည်။ သို့သော် မြောက်ဦးခေတ် ရောက်လာသောအခါ ပန်းပုဆရာတို့သည် ပြန့်ကားသော နှာခေါင်းများ၊ ထူထပ်ကာ ကျယ်ပြန့်သော နှုတ်ခမ်းများကိုသာ ထုလုပ်လာကြလေသည်။ ထို့ကြောင့် လေးမြို့ဆင်းတုတော်တို့၏ မျက်နှာထားဖြစ်သော ပြုံးယောင်သန်းခြင်းမျိုး ကွယ်ပျောက်

---

၁။ <u>ဓချင်း</u>၊ စာ-၄၃။

ကာ မျက်နှာထားတည်နေသည့် အသွင်မျိုးကို တွေ့လာရပါသည်။ ထို့ကြောင့် လေးမြို့ခေတ်ပုံစံမကုန်သေးသော်လည်း မြောက်ဦးကိုယ်ပိုင်ဟန်ရှိနေပြီဖြစ်သည်။ သက်န်းအစီအမံမှာလည်း လေးမြို့ဟန်ကို အခြေခံကာ ပိုမိုကျယ်ပြန့်ရှည်လျားသော သင်္ကန်းအခေါက်ကို ဘယ်ပခုံးမှ ချလာသည်။ ဆန်းသစ်တည်ထွင်မှု တရပ်အနေဖြင့် ရင်စည်း တပ်ဆင်လာသည်ကိုလည်း တွေ့ရပါသည်။ (ပုံ-၃၆)။

ဒေသတွင်းဖြစ်ပေါ်တိုးတက်လာသော ဒုတိယဟန်တမျိုးကား ဝေသာလီခေတ် ဗုဒ္ဓဆင်းတုတော်များ၏ ပုံစံကို မှီးထားသောမြောက်ဦးဟန်ဆင်းတုတော်များဖြစ်သည်။ သမိုင်းစဉ်တွင် မြောက်ဦးခေတ်သည် လေးမြို့ခေတ်ပြီးနောက် ပေါ်ထွန်းခဲ့သော်လည်း ဤဆင်းတုတော်များကို ပို၍အလှမ်းဝေးသော ဝေသာလီခေတ်ပုံစံများအတိုင်းသာ ထုလုပ်ခဲ့ကြသည်မှာ ထူးဆန်းလှသည်။ ဦးတင်လှသော်ကမူ ဆင်းတုများသည် ဂုပ္တခေတ်အသွင်များကို ပြန်လည်သုံးထားသည်ဟု ထောက်ပြထားသည်[၂] ဝေသာလီနှင့် မြောက်ဦးသည် ၅ မိုင်ခန့်သာဝေးသောကြောင့် ဝေသာလီသည် မြောက်ဦးသားတို့ အမြဲမပြတ်ရောက်ရှိနိုင်သော နေရာဖြစ်သည်။ ဝေသာလီရှိ ဗုဒ္ဓသာသနိက စေတီအပေါင်းတို့လည်း မြောက်ဦးသားတို့ ကြည်ညိုပူဇော်ရာအဖြစ် ဆက်လက်တည်ရှိခဲ့မည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဝေသာလီခေတ်နှင့် မြောက်ဦးခေတ်တို့သည် ခုနှစ်ချင်းအလှမ်းကွာဝေးလှသော်လည်း ဝေသာလီပုံစံကို နှစ်သက်သူ ဒါယကာတစ်ဦးဦးက ပန်းပုဆရာကို နှစ်သက်ရာ ပုံစံအတိုင်း ထုလုပ်စေလျှင် ဝေသာလီပုံစံထွက်လာနိုင်သည်။ အထူးသဖြင့် မြောက်ဦးခေတ် ဒုတိယပိုင်းကာလ[၃] ကို စတင်သော မင်းဗာကြီး (၁၅၃၁-၁၅၅၃)သည် ဝေသာလီယဉ်ကျေးမှုကို လွန်စွာနှစ်သက်မြတ်နိုးခဲ့ဟန် တူသည်။ သူ့လက်ထက်တွင် ဝေသာလီမှ အာနန္ဒစန္ဒြ ကျောက်စာတိုင်ကြီးကို မြောက်ဦးသို့ သယ်ယူကာ ရှစ်သောင်းဘုရားကုန်းပေါ်တွင် စိုက်ထူထားခဲ့လေသည်။[၄] ထို့အတူ သူ၏ကောင်းမှုတော်များဖြစ်သော ရှစ်သောင်းဘုရားမှ ဗုဒ္ဓဆင်းတုတော် (ပုံ-၃၄)နှင့်အံတော်ဘုရားမှ ဗုဒ္ဓဆင်းတုတော် (ပုံ-၃၅)တို့ကိုလည်း ဝေသာလိပုံစံများအဖြစ် ဖူးတွေ့ရပါသည်။

ဗုဒ္ဓသာသနာအနုပညာ လေ့လာမှု၌ ဇကေသီသင်္ကန်းကို လည်ပင်းတွင် တြိဝလီအရစ်များဖြင့် ဖော်ပြထားသော ဗုဒ္ဓဆင်းတုတော်များသည် အိန္ဒိယတွင် ဂုပ္တခေတ်လက်ရာများ ဖြစ်ကြသည်။ ထိုဂုပ္တခေတ်ဆင်းတုတော်များနောက်တွင်မှ သင်္ကန်းခေါက်များကို ပီပြင်စွာ ဖော်ပြထားသော ပါလသေနခေတ်ဆင်းတုတော်များ ပေါ်ပေါက်လာခဲ့သည်။ သို့သော် ရခိုင်ပြည်မှာ တွေ့ရှိရသော ဗုဒ္ဓဆင်းတုတော်များနှင့် ပတ်သက်၍မူ အထက်ပါဖြစ်ရပ်သည် ပြောင်းပြန်ဖြစ်နေပါသည်။ လေးမြို့ခေတ်တွင် သင်္ကန်းထူသော ပါလသေန သို့မဟုတ် ပုဂံပုံစံဆင်းတုတော်များကို ထုလုပ်ကိုးကွယ်ခဲ့ကြပြီးမှ မြောက်ဦးခေတ်ရောက်လာသောအခါ ယင်းပုံစံကို ပစ်ပယ်ကာ ပိုမိုအလှမ်းကွာသည့် ဂုပ္တ သို့မဟုတ် ဝေသာလီပုံစံ ဆင်းတုတော်များကို ထုလုပ်ကိုးကွယ်လာကြသည်။ သို့သော် ကျယ်ပြန့်သော မျက်လုံးတော်အစုံ၊ နှာခေါင်း၊ နှုတ်ခမ်း စသည်တို့ကား မြောက်ဦးခေတ်ဟန်အတိုင်းပင် ဖြစ်သည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဝေသာလီပုံစံ လေးမြို့ပုံစံ ဆင်းတုတော်များအပြင် ပြည်ပပုံစံများကိုလည်း မြောက်ဦးခေတ်တွင် တွေ့ရှိရပါသည်။ ဤအချက်ကြောင့် မြောက်ဦးခေတ် ပြည်ပဆက်ဆံရေးကို ခြေရာကောက်နိုင်ပါသည်။ မြောက်ဦးမြို့သည် လူမျိုးခြားတို့ စုဝေးနေထိုင်ရာမြို့တော်တစ်ခုလည်း ဖြစ်ခဲ့ဟန်ရှိသည်။ ဟာဗေးက မြောက်ဦးခေတ်မင်းရာဇာကြီးလက်ထက် (၁၅၉၃-၁၆၁၂)တွင် စစ်ချီရာမှ ပြန်လာသောအခါ ဗမာ၊ တလိုင်းနှင့် ယိုးဒယားသုံ့ပန်းတို့ကို ခေါ်ဆောင်လာခဲ့ပြီး ဉရာဇ်တောင်နှင့် မယူမြစ်တလျှောက်တွင် နေရာချထားပေးခဲ့သည်ဟုဆိုသည်။[၅]ထို့ပြင် ယိုးဒယားအမတ်တစ်ဦးကို မြောက်ဦးတွင်ခိုလှုံခွင့်ပြု၍ မြို့စားပေးထားခဲ့ဘူးကြောင်းကို ရခိုင်အရေးတော်ပုံပေမူ၌ အောက်ပါအတိုင်း ရေးသားထားသည်။

> တရံသောအခါ၌ ဗဂိုးမင်းကျော်ထင်နော်ရထာသည် ယိုးဒယားပြည်ကို ချီသွားတိုက်ဖျက်လေရာ ယိုးဒယားမင်းပြသတိရာဇာ အမတ်ဘွန်စောမှိုင်း လက်လွတ်ထွက်ပြေးလာ၍၊ မြောက်ဦးသို့ ရောက်လှာသော် ပြည်ရှင်မင်းကြီးက အစားအသုံးအဝတ်မှစ၍ နေရန်အိမ်ပေးတော်မူပြီးမှ အမတ်မဟာပညာကျော်နှင့် ဝင်ထွက်ခစားစေ အမိန်တော်ရှိလေသည်။ . . . ကန်သာမြို့ကို ပေးတော်မူလေသည်။[၆]

ယင်းသို့ရာဇဝင်မှတ်တမ်းများတွင် ဖော်ပြထားချက်များကို ယခုဗုဒ္ဓဆင်းတုတော်များကို လေ့လာပြီးနောက် အဆုံးအဖြတ်ပေးနိုင်လာပါသည်။ ယခုအထိ တွေ့ရှိထားရသမျှ မြောက်ဦးခေတ်ပြည်ပပုံစံ ဆင်းတုတော်များတွင် ယိုးဒယားပုံစံဆင်းတုတော်များသည် အများဆုံးဖြစ်သည်။ တချို့ဆင်းတုတော်များမှာ ပုံစံသာမက ဟန်ပါ ယိုးဒယားဟန်ဖြစ်နေသဖြင့်

---

၂။ Thaw, Buddha Image in Burma, P. 80.

၃။ မြောက်ဦးခေတ်ကို နိုင်ငံရေးအားဖြင့် ပထမပိုင်း (၁၄၃၀-၁၅၃၀) ဒုတိယပိုင်း(၁၅၃၁-၁၆၃၈)နှင့် တတိယပိုင်း (၁၆၃၈-၁၇၈၂)ဟူ၍ သုံးပိုင်းခွဲခြားနိုင်ပါသည်။

၄။ စံသာအောင်၊ အာနန္ဒစန္ဒြ၊ စာ-၁၀။

၅။ Harvey, History, P. 141.

၆။ ကဝိသာရ၊ ရှင်၊ ဒွါရာဝတီ၊ "ရခိုင်အရေးတော်ပုံ" (ပေမူ)ကျမ်းပြီးနှစ် ၁၁၄၉၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ပေထုပ် အမှတ် (၄၉၈၈၇)ခြိဝမ်း ၃၊ ၄၊ ၇။

ပုံ(၃၉)ယိုးဒယားမှ ပင့်ဆောင်ခဲ့ခြင်းပင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ယိုးဒယားနှင့် မြောက်ဦးဆက်ဆံရေးများပြားခဲ့ပုံကို များစွာပေါ်လွင်စေသည်။

မြောက်ဦးခေတ်တွင် ထူးခြားသော ပြည်ပဟန် နောက်ထပ်တမျိုးကား ဂန္ဓာရ[၇]ပုံစံဖြစ်သည်။ ဗုဒ္ဓဆင်းတုတော်များကို ဂန္ဓာရနယ်တွင် စတင်ထုလုပ်စဉ်က မထူရာ[၈]လက်ရာများနှင့်မတူပဲ သရုပ်မှန်အတိုင်း ထုလုပ်ခဲ့ကြလေသည်။ ဆံပင်ကို ပကတိဆံပင်ကဲ့သို့ အစင်းလိုက်ပေါ်လွင်အောင် ထုလုပ်ခဲ့ကြသည်။ သင်္ကန်းကိုလည်း ဂရိနတ်ဘုရားများ၏ ဝတ်ရုံကဲ့သို့ ပခုံးနှစ်ဖက်ကို ဖုံးအုပ်၍ ရင်ဘတ်ပေါ်တွင် လွှမ်းခြုံကာ အတွန့်များပေါ်နေအောင် ထုလုပ်ခဲ့ကြသည်။ ထိုနောက် အိန္ဒိယတောင်ပိုင်း အန္ဓရ[၉]ခေတ်တွင် ခရုပတ်ဆံခွေနှင့် တွဲဘက်ကာ အလားတူ ခြုံလွှာသင်္ကန်းကို ဆက်လက်ပြုလုပ်ခဲ့ကြသည်။ သို့သော် တထေရာတည်းမတူတော့ပဲ အနည်းငယ်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ ဤဂန္ဓရမူရင်းပုံစံမျိုးသည် ဂုပ္တခေတ်ရောက်လာသောအခါ ပိုမိုပြောင်းလဲတိမ်ကောသွားကာ နှောင်းခေတ်များ၌ အိန္ဒိယမှာရော အရှေ့တောင်အာရှမှာပါ မတွေ့ရသလောက် ရှားပါးသွားခဲ့သည်။ သို့သော် ကမ္ဘာ့အရှေ့ဖျားဒေသဖြစ်သော တရုပ်နှင့် ဂျပန်ဗုဒ္ဓဆင်းတုပညာရပ်တွင် ဂန္ဓာရမူရင်းပုံစံများ ဆက်လက်ထွန်းကားနေလေသည်။ ယခုမြောက်ဦးခေတ်တွင် ဤဂန္ဓာရပုံစံဆင်းတုတော်များ ပုံ(၄၅) (၄၆)တို့ကို တွေ့ရှိရသည့်အတွက် အထက်ပါဒေသများနှင့် မြောက်ဦးခေတ်ရခိုင်တို့၏ ကူးလူးဆက်ဆံမှု ရှိခဲ့ပုံကို သိရပါသည်။ ပုံ(၄၅)သည် ဂန္ဓာရနယ်နှင့် တိုက်ရိုက်ဆက်ဆံမိ၍ ရရှိလာသော လက်ရာဟုယူဆနိုင်သော်လည်း ပုံ(၄၆)မှာမူ အရှေ့ဖျားအသွင်အပြင်များ လွှမ်းမိုးပါရှိနေသည်။ ထို့ကြောင့် အရှေ့ဖျားဒေသနှင့်လည်း ကူးလူးဆက်ဆံမှု ရှိခဲ့မည်ဟု ခန့်မှန်းနိုင်ပါသည်။ ယုတ်စွအဆုံး ဤဆင်းတုများကို ထုလုပ်သူသည်သော်လည်းကောင်း၊ ထုလုပ်စေသူ ဒါယကာသည်သော်လည်းကောင်း၊ ဂန္ဓာရဆင်းတုတော်များကို သို့မဟုတ် အရှေ့ဖျားရောက် ဂန္ဓာရပုံစံဆင်းတုတော်များကို ဖူးတွေ့ဖူးသူဖြစ်ရမည်ဟု ယူဆမိပါသည်။

မြောက်ဦးခေတ်တွင် ဗုဒ္ဓဆင်းတုတော်များပြုလုပ်ရာ၌ ပစ္စည်းအမျိုးအစားအားဖြင့် ကျောက်၊ ကြေးနှင့် အုတ်တို့ကို အသုံးပြုခဲ့ကြသည်။ ကျောက်ဆင်းတုတော်များကို အရွယ်အစား အကြီးမားဆုံးတွေ့ရသည်။ ကြေးဆင်းတုတော်များလည်း အခြားခေတ်များမှာထက် အရွယ်အစားပိုမိုကြီးမားလာသည်။ အာနန္ဒစန္ဒြကျောက်စာတွင် စတင်အထောက်အထားတွေ့ခဲ့ရသော အုတ်ခွက်ဆင်းတုများကိုလည်း ယခုမြောက်ဦးခေတ်ရောက်မှ အကောင်အထည်တွေ့မြင်လာရပါသည်။ သို့သော် ခေတ်ဦးရခိုင်မှာ တွေ့ခဲ့ရသည့် အန္ဒဂူကျောက်ကိုမူ မြောက်ဦးမှာ မတွေ့ရသေးချေ။

မြောက်ဦးခေတ် ဗုဒ္ဓဆင်းတုအနုပညာသည် အမျိုးအမည်အားဖြင့် ထွေထွေပြားပြားတွေ့ရသကဲ့သို့ လက်ရာပိုမိုမြောက်လာသည်ကိုလည်း တွေ့နိုင်ပါသည်။ ကျောက်ဆင်းတုများ ထုလုပ်ရာတွင် ခေတ်ဦးရခိုင်နှင့် လေးမြို့ဆင်းတုတော်များသည် မြောက်ဦးလက်ရာထက်မည့်သော်လည်း မြောက်ဦးကြေးဆင်းတုတော်များကား ရှေးခေတ်ကြေးဆင်းတုတော်များထက် သိသိသာသာ ပိုမိုချောမွတ်ကာ လက်ရာမြောက်လာခဲ့သည်။ သတ္တုကိုပိုမိုနိုင်နင်းကာ ကြေးသွန်းအတတ် ပိုမိုတိုးတက်လာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မြောက်ဦးခေတ် ဗုဒ္ဓဆင်းတုတော် ပြုလုပ်မှုသည် ရှေးခေတ်များနှင့်ယှဉ်သော် များစွာဖွံ့ဖြိုးတိုးတက်ခဲ့သည်ဟု ကောက်ချက်ချနိုင်ပါသည်။

**ပုံ(၃၀)**

**လင်ပန်းမြောက်စေတီမှ ကျောက်ဆင်းတုတော်[၁၀]**

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးမြို့ |
| မူလနေရာ | - | ယင်း |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကျောက် |

သာမန်ကြည့်ရုံမျှဖြင့် ဤဆင်းတုတော်သည် လေးမြို့ခေတ်လက်ရာနှင့် များစွာနီးစပ်နေသေးကြောင်း သိနိုင်ပါသည်။ ဥဏှိသမှ ကြာဖူးသဏ္ဍာန်ထိုးထွက်နေခြင်းသည် ပုဂံနှင့် အဆက်အသွယ်များခဲ့သည့် လေးမြို့ဆင်းတုတော်များတွင် တွေ့ရသည့်ပုံစံမျိုးပင်ဖြစ်သည်။ အထူးသဖြင့် အလာမံပျူဆင်းတုတော်၏ ဥဏှိသနှင့် တူညီပါသည်။ သို့သော် ယင်းကြာဖူးတည်နေရာ ဥဏှိသသည် လေးမြို့ခေတ်မှာထက် အနည်းငယ်ကြီးမားလာသည်။ ဤအချက်သည် မြောက်ဦးခေတ်ဟန်တရပ်ဖြစ်သည်။ မျက်လွှာတော်ချထားပြီး နှာခေါင်းနှင့်ပါးစပ်တို့မှာလည်း မြောက်ဦးခေတ်ဟန်အတိုင်းပင် ဖြစ်သည်။ နှုတ်ခမ်းတော်အစုံကို သေသပ်စွာစေ့ထားသည့်အတွက်ကြောင့် တည်ကြည်လေးနက်သည့်အသွင်ကို ဆောင်နေသည်။ သင်္ကန်းအစီအမံ

---

၇။ Gandhara

၈။ Mathurā

၉။ Andhra

၁၀။ ရှေးဟောင်းဖလင် ၂၁၆၁ (၁၉၂၀-၂၁)

ကျော်ဇံသာမှာ လေးမြို့ခေတ်လက်ရာမှ မပြောင်းလဲသေးချေ။ အထူးသဖြင့် လောင်းကြက်တောင်ထိပ်မှ တူးဖော်ရရှိသော ကျောက်ဆင်းတုတော်အကျိုးများ (ပုံ-၂၂)အနက် အကြီးဆင်းတုတော်နှင့် တူညီပါသည်။ သို့သော်လေးမြို့ခေတ် ကျောက်ဆင်းတုတော်များမှာ များသောအားဖြင့် ဝဇီရာသနဟန်ဖြင့် စံပယ်လျက်ရှိကြသော်လည်း ယခုဆင်းတုတော်ကား ပလ္လင်ကာသနဟန်ဖြင့် စံပယ်လျက်ရှိပါသည်။

**ပုံ(၃၁)**

**ပန်းကုန်းသိမ် ဆင်းတုတော်**[၁၁]

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးမြို့ ဇန္ဒုလရပ်ပန်းကုန်းသိမ် |
| မူလနေရာ | - | ၎င်း |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကျောက် |

ဤပုံတွင် ရုပ်ပွားတော် သုံးဆူပါဝင်သော်လည်း လက်ဝဲဘက်ဆင်းတုတော်မှာ ပြုပြင်ထားသော ခေတ်သစ်လက်ရာချည်းဖြစ်နေ၍ ကျန်၂ ဆူကိုသာ သုံးသပ်တင်ပြထားပါသည်။ ဗဟိုဆင်းတုတော်ကြီး၏ ဓမ္မခဏ်တွင် အောက်ပါအတိုင်း ကျောက်စာပါရှိသည်။ (ပုံ-၃၂)။

"သကြစ် ၈၅၇ ခု ဆရာမင်သေစ ထုသောဖုရာတည်"[၁၂]

ဤသိမ်ကို ပန်းကုန်းသိမ်ဟု ခေါ်ဝေါ်ခြင်းနှင့် ပတ်သက်၍ ဦးဦးသာထွန်းက

. . . ယခုအခါ ပန်းကောင်းသိန်ဟူ၍ ခေါ်ကြ၏။ ခေါ်စဟန်ကား သက္ကရာဇ် ၁၁၄၆ ခုတွင် ဘိုးတော်မောင်ဝိုင်း တိုက်ဖျက်၍ ရခိုင်ပျက်လေလျှင် ရခိုင်ဘုရင်တို့၏ ပန်းတော်ဆက် ပန်းကောင်းကြီးသည် ပြုပြင်လေသည်နှင့် ပန်းကောင်း သိန်ဟု ခေါ်ဝေါ်ကြလေသည်။

ဟုရေးသားထားသည်။[၁၃] ကာလရွေ့လျားလာသောအခါ ပန်းကုန်းသိမ်ဟူ၍ ဖြစ်လာသည်။ မဏိတော်မှာ လေးမြို့ခေတ်က ကဲ့သို့ ကြာဖူးမပါရှိတော့ချေ။ ဥဏှိသလည်း သေးငယ်ခြင်းမရှိတော့ပဲ လေးမြို့ခေတ်ကထက် ပြည့်ဝန်းပြီး ထိပ်ပြား ချပ်လာသည်။ ဤဥဏှိသမျိုးသည်ပင် မြောက်ဦးခေတ်ဆင်းတုတော်များ၏ ထင်ရှားသော လက္ခဏာတစ်ရပ်ဖြစ်သည်။ ဆံတော်ကို ပိန္နဲစူးများဖြင့် သရုပ်ဖော်ထားသည်။ နဖူးတော်မှာ ဒေါင်လိုက်ထက် ဘေးတိုက်က ပို၍ကျယ်ပြန့်သည်။ မျက်ခုံးတော်အစုံသည် ကကြီးသဏ္ဍာန်ကွေးပြီး အလယ်မှာ ဆုံတွေ့နေသည်။ နှာခေါင်းမှာ ဘေးသို့ပြန့်ကားနေသည်။ နှုတ်ခမ်းတော်ကို မသိမသာပြုံးရိပ်သန်းနေအောင် ရည်ရွယ်ချက်ဖြင့် ထုလုပ်ထားခြင်း ဖြစ်ဟန်ရှိသော် လည်း ပါးပြင်များက ထူအန်းအန်း ဖြစ်နေ၍ အပြုံးမပေါ်လွင်လှပါ။ ထို့ပြင် ကြွေမျက်လုံးကြီးများကို မဟပ်စပ်ပဲ တပ်ဆင်ထားသည့် အတွက် သပ္ပါယ်မှုကို လျော့ပါးစေသည်ဟု ထင်ရပါသည်။

သင်္ကန်းကို ညာပခုံးလှပ်ကာ ဘယ်ပခုံးမှ သင်္ကန်းစချသည့် လေးမြို့ဟန်အတိုင်း ထုလုပ်ထားသည်။ လည်ပင်းတွင်လည်း တြိဝလိကို ဖော်ပြထားသည်။ ထို့ကြောင့် အခြေခံအားဖြင့် တြိဝလိဖြင့် ဖော်ပြထားသော သင်္ကန်းတထပ်၊ ညာလက်အောက်မှ ပင့်သိုင်းကာ ဘယ်ပခုံးမှ အစချထားသော သင်္ကန်းတထပ် သင်္ကန်းနှစ်ထပ်သဘော ဖြစ်နေသည်။ တနည်းအားဖြင့် ဤပန်းပုပညာသည်တို့သည် တြိဝလိကို သင်္ကန်းဟု မယူဆတော့ပဲ ဗုဒ္ဓ၏လက္ခဏာတော်တစ်ရပ်အဖြစ် သတ်မှတ်လာကြဟန် တူပါသည်။ များစွာသော မြောက်ဦးခေတ်လက်ရာများကဲ့သို့ ဘူမိဖဿနှင့် ပလ္လင်ကာသနတို့ဖြင့် စံပယ်လျှက်ရှိသည်။ လက်ချောင်းများ အရှည်မညီကြချေ။ ရင်ခွင်ပေါ်တွင် ချထားသော ဘယ်လက်ချောင်းများမှာ အရှည်မညီရုံသာမကလက်မကို ကျန်လက်ချောင်းများထက် မြှင့်မထားပဲ တပြေးညီထားရှိခြင်းမှာ ထူးခြားနေသည်။ ဆင်းတုတော်၏ ခန္ဓာကိုယ်အချိုးအစား မှာ ကိုယ်ထည်ရှည်လျားသွယ်လျနေသော်လည်း အောက်ခြေမှာ တိုတုတ်နေသည်။

လက်ျာဘက်ရှိ ဆင်းတုတော်သည် ဆရာမင်သေစ ထုသော ဆင်းတုတော်နှင့် တနေရာတည်းတွင် တွေ့နေရသော်လည်း တချိန်တည်းထုသော ဘုရားဟုပြောရန် ခက်ခဲသည်။ တချိန်တည်း ထုခဲ့သည့်တိုင်အောင် ဆရာမင်သေစ ကိုယ်တိုင်ထုသောလက်ရာဟုဆိုရန် မဖြစ်နိုင်ချေ။ မျက်နှာတော်ရှိ အစိတ်အပိုင်းအချို့ တူညီမှုရှိသည်ဟု ဆိုနိုင်ရုံမှလွဲ၍ ကျန်တကိုယ်လုံးအသေးစိတ် ဟန်ချင်းခြားနားလျက်ရှိသည်။ မျက်ခုံးနှင့်နှာခေါင်းတို့ တူညီသည်ဟု သာမန်အားဖြင့် ဆိုနိုင်သည်။

---

၁၁။ ရှေးဟောင်းဖလင် ၂၃၂၅ (၁၉၂၂-၂၃)

၁၂။ ရှေးဟောင်းဖလင် ၂၃၂၆ (၁၉၂၂-၂၃) ဤကျောက်စာပါ သက္ကရာဇ်ကို ဦးသာထွန်းက ၈၇၇ ဟုဖတ်သည်။ ဦးသာထွန်း၊ <u>မြောက်ဦးမြို့ဘုရားသမိုင်း၊</u> ရန်ကုန်၊ ပြည်တော်သာပုံနှိပ်တိုက်၊ ၁၉၄၀၊ စာ-၃၀ (နောင်ဦးသာထွန်း၊ ဘုရားသမိုင်းဟု ညွှန်းမည်)။ ဦးတင့်လှသော်ကမူ ၈၅၇ ဟု ဖတ်သည်။

Thaw, <u>Buddha Image in Burma,</u> P. 80.

၁၃။ ဦးသာထွန်း၊ <u>ဘုရားသမိုင်း</u>၊ စာ-၃၀။

သို့သော် မျက်နှာတော် အရွယ်အစားမှာ ယခုဆင်းတုတော်က ဒေါင်လိုက်ထက် ဘေးတိုက်က ပို၍ကျယ်ပြန့်သည်။ နားရွက်တော်အစုံမှာ ပထမဆင်းတုတော်ကဲ့သို့ နောက်သို့လန်မနေပဲ ဘေးသို့ကားနေပါသည်။ နှစ်ဆူစလုံးတွင် တြိဝလိပါရှိသော်လည်း ဧကသီသက်န်းကို ပထမဆင်းတုတော်မှာ မျဉ်းထွင်း၍သာ ဖော်ပြထားပြီး ယခုဆင်းတုတော်မှာ ဖောင်းကြွဖြင့် ဖော်ပြထားသည်။ ဘူမိဖဿမုဒြာနှင့် ပလ္လင်ကာသနတို့ကိုပင် သုံးထားသော်လည်း ညာလက်ချောင်းများတွင် လက်မတိုနေသည်က လွဲ၍ ကျန်လက်ချောင်းများ အရှည်မကွာကြပါ။ ဘယ်လက်တွင် လက်မကို မြှင့်ထားသည်။ ခြေဖဝါးများမှာလည်း ပထမဆင်းတုတော်ကဲ့သို့ တပြေးညီမဟုတ်ပဲ ဖဝါးချိုင့်နေသည့်သဘောပေါ်လွင်စေရန်အတွက် ဖနောင့်ကို မို့မောက်အောင် ထုလုပ်ထားသည်။ အချိုးအစားအားဖြင့် ပခုံးနှင့်ရင်အုပ်ပိုမိုကျယ်ပြန့်ပြီး အောက်ခြေက ပိုမိုခိုင်မြဲသည်။ ဒူးစွန်းအကွာအဝေးသည် ဥာဏ်တော်အမြင့်နှင့် များစွာမခြားနားလှချေ။ ထို့ကြောင့် ဆရာမင်သေ စထုသော ဆင်းတုတော်နှင့် တချိန်တည်းသို့မဟုတ် တလက်ရာတည်း မဖြစ်နိုင်ချေ။ ယခုဆင်းတုတော်က အနည်းငယ် နောက်ကျမည်ဟု ယူဆနိုင်ပါသည်။

## ပုံ(၃၃)

## ရွှေကြာသိမ်ကျောက်ဆင်းတုတော်[၁၄]

| | | |
|---|---|---|
| ယခုနေရာ | - | ( မြောက်ဦးမြို့ ) ရွှေကြာသိမ် |
| မူလနေရာ | - | ယင်း |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကျောက် |

ပန်းကုန်းသိမ်မှာကဲ့သို့ သုံးဆူတွဲဖြစ်သည်။ ပါးစပ်စကားအရ ဘစောဖြူမင်း (၁၄၅၉-၁၄၈၂)၏သမီးတော် စောရွှေကြာအတွက် ရည်စူးထုလုပ်ခဲ့သော ဆင်းတုတော်ဟု ဆိုကြပါသည်။ သက်န်းပုံစံမှာ လေးမြို့မှ တိုက်ရိုက်ဆင်းသက်လာသော ပုံစံဟုဆိုနိုင်ပါသည်။ မဏိတော်မှာကား လေးမြို့ခေတ်သုံး ကြာဖူး ဥဏှိုသလုံးဝပျောက်ခဲ့ပြီဖြစ်သည်။ နှောင်းခေတ်လူတို့က မျက်နှာတော်သစ်ထားပြီးဖြစ်၍ နဖူးစည်းသည် ယခုတွေ့ရသည့်အတိုင်း ဟုတ်မဟုတ်ကို တပ်အပ်မပြောနိုင်ချေ။ ပြန့်ကားသောနားရွက်တော်တို့မှာ ပန်းကုန်းသိမ်မှ အရံဆင်းတုတော်တို့နှင့် တူညီသည်။ နှာခေါင်းနှင့်ပါးစပ်တို့မှာ မြောက်ဦးဟန်အတိုင်းပင်ဖြစ်သည်။ တြိဝလိနှင့် ညာတင်သက်န်းကို ယှဉ်တွဲသုံးထားဆဲဖြစ်သည်။ ဘူမိဖဿနှင့် ပလ္လင်ကာသနပင်ဖြစ်ပြီး လက်ချောင်းတို့သည် လက်မမှ လွဲ၍အရှည်တူကြသည်။ ဘယ်လက်မအောက်တွင် ခုတုံးထည့်ထားသည်။ ဆင်းတုတော်၏ အောက်ခြေသည် စမ္မခဏ်နှင့် စွဲမြဲစွာ ထိကပ်လွန်းသည့်အတွက် အနည်းငယ်မြုပ်ဝင်နေသယောင်ပင် ထင်ရပါသည်။ ကျယ်ပြန့်သော ပခုံးတော်ရှိပြီး ပြည့်ဖြိုးတုတ်ခိုင်နေသည်။ အောက်ခြေပိုမိုခိုင်မြဲကာ သီဟိုဠ်ဆင်းတုတော်များကဲ့သို့ ဥာဏ်တော်ထက်အောက်ခြေက ပိုရှည်နေသည်။

လက်ျာဘက်ရှိ အရံဆင်းတုတော်မှာ ဗဟိုဆင်းတုတော်ကြီးထက် အချိုးအစားအားဖြင့် သေးသွယ်ဟန်ရှိပြီး ဥဏှိုသသည် လေးမြို့ဟန်မကင်းသေးကြောင်း တွေ့ရပါသည်။ နှစ်ဆင့်ရှိသော ဥဏှိုသတွင် ပထမအဆင့်သည် သာမန်မြောက်ဦးဆင်းတုတော်များကဲ့သို့ ကြီးမားကျယ်ပြန့်ခြင်းမရှိပဲ ဒုတိယအဆင့်မှာလည်း ကြာဖူးသဘော သက်ဝင်နေသေးသည်။ မျက်နှာတော်ထက် အောက်ပိုမိုရှည်လျားကာ မေးအနည်းငယ်ချွန်နေသည်။

ဤဆင်းတုတော်များ၏ ထူးခြားချက်တစ်ရပ်မှာ နောက်မှီပါနေခြင်းဖြစ်သည်။ ပန်းကုန်းသိမ်ဆင်းတုတော်များမှာ ယင်းသို့မပါရှိချေ။ နောက်မှီမှာ အနည်းငယ်ပြုပြင်ထားဟန် ဖြစ်နေသော်လည်း အဓိကအားဖြင့် မူရင်းအတိုင်း စင်းလုံးချောသာဖြစ်နေသည့်အတွက် မဟာမုနိကျောက်ရုပ်တုများ၏ အစဉ်အလာသည် မြောက်ဦးခေတ်တွင်လည်း ဆက်လက်ရှင်သန်ဆဲဖြစ်မည်ထင်ပါသည်။

## ပုံ(၃၄)

## ရှစ်သောင်းဘုရားအတွင်းရှိ ကျောက်ဆင်းတုတော်[၁၅]

| | | |
|---|---|---|
| ယခုနေရာ | - | ( မြောက်ဦးမြို့ )ရှစ်သောင်းဘုရား |
| မူလနေရာ | - | ယင်း |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကျောက် |

ရှစ်သောင်းဘုရားကို မြောက်ဦးခေတ်၏ ၁၂ ဆက်မြောက်မင်းဖြစ်သူ မင်းဗင်ခေါ် မင်းဗာကြီး (ခရစ်နှစ် ၁၅၃၁-၁၅၅၃)လက်ထက်တွင် တည်ထားခဲ့သည်။[၁၆] ဗုဒ္ဓဆင်းတုတော်ပေါင်း ရှစ်သောင်းထုလုပ်ခဲ့သည်ကို အစွဲပြု၍ ရှစ်သောင်းဘုရား

၁၄။ ရွှေဟောင်းဖလင် ၁၃၈/၇၄၁၉(၁၉၅၇-၅၈)

၁၅။ ရွှေဟောင်းဖလင် ၂၁၅၀ (၁၉၂၀-၂၁)

ဟု ခေါ်တွင်ကြောင်း အစဉ်အလာပြောစကား ရှိပါသည်။ ဤဘုရားအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်ပေါင်း များစွာကိန်းဝပ်စံပယ်လျက်ရှိရာ ဉာဏ်တော်အရွယ်အစားအားဖြင့်သာ ခြားနားပြီး လက်ရာအားဖြင့်မူ ထပ်တူထပ်မျှပင်ဖြစ်ကြသည်။

ဤရှစ်သောင်းပုထိုးတော်ရှိ ဆင်းတုများကို ထုလုပ်သောအချိန်သည် ပန်းကုန်းသိမ်ဘုရားကို ထုသောအချိန်ထက် ရာစုဝက်မျှသာနောက်ကျသော်လည်း လက်ရာအားဖြင့် အတော်အတန်ထူးခြားလာပေသည်။ မဏိတော်မှာ မြောက်ဦးဟန် ဥဏှိုသကြီးများရှိပြီး ဆံပင်ကို ဗိန္ဒုများဖြင့် သရုပ်ဖော်ထားသည်။ ပန်းကုန်းသိမ်ကဲ့သို့ ချွန်ထက်သော ပိန္နဲဆူးများကား မဟုတ်ချေ။ မျက်လွှာတော်ချထားရုံသာမက လည်ပင်းမှစ၍ ခေါင်းကိုပင် အနည်ငယ်အောက်သို့ ညွှတ်ထားသည့် သဘောမျိုးဖြစ်နေသည်။ မျက်လုံးတော်အစုံမှာ ထက်ဝက်ကျော်မျှ ပိတ်နေပြီး နှုတ်ခမ်းမှာ ပြုံးဟန်ထက် မဲ့ဟန်ပေါ်နေပါသည်။

သင်္ကန်းအဖြစ် တြိဝလိသာပါရှိပြီး အခြားလုံးဝမတွေ့ရတော့ချေ။ ဤအချက်သည် ဝေသာလီပုံစံကို ပြန်သုံးသည့် သဘောဖြစ်သည်ဟုဆိုရမည်။ ဝေသာလီပြီးနောက် လေးမြို့ခေတ်တွင် ပါလသေနပုဂံတို့နှင့် ဆက်ဆံခဲ့ပြီး ဧကသီသင်္ကန်းကို ဖော်ပြထုလုပ်ခဲ့ကြပြီးဖြစ်သည်။ သို့သော် ယခုရှစ်သောင်းဘုရားတွင်မူ တြိဝလိမှလွဲ၍ သင်္ကန်းကို မဖော်ပြတော့ခြင်းမှာ ဝေသာလီလက်ရာများကို ပြန်လည်အတုယူလာခြင်းပင်ဖြစ်သည်။ ကိုယ်ခန္ဓာအချိုးအစား သေးသွယ်ပျော့ပျောင်းမှုမရှိခြင်းမှလွဲ၍ ကျန်လက္ခဏာများမှာ ဝေသာလီနှင့် ခေတ်ပြိုင်ဖြစ်ခဲ့ဘူးသော ဂုပ္တလက်ရာများနှင့် နီးစပ်သည်ဟု ဆိုနိုင်ပါသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း မင်းဗာကြီးသည် ဝေသာလီယဉ်ကျေးမှုကို အထူးနှစ်သက်မြတ်နိုးခဲ့ဟန်တူသည်။

**ပုံ(၃၅)**

**အံတော်ဘုရားမှ ကျောက်ဆင်းတုတော်(၁)**[၁၇]

| | | |
|---|---|---|
| ယခုနေရာ | - | ( မြောက်ဦးမြို့ ) အံတော်ဘုရား |
| မူလနေရာ | - | ယင်း |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကျောက် |

အံတော်စေတီကို ဘုရင်မင်းဗာကြီးသည် သီဟိုဠ်မှ ပင့်ဆောင်လာသော အံတော်မြတ်ကိန်းဝပ်ရန်အတွက် ခရစ်နှစ် ၁၅၃၄ နှင့် ၁၅၄၂ အကြားတွင် တည်ခဲ့သည်ဟု သိရပါသည်။[၁၈] ဦးဦးသာထွန်းကမူ အံတော်စေတီအတွင်းမှာ စုလစ်မွန်းချွန်တခု၌“သက္ကရာဇ် ၉၈၅ ခု တပို့တွဲလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့ ”အစရှိသော စာငါးကြောင်း ခန့်ကို ဌင်းရုပ်တုတော်တဆူ၏ ပလ္လင်တွင် “သက္ကရာဇ် ၈၈၃ခု” ဟူ၍လည်းကောင်း တွေ့ရသည်ဟုဆိုပါသည်။[၁၉] သို့သော် ဤသက္ကရာဇ် နှစ်ခုစလုံးသည် မင်းဗာကြီးနန်းစံသော ခုနှစ်များနှင့် ထပ်တူမကျချေ။

ဆင်းတုတော်များကို လေ့လာကြည့်သောအခါ ရှစ်သောင်းမှ ဆင်းတုတော်ပုံ (၃၄)နှင့် တူညီသည်ဟု ဆိုနိုင်သည်။ အထူးသဖြင့် သင်္ကန်းမပါသောကိုယ်တော်၊ ဘူမိဖဿဟန်လက်များ၏ အနေအထား ပလ္လင်ကာသနဟန်ခြေတို့၏ အနေအထားများ တူညီသည်။ သို့သော် အသေးစိတ်လေ့လာကြည့်သောအခါ မတူညီသော အချက်များကိုလည်း တွေ့ရသည်။ မဏိတော်တွင် ရှစ်သောင်းရုပ်ပွားတော်ကဲ့သို့ ဆံတော်ကို သရုပ်ဖော်ထားသည့် ဗိန္ဒုများမပါရှိပဲ စင်းလုံးချောထုလုပ်ထားသည်။ ရှစ်သောင်းရုပ်ပွားတော်ထက် ထူးခြားပြီး နဖူးနှင့် ဆံပင်အကြား နဖူးစည်းပါလာသည်။ မျက်ခုံးများသည် ရှစ်သောင်းဆင်းတုတော်ကဲ့သို့ နဖူးပြင်ထက်မြှင့်ပြီး သရုပ်ဖော်ထားခြင်း မဟုတ်ပဲ ချိုင့်၍ ထုလုပ်ထားသည်။ ရှစ်သောင်းဘုရားမျက်လုံးတော်အစုံမှာ မျက်လွှာလုံးဝချထားသော်လည်း ယခုဆင်းတုတော်မှာမူ မျက်လွှာချထားသည်ဆိုရုံမျှသာရှိပြီး မျက်လုံး[၂၀] များပါ တွေ့မြင်နေရပါသည်။ ယင်းသို့ခြားနားချက်များ အနည်းအကျဉ်းရှိသော်လည်း အခြေခံအားဖြင့် ပုံစံရော ဟန်ပါတူညီနေသည့်အတွက် ရှစ်သောင်းနှင့် ခုနှစ်များစွာ မကွာခြားနိုင်ဟု ယူဆပါသည်။

---

၁၆။ Forchammer, "Arakan" , P.20.

၁၇။ ရှေးဟောင်းဖလင် ၂၃၂၃ (၁၉၂၂-၂၃)

၁၈။ Forchammer, "Arakan" , P.24-25.

၁၉။ ဦးသာထွန်း၊ ဘုရားသမိုင်း၊ စာ ၄၂-၄၃။

၂၀။ Eye ball

## ပုံ(၃၆)

### အံတော်ဘုရားမှ ကျောက်ဆင်းတုတော်(၂)[၂၁]

| | | |
|---|---|---|
| ယခုနေရာ | - | (မြောက်ဦးမြို့) အံတော်ဘုရား |
| မူလနေရာ | - | ယင်း |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကျောက် |

ပုံ(၃၅)နှင့် တနေရာတည်းတွင် တွေ့ရသော်လည်း ပုံစံချင်းခြားနားပါသည်။ ပုံစံတွင် ကိုယ်ခန္ဓာအချိုးအစား၊ အနေအထား နှင့် အဝတ်တန်ဆာဟူ၍ ၃ မျိုးသတ်မှတ်ထားရာ၌ ဤဆင်းတုတော်နှစ်ဆူတို့သည် အဓိကအားဖြင့် အဝတ်တန်ဆာချင်း ခြားနားကြလေသည်။ ပထမဆင်းတုတော်တွင် ဇကသီသင်္ကန်းကို တြိဝလီမျှသာ ဖော်ပြထားသော်လည်း ဤဆင်းတုတော်၌မူ တြိဝလိအပြင် ဘယ်ပခုံးကို ဖုံးအုပ်ရစ်ပတ်လျက် ပါရှိသည်။ ညာပခုံးကို ချန်လှပ်ပြီး ဘယ်ပခုံးမှ သင်္ကန်းအခေါက်ကြီး သည် ရင်ဘတ်ပေါ်သို့ကျဆင်းနေသည်မှာ လေးမြို့ခေတ် အစဉ်အလာအတိုင်းဟု ဆိုနိုင်ပါသည်။ သို့သော် ပိုမိုထူးခြားလာသည်မှာ ရင်စည်းဖြစ်သည်။ ရင်ညွန့်အောက်တည့်တည့်လောက်တွင် ခါးပတ်ကဲ့သို့ အပြားလိုက် ရင်စည်း စည်းထားပြီး အစနှစ်ခုဆုံရာတွင် ဘဲဥပုံဒေါင်လိုက်ဝိုက်ထားသည်။ တနည်းအားဖြင့် ရင်စည်းအစနှစ်ခုကို ချည်နှောင်ထားသည့် သဘောပင် ဖြစ်သည်။

ကိုယ်ခန္ဓာအချိုးအစားအားဖြင့်လည်း ပထမဆင်းတုတော်ထက် အနည်းငယ်သွယ်လျနေခြင်းကြောင့် လေးမြို့ပုံစံကို ထပ်လောင်းဖော်ပြနေဟန်ရှိသည်။ ဒူးစွန်းများကို လေးထောင့်ကျလုနီးပါး ပြုလုပ်ထားခြင်း၊ ပလ္လင်ကာသနဟန်ဖြင့် စံပယ်တော်မူနေသော ခြေတော်အစုံ၏အထက်အောက် အနားများ မျဉ်းပြိုင်သဖွယ် ညီညာနေခြင်းတို့သည်လည်း လေးမြို့ခေတ်ဆင်းတုတော်များကို ပြန်လည်သတိရစရာ ဖြစ်နေပါသည်။ ချွန်ထက်သော နှာတံကိုလည်း တွေ့ရဆဲဖြစ်သည်။ သို့သော် မျက်လုံးမျက်ခုံးများမှာ ပထမဆင်းတုတော်နှင့် တစ်ပုံစံတည်းဖြစ်ပေသည်။ ဤဆင်းတုတော်တွင် မျက်ခုံးနေရာ၌ ပေါ်လွင်ထင်ရှားစေရန် နောင်းလူတို့က အနက်ချယ်ထားကြခြင်းသာဖြစ်သည်။ ပင်ကိုယ်အားဖြင့်မူ နဖူးထက်မြင့်သော မျက်ခုံးကို သရုပ်ဖော်ထားခြင်းမဟုတ်ချေ။ ပုံ (၃၄)ကဲ့သို့ နဖူးပြင်ထက် တဆင့်နိမ့်၍သာ ထွင်းထုသည်ကို တွေ့ရပါသည်။ ထို့ပြင် ရင်ခွင်ပေါ်တွင် တင်ထားသော ဘယ်လက်မှာလည်း လက်ချောင်းများ၏ အနေအထားမှအစ လက်မအောက်တွင် ထုတုံးထားရှိပုံ၊ ကျန်လက်ချောင်းများအောက်တွင် ခုတုံးထားရှိပုံတို့ပါပုံ ၃၄နှင့်လုံးဝ တူညီနေပါသည်။ သို့သော် မဏိတော်မှာ ပုံ (၃၄)ကဲ့သို့ မြင့်မားသော ဥဏှိသမတွေ့ရတော့ပဲ ပိန္နဲစူးများကိုပါ တွေ့ရသည်။ ထို့ကြောင့် အံတော်ပုထိုးတခုတည်းအတွင်းမှာပင် ဖြစ်သော်လည်း ဦးဦးသာထွန်းတွေ့ရှိခဲ့သည့် ကျောက်စာ၂ မျိုးကဲ့သို့ ခုနှစ်ကွာခြားသော လက်ရာများလည်း ရှိသည်ဟု မှတ်ယူနိုင်ပါသည်။ ယင်းသို့မဟုတ်သည့်တိုင်အောင် ခေတ်ပြိုင်ဖြစ်သော်လည်း ပန်းပုဆရာတဦးတည်း၏ လက်ရာမဟုတ်ဟု ယူဆနိုင်သည်။

## ပုံ(၃၇)

### ခေါင်းလောင်းကျောင်းမှ ကြေးဆင်းတုတော်

| | | |
|---|---|---|
| ယခုနေရာ | - | စစ်တွေမြို့ခေါင်းလောင်းကျောင်းတိုက် |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | ဥဏှိတော် ၁ပေ၊ ဒူးအကွာအဝေး ၁၀ လက်မ |
| ပစ္စည်းအမျိုးအစား | - | ကြေး |

ဥဏှိသတွင် အချွန်ငယ်တခု ထိုးထွက်နေသည်မှတပါး ကျန်အသွင်အပြင် အားလုံးမှာ မြောက်ဦးခေတ်လက်ရာများ အတိုင်းဖြစ်သည်။ ဥဏှိသ နှစ်ဆင့်ပါရှိရာ အချွန်ငယ်သည် ပြောင်ချောပြစ်ပြီး ယင်းအောက်အဆင့်မှာ ဂန္ဓာရဟန်ဆန်သော ဒေါင်လိုက်အစင်းများကို တွေ့ရပါသည်။ သို့သော် အရွယ်အစားအားဖြင့်မူ မြောက်ဦးခေတ်တွင် အသုံးများသည့် ဟန်အတိုင်း ပြည့်ဝန်းမြင့်မားနေသည်။ ယင်းအောက်မဏိတော်တွင် ဆံပင်ကို ဗိန္ဒုများဖြင့် သရုပ်ဖော်ထားသည်။ မျက်နှာတော်မှာ ဒေါင်လိုက်ထက် ဘေးတိုက်ပိုမိုကျယ်ပြန့်သည်။ မျက်ခုံးမျက်လုံးနှင့် နှာခေါင်းပါးစပ်တို့သည် မြောက်ဦးခေတ်သုံး သာမန်ဟန်ပင်ဖြစ်သည်။ ဝေသာလီအစဉ်အလာသို့ လိုက်သည့် ဆင်းတုတော်များအတိုင်း တြိဝလိမှလွဲ၍ သင်္ကန်းကို လုံးဝမတွေ့ရချေ။ အပေါ်ရုံဇကသီသင်္ကန်းကိုသာ မကဥတ္တရသံဃခေါ်သင်းပိုင်ကိုလည်း မတွေ့ရချေ။ ကျယ်ပြန့်သော ပခုံးနှင့် ရင်အုပ်တို့သည်လည်းကောင်း၊ ပြည့်ဖြိုးတုတ်ခိုင်သော ခြေတော်လက်တော်အစုံတို့သည်လည်းကောင်း၊ မြောက်ဦး

---

၂၁။ ရှေးဟောင်းဖလင် ၂၃၂၄ (၁၉၂၂-၂၃)

**ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဆင်းတုတော်များကို P-၃၇ သမိုင်းရှုဒေါင့်မှလေ့လာချက် (မြောက်ဦးခေတ်အထိ)** ကျော်ဇံသာ

ခေတ်ဟန်များစွာ ပေါ်လွင်လှသည်။ ဘူမိဖဿနှင့် ပလ္လင်ကာသနဟန်တို့ဖြင့်စံပယ်လျက်ရှိပြီး ရင်ခွင်ပေါ်ရှိ ဘယ်လက်မ အောက်တွင် ခုတုံးထားရှိဟန်မှာ ရွှေကြာသိမ်ဆင်းတုတော် (ပုံ ၃၃)၊ ရှစ်သောင်းဆင်းတုတော်(ပုံ ၃၄)၊ အံတော်ဆင်းတုတော် (ပုံ ၃၅)တို့နှင့် တသဘောတည်းဖြစ်သည်။ အချုပ်အားဖြင့် ဆိုရသော် မဏိတော်၌ အချွန်ငယ်ပါရှိခြင်းသည် လေးမြို့ဟန်ကို ဆက်လက်သုံးထားခြင်းဖြစ်ပြီး ကျန်အသွင်အပြင်အားလုံးမှာ ခေတ်ပြိုင်မြောက်ဦးခေတ် ဆင်းတုတော်များနှင့် ထပ်တူပင် ဖြစ်သည်။

**ပုံ(၃၈)**

**လက်ကောက်စျေးကျောင်းမှ ကြေးဆင်းတော်[၂၂]**

ယခုနေရာ - မြောက်ဦးမြို့လက်ကောက်စျေကျောင်း
မူလနေရာ - မသိရ
အရွယ်အစား -
ပစ္စည်းအမျိုးအစား - ကြေး

ခေါင်းလောင်းကျောင်းဆင်းတုတော်ပုံ (၃၇)နှင့် ဥဏှိသတွင် အချွန်ငယ်မပါသည်ကလွဲ၍ အချက်များစွာ တူညီသည်။ မျက်နှာတော်မှာမူ အချိုးအစားချင်းတူညီကြသော်လည်း ခေါင်းဆောင်းဆင်းတုတော်မှာ မျက်လွှာလုံးဝချထားသည့်အတွက် မျက်လုံးစုံမှိတ်ထားသလို ဖြစ်နေပြီး ယခုဆင်းတုတော်မှာ မျက်လွှာတဝက်သာ ချထားသည်။ နှုတ်ခမ်းတော်မှာလည်း ဤဆင်းတုတော်က အနည်းငယ်ပြုံးယောင်သန်းနေသည်။ ခန္ဓာကိုယ်အနေအထားသည် ခေါင်းလောင်းကျောင်းဆင်းတုတော် (ပုံ ၃၇)အတိုင်းဖြစ်သည်။ တြိဝလိမှလွဲ၍ ဧကသီသင်္ကန်းကို မတွေ့ရသော်လည်း ခါးနှင့်ခြေချင်းဝတ်တို့တွင်မူ သင်းပိုင်ကို ဖော်ပြထားသည်။ ဘူမိဖဿလက်ဟန်ဖြစ်ပြီး ရင်ခွင်ပေါ်၌ တင်ထားသော ဘယ်လက်အနေအထားနှင့် လက်မမြှင့်ထားဟန်ချင်းလည်း တူညီကြသည်။ ဤဆင်းတုတော်၌ လက်မအောက်ခုတုံးကို မတွေ့ရချေ။ လက်မှုပညာသည်ချင်း မတူကြသည်မှလွဲ၍ တခေတ်တည်း လက်ရာဖြစ်မည်မှာ ပေါ်လွင်နေသည်။ အောက်ခြေမမွခဏ်၌ ရေးထိုးထားသော စာသည်ယခုကိန်းဝပ်တော်မူရာ ကျောင်းဆောင်သို့ ပင့်ဆောင်ခဲ့စဉ်က ရေးထိုးထားသည့် စာသာဖြစ်သည်။

**ပုံ(၃၉)**

**ဗန္ဓုလတောင်ကျောင်းမှ မတ်ရပ်ကြေးဆင်းတုတော်[၂၃]**

ယခုနေရာ - မြောက်ဦးမြို့၊ ဗန္ဓုလကျောင်းတိုက်
မူလနေရာ -
အရွယ်အစား - ဥာဏ်တော် ၁၁လက်မ၊ ပလ္လင်အမြင့် ၁လက်မ
ပစ္စည်းအမျိုးအစား - ကြေး

ယိုးဒယားပုံစံဆင်းတုတော်တဆူဖြစ်သည်။ ဥဏှိသချွန်ထက်နေပြီး မကိုဋ်ဆောင်းထားခြင်းမရှိချေ။ နားရွက်များ သေးသွယ်ကာ အပြင်သို့ အနည်းငယ်ကော့နေသည်။ ညာလက်ကို အဘယမုဒြာဟန်ပြထားသည်။ လက်ချောင်းတော်များ အတိုအရှည်မညီကြချေ။ ခန္ဓာကိုယ်အချိုးအစားမှာ ပိန်ပိန်ပါးပါးဖြစ်သည်။ အပေါ်ရုံသင်္ကန်းအဖြစ် တြိဝလိမှလွဲ၍ မပါရှိသော်လည်း နောက်တွင်မူ ဝတ်ရုံကြီး ပြန့်ကားလျက်ရှိသည်။ ခါးအောက်ပိုင်း သင်းပိုင်မှာ ယိုးဒယားဆင်းတုများတွင်တွေ့ရသည့် ပုံစံမျိုးပင်ဖြစ်သည်။ ခါးကိုရစ်ပတ်ထားသည့် ခါးပတ်သဏ္ဌာန်အပြားမှာ ရှေ့အလည်တည့်တည့်သို့ အလားတူအပြား တခုချထားပါသည်။ ကိုယ်ပေါ်တွင် ဤအပြားမှလွဲ၍ သင်္ကန်းသည် ကိုယ်ခန္ဓာနှင့် တသားတည်းကပ်နေသည့် သဘောမျိုး ပြုလုပ်ထားသည်။ ဤသင်္ကန်းမျိုးရှိသော ဆင်းတုတော်များကို ယိုးဒယားဘက်တွင် ဖရပိုက်နမ့် သို့မဟုတ် ရေစိုဘုရားဟု ခေါ်တွင်ပါသည်။[၂၄] ဤသို့ခါးပတ်နှင့် ရှေ့တည့်တည့်မှကျနေသော သင်္ကန်းအပြား ပုံစံတို့ကို ခမာတို့ထံမှ တဆင့် ယိုးဒယားတို့က ရရှိခဲ့ကြသည်ဟု သိရပါသည်။[၂၅] ဤဆင်းတုတော်ကို မြောက်ဦးရောက် ယိုးဒယား ဥပသကာတဦးဦး က ကြည်ညိုရန် ပင့်ဆောင်ခဲ့ခြင်းသော်လည်းကောင်း၊ လက်ဆောင်ပေးခြင်းသော်လည်းကောင်း၊ မြောက်ဦးရောက် ယိုးဒယားလက်မှုပညာသည်တဦးကို သွန်းလုပ်စေခြင်းသော်လည်းကောင်း ဖြစ်မည်ဟု ထင်ပါသည်။

---

၂၂။ ရွှေဟောင်းဖလင် ၂၈၇/၅၈၂၂ (၁၉၅၄-၅၅)

၂၃။ ရွှေဟောင်းဖလင် ၆၃/၈၁၀၁ (၁၉၅၈-၅၉)

၂၄။ Pra Pak nam or water soaked Buddha Le May, Buddhist Art in Siam, P. 142.

၂၅။ Ibid

ပုံ(၄၀)

**စန္ဒမဥ္ဇူကျောင်းမှ မင်းဝတ်ဆင်းတုတော် (၁)**

| | | |
|---|---|---|
| ယခုနေရာ | - | စစ်တွေမြို့ စန္ဒမဥ္ဇူကျောင်းတိုက် |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကြေး |

ဟန်မျိုးစုံတို့ ရောနှောနေသော မင်းဝတ်ဆင်းတုတော်တဆူဖြစ်သည်။ တနည်းအားဖြင့် မြောက်ဦးခေတ် ပန်းပုပညာသည်တဦး၏ ကျယ်ပြန့်သော အတွေ့အကြုံကို အခြေခံထုလုပ်ထားသော လက်ရာတခုဟု ဆိုနိုင်ပါသည်။ စေတီတော်ပုံသဏ္ဌာန် ဥဏှိုသမှာ ယိုးဒယားနိုင်ငံ အယုဒ္ဓယခေတ်[၂၆] တွင် ထွန်းကားခဲ့သော ဥဏှိုသပုံစံမျိုးဖြစ်သည်။ ထို့အတူ အဖျား သေးသွယ်ကာ အနည်းငယ်ကော့နေသယောင်ရှိသော နားရွက်တော်အစုံ၌လည်း ယိုးဒယားဟန်ကို တွေ့ရပါသည်။ မကိုဋ်မှာ ယိုးဒယားဟန်နှင့် တိုင်းရင်းဟန်တို့ရောနှောနေသည်။ မကိုဋ်အထက်တွင် စိန်တောင်များ ထိုးထွက်နေခြင်းမှာ ဝေသာလီခေတ်ကပင် တွေ့မြင်ခဲ့ရသည့်ပုံ(၁၂) သဘောမျိုးဟု ဆိုနိုင်ပါသည်။ မျက်နှာတော်မှာမူ ယိုးဒယားဟန်မရှိတော့ချေ။ မျက်လွှာချရုံသာမက ခေါင်းကိုပါ မသိမသာ အောက်သို့ငိုက်ထားဟန် ပေါ်နေသည်မှာ မြောက်ဦးခေတ် ကျောက်ဆင်းတုတော်များ၏ ဟန်မျိုးဖြစ်သည်။ ယခုဆင်းတုတော်ပါ ဘယက်နှင့် လက်မောင်းပတ်ပုံစံမျိုးကို ယိုးဒယားအယုဒ္ဓယခေတ် ဗုဒ္ဓဆင်းတုတော်များတွင်ပါ တွေ့ရသော်လည်း ကိုယ်ခန္ဓာအားဖြင့်မူ ယိုးဒယားအစဉ်အလာကဲ့သို့ ရင်အုပ်ကား၍ မို့မောက်လှသည်ဟု မဆိုနိုင်ပါချေ။ ထို့ပြင် ပလ္လင်ကာသနဟန်ဖြင့် ထက်ဝယ်ဖွဲ့ခွေတော်မူသော ခြေတော်အစုံမှာလည်း ယိုးဒယားမှာကဲ့သို့ ဘေးသို့များစွာ ပြန့်ကားခြင်းမရှိပဲ မြောက်ဦးခေတ်ဟန်အတိုင်းသာ ဖြစ်နေသည်။ ထို့ကြောင့် မြောက်ဦးဟန်နှင့် ယိုးဒယားဟန်နှစ်မျိုးရောနှောနေသော လက်ရာဟုဆိုနိုင်ပါသည်။

ပုံ(၄၁)

**လက်ကောက်ဈေးကျောင်းမှ မင်းဝတ်ကြေးဆင်းတုတော်(၁)**

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦး၊ လက်ကောက်ဈေးကျောင်းတိုက် |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကြေး |

ယိုးဒယားပုံစံဟုပင် ခေါ်နိုင်သော ဆင်းတုတော်တဆူဖြစ်သည်။ မျက်လွှာချထားဟန်မှာ ပုံ(၄၀)နှင့် ဆင်တူသော်လည်း ပိုမိုကွေးညွတ်သော မျက်ခုံးတော်များကြောင့် ယိုးဒယားဆင်းတုများနှင့် ပိုမိုနီးစပ်နေသည်။ ထို့ပြင် မကိုဋ်တော်မှာလည်း ယိုးဒယားအယုဒ္ဓယခေတ် မကိုဋ်များနှင့် တူညီခြင်း၊ နဖူးနှင့်နသယ်နေရာ အတော်များများကို မကိုဋ်ဖြင့် ဖုံးအုပ်ထားခြင်း၊ နားရွက်တော်အစုံ ချွန်၍ ကော့နေခြင်းတို့သည်လည်း ယိုးဒယားဟန်ကို မှီးထားကြောင်း ထင်ရှားနေသည်။ ဘယက်၊ လက်မောင်းပတ်နှင့် လက်ကောက်တို့မှာ ပုံ(၄၀)နှင့် နီးစပ်ပြီး စံပယ်တော်မူဟန်မှာ လုံးဝခြားနားသည်။ ပုံ(၄၀)သည် ဘူမိဖဿနှင့် ပလ္လင်ကာသနဖြစ်၍ ယခုဆင်းတုတော်မှာမူ ဈာနမုဒြာနှင့် ဝဇီရာသနဖြစ်ပြီး လက်ပေါ်တွင် အမြိုက်အိုးကို ပွေ့လျက်တွေ့ရပါသည်။ ပလ္လင်တော်မှာ ယခုပလ္လင်က ပိုမြင့်မားပြီး မွမ်းမံမှုများသော်လည်း ခေါင်းလောင်းပုံ အောက်ခြေရှိ ပလ္လင်မျိုးပင် ဖြစ်သည်။ ထို့ကြောင့် အခြေခံသဘောချင်းနီးစပ်တူညီနေမှုကြောင့် တခေတ်တည်း လက်ရာများဟု ယူသော် ရနိုင်ကောင်းပါသည်။

ပုံ(၄၂)

**လက်ကောက်ဈေးကျောင်းမှ မင်းဝတ်ကြေးဆင်းတုတော်(၂)**

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦး၊ လက်ကောက်ဈေးကျောင်းတိုက် |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကြေး |

---

၂၆။ အယုဒ္ဓ (Ayudhya Le May, Buddhist Art in Siah, P. 45.)ခေတ်သည် ၁၄ ရာစုမှ ၁၇ ရာစုထိထွန်းကားခဲ့သည်။

ရောနှောဟန်တဆူပင်ဖြစ်သည်။ မကိုဋ်နှင့် စေတီပုံဥဏှိသတို့မှာ ယိုးဒယားဟန်ဖြစ်သော်လည်း နားကင်းတပ်ဆင်ထားသည်မှာ ထူးခြားနေသည်။ မျက်ခုံးမျက်လုံးနှင့် ပြည့်ပြည့်ဝန်းဝန်းရှိသော မျက်နှာတော်တို့မှာလည်း မြောက်ဦးခေတ်ရခိုင်တိုင်းရင်းဟန်ဖြစ်သည်။ ထို့ပြင် ပခုံးပေါ်တွင် အရှည်လိုက်တင်ထားသော သစ်ရွက်ပုံမှာ ခေတ်ဦးရခိုင်မှ မင်းဝတ်ဆင်းတုတော်ပုံ(၁၁)၏ နမူနာမျိုးကို ပြန်လည်အတုယူထားခြင်းဟု ဆိုနိုင်ပါသည်။ အတွန့်များဖြင့် ဖော်ပြထားသည့် ခါးပတ်မှာလည်း ထူးခြားချက်တရပ်ပင် ဖြစ်သည်။ သို့သော် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို သွန်းလုပ်ဟန်ကား မြောက်ဦးခေတ်ဟန်သာဖြစ်သည်။ ဤဆင်းတုတော်သည် ဝဇီရာသနဟန်ဖြင့် စံပယ်လျက်ရှိသော်လည်း ညာခြေဖဝါးတွင် ဖနောင့်ဖော်ထားပုံ၊ ခြေချောင်းများကို အဆစ်များနှင့်တကွ ဖော်ပြထားပုံတို့မှာ ပုံ(၄၀)နှင့် များစွာတူညီနေသည်။ ပလ္လင်ချင်းလည်း အတူတူပင်ဖြစ်သည်။ သို့သော် ယခုဆင်းတုတော်၏ ပလ္လင်သည် ပုံ(၄၀)၏ပလ္လင်ကဲ့သို့ မျက်နှာပြင်ညီညာပြန့်ပြူးနေခြင်းမရှိပဲ ခုံးတက်နေသည်။ မည်သို့ဆိုစေကာမူ ဤဆင်းတုတော် နှစ်ဆူတို့တွင် တခေတ်တည်းလက်ရာဟု ဆိုနိုင်လောက်သော တူညီမှုများစွာ ရှိနေပေသည်။

**ပုံ(၄၃)**

**စန္ဒမဥ္ဇူကျောင်းမှ မင်းဝတ်ဆင်းတုတော်(၂)**

ယခုနေရာ - စစ်တွေမြို့၊ စန္ဒမဥ္ဇူကျောင်းတိုက်

မူလနေရာ - မသိရ

အရွယ်အစား -

ပစ္စည်းအမျိုးအစား - ကြေး

ပဒုမ္မာသနပလ္လင်ပေါ်တွင် ဘူမိဖဿမုဒြာနှင့် ဝဇီရာသနဟန်တို့ဖြင့် စံပယ်တော်မူနေသော ဆင်းတုဖြစ်သည်။ မကိုဋ်တော်ဆန်းပြားလာပြီး ကြီးမားရှည်လျားသော နားကင်းပါလာသည်။ မကိုဋ်ပတ်လည်တွင် စိန်တောင်များ စိုက်လျက်ရှိပြီး အလယ်ဗဟိုချက်မှ ဒုရင်ကဲ့သို့ ဥဿျှောင်တော်တက်လျက် အထက်၌ ထုပိကာ ငှက်ပျောဖူးသဏ္ဌာန် အထွတ်တပ်ဆင်လျက်ရှိပါသည်။ မျက်နှာတော်မှာ မျက်ခွံမို့နေသည့်အတွက် တရုတ်အမျိုးသား မျက်နှာပေါက် ဖြစ်နေပါသည်။ ဤမျက်ခွံမို့မျိုးကို ခေတ်ဦးရခိုင်မှ ကျောက်ဆင်းတု ၃ ဆူတွဲ (ပုံ-၉)တွင် အငယ်ဆုံးဆင်းတုတော်တွင် တွေ့ခဲ့ဘူးပါသည်။ ဤဆင်းတုတော်၏မကိုဋ်မှာ ကျိုးပဲ့နေ၍ မပြည့်စုံတော့သော်လည်း အပြည့်အစုံမည်သို့ ရှိလေမည်ကို နှိုင်းယှဉ်ကြည့်ရှုနိုင်သော ခေတ်ပြိုင်ပုံစံတူ ဆင်းတုများကို တွေ့ရပါသည်။ ဤအဆင်အပြင်မျိုးနှင့် တထေရာတည်းနီးပါး တူညီသောဆင်းတုတော်များကို မြန်မာပြည်မဘက်တွင်လည်း တွေ့ရှိရပေရာ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏ ၁၉၅၈-၅၉ ခုနှစ်ချုပ် အစီရင်ခံစာတွင် ၅ ပုံဖော်ပြထားပြီး အင်းဝခေတ် (ခရစ်နှစ် ၁၃၆၄-၁၇၅၁)လက်ရာများဟု ဆိုထားသည်။[၂၇] အင်းဝခေတ် ပထမပိုင်း ဒုတိယပိုင်းဟူ၍ကား ခွဲခြားဖော်ပြမထားချေ။ အလားတူဆင်းတုတော်တဆူကိုမူ ဖိလစ်ရော်ဆင်က ၁၇ ရာစုလက်ရာဖြစ်ကောင်းဖြစ်မည်ဟု ဖော်ပြထားသည်။[၂၈]

**ပုံ(၄၄)**

**စန္ဒမဥ္ဇူကျောင်းမှ မင်းဝတ်ကြေးဆင်းတုတော်(၃)**[၂၉]

ယခုနေရာ - စစ်တွေမြို့၊ စန္ဒမဥ္ဇူကျောင်းတိုက်

မူလနေရာ -

အရွယ်အစား - ဉာဏ်တော် ၇ လက်မ၊ ဒူးမှဒူး ၃ ၁/၂ လက်မ၊ ပလ္လင် ၃ ၁/၂ လက်မ

ပစ္စည်းအမျိုးအစား -

ပုံ(၄၃)နှင့် ပုံစံချင်းတူသော ဆင်းတုတော်တဆူဖြစ်သည်။ ပုံ(၄၃)မှာ ပဒုမ္မာသနပလ္လင်တော်ဖြင့် စံပယ်လျက်ရှိပြီး ယခုဆင်းတုတော်မှာ ပြော့ပလ္လင်ပေါ်တွင် စံပယ်လျက်ရှိသည်။ သို့သော် ပလ္လင်နှစ်ခုတို့၏ အမြင့်အချိုးအစားချင်း နီးစပ်သည်။ ယခုဆင်းတုတော်၏မျက်နှာမှာ ပထမဆင်းတုတော်ကဲ့သို့ တရုတ်ဟန်မဟုတ်တော့ပဲ ရခိုင်တိုင်းရင်းသား မျက်နှာပေါက်မျိုးဖြစ်သည်။ အဆင်တန်ဆာအားလုံးမှာ အတူတူပင်ဖြစ်သော်လည်း နားကင်းတော်ချင်း အနည်းငယ်ခြားနားသည်။

---

၂၇။ မြ၊ ဗမ္မာ့ပတိ၊ စာ-၃၂၊ ပုံ ၅၂/၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇။

၂၈။ Rawson, Philip, The Art of Southeast Asia, London Thomas and Hudson, 1967, P. 166. fig. 140.

၂၉။ စံသာအောင်၊ အာနန္ဒစန္ဒြ၊ ပုံ-၄၀။

ပထမဆင်းတုတော်၌ နားကင်းသည် ပန်းခက်များသဖွယ်ဖြစ်ကာ တဒေါင်ဆစ်နားတိုင်အောင် ပြန့်ကျနေသော်လည်း ယခုဆင်းတုတော်မှာမူ ခွေးသွားစိပ်သဖွယ်ဖြစ်၍ လက်မောင်းအထက်နားထိသာ ပြန့်ကျလျက်ရှိသည်။ ဘူမိဖဿဟန်ဖြင့် မြေကြီးသို့ ညွှန်းလျက်ရှိသော ညာလက်ချောင်းတော်များ ရှည်လျားပုံချင်း သည်လည်းကောင်း၊ ရင်ခွင်ပေါ်တွင် တင်ထားသော ဘယ်လက်သည် လည်းကောင်း၊ တူညီကြပါသည်။ ထို့ကြောင့် ပုံ(၄၃) နှင့် ခေတ်ပြိုင်လက်ရာတခု ဖြစ်နိုင်ရာရော်ဆင်၏ ခန့်မှန်းချက်အတိုင်း ၁၇ ရာစုလက်ရာတခုဟု ဆိုသင့်ပါသည်။

## ပုံ(၄၅)
## ဂန္ဓာရပုံစံကျောက်ဆင်းတုတော်[၁၀]

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးမြို့ ညောင်ပင်ဈေးကျောင်းတိုက် |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | ဉာဏ်တော် ၈၂ လက်မ၊ ပလ္လင်အလျား ၆ လက်မ |
| ပစ္စည်းအမျိုးအစား | - | ကျောက် |

ဂန္ဓာရပုံစံဆင်းတုတော်တဆူဖြစ်သည်။ ဆံပင်ကို ရှေ့နောက်အစင်းများဖြင့် ဖော်ပြထားပြီး သင်္ကန်းမှာလည်း ဂန္ဓာရဆင်းတုတော်တို့၏ သင်္ကန်းကဲ့သို့ ပုခုံးနှစ်ဖက်ကို ခြုံကာ ရင်ဘတ်သို့လျှောချလွှမ်းခြုံထားသော ပုံစံမျိုးဖြစ်သည်။ သို့သော် ပလ္လင်တော်၏ ရှေ့ပိုင်းတွင် စက်ဝန်းသဏ္ဍာန် သင်္ကန်းမြိတ်ဖြန့်ချထားခြင်းမှာမူ ဂုပ္တခေတ်ကို ဖြတ်သန်းလာခဲ့ပြီး ဖြစ်ကြောင်း ဖော်ပြနေသည်။ ညာလက်ကို လက်ညှိုးနှင့် လက်မထိကာ ဝိတက္ကမုဒြာဖြင့်မြှောက်ထားသည်။ ဘယ်လက်ညှိုးနှင့် လက်မတို့ကို အတူထိထားသော်လည်း မမြှောက်ပဲ ဘယ်ဒူးပေါ်မှ လှန်လျက်ချထားသည်။ ပလ္လင်မှာ ပုံသဏ္ဍာန်အတိအကျမရှိပဲ သာမန်ကျောက်တုံးသဘောမျှသာ ဖြစ်နေသည်။ ထို့ကြောင့် အနေအထားနှင့် အဆင်အပြင်များသည် မြောက်ဦးခေတ်တွင် တွေ့ရတတ်သည့်ဟန်မျိုး မဟုတ်ဟုဆိုနိုင်ပါသည်။ သို့သော် မျက်နှာတော်မှာမူ မြောက်ဦးခေတ်လက်ရာဖြစ်ကြောင်း ဖော်ပြနေသည်။ ညီညာစွာကွေးညွတ်ကာ အလယ်၌ ဆုံတွေ့နေသော မျက်ခုံးများသည်လည်းကောင်း၊ ဘေးသို့ကားနေသော နှာခေါင်းသည်လည်းကောင်း၊ မြောက်ဦးခေတ်ဟန်အတိုင်းပင်ဖြစ်သည်။

## ပုံ(၄၆)
## သပိတ်ပိုက်ထားသော ဆင်းတုတော်

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးပြတိုက် |
| မူလနေရာ | - | |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | ကျောက် |

အဆင်အပြင်သည်လည်းကောင်း၊ အနေအထားသည်လည်းကောင်း အတွေ့ရများသော ဟန်မျိုးမဟုတ်ချေ။ ဆံပင်မှာ ဂန္ဓာရပုံစံအတိုင်း အစင်းလိုက်ဖော်ပြထားပြီး မျက်ခုံးနှစ်ခုဆုံရာ အထက်နားတွင်လည်း ဥဏ္ဏာလုံမွှေးရှင်တော်ပါရှိသည်။ သင်္ကန်းမှာ သမရိုးကျ ဝတ်ဆင်ထားခြင်းမဟုတ်ပဲ ဂျပန်ဝတ်ရုံကဲ့သို့ ဖြစ်နေသည်။ သင်္ကန်းကို ကိုယ်ပေါ်ရုံပြီး အစနှစ်ခုကို စေ့ကာ ရင်ဘတ်ဘယ်ဘက်ခြမ်းတွင် ချိတ်ဖြင့် တွယ်ထားသည့် သဏ္ဍာန်ကို တွေ့ရပါသည်။ ထို့ပြင် သပိတ်ကို ပိုက်ထားသည့် လက်ဟန်မှာလည်း အစဉ်အလာအတိုင်း မဟုတ်ပဲ အပေါ်မှ ဖိထားသည်။ သပိတ်မှာ ရှည်မျောမျောဖြစ်နေပြီး သပိတ်ခြေကိုပါ ထည့်သွင်းထုလုပ်ထားသဖြင့် ကလပ်ပုံဖြစ်နေသည်။ ပလ္လင်ကာသနဟန်ရှိသော ခြေတော်အစုံမှာ ခြေချောင်းများသည် သာမန်ထက် ရှည်လျားကြသည်။ သင်းပိုင်ကို ဖော်ပြထားဟန်မှာလည်း ထူးဆန်းကာ ဘောင်းဘီပွပွနှင့်သာ တူနေပါသည်။ ဆင်းတုတော်တဆူလုံးကို ခြုံ၍သုံးသပ်ရသော် ဂန္ဓာရပုံစံသည် အရှေ့ဖျားသို့ ရောက်ရှိသွားခဲ့ရာမှ အရှေ့ဖျားမှတဖန် ရခိုင်သို့ပျံ့နှံ့လာသော လက်ရာမျိုးဟု ဆိုရမည်ထင်ပါသည်။ သို့သော် မျက်နှာတော်သည် တရုတ်၊ ဂျပန်တို့၏မျက်နှာမျိုး မဟုတ်ပဲ နှာပြား၍ မျက်လုံးကျယ်သော တိုင်းရင်းမျက်နှာပေါက်မျိုး ဖြစ်နေခြင်းကြောင့် တိုင်းရင်းလက်ရာတခုသာဖြစ်သည်ဟု ဆိုရပေမည်။ ပုံ(၄၅)နှင့် နှိုင်းယှဉ်ကြည့်သောအခါ မဏိတော်ချင်း တူညီခြင်း၊ နဖူးနှင့်ထိနေသော ဆံစအနားသတ်သည် အလယ်၌ အနည်းငယ်ကွေးကာ နဖူးဒေါင့်တဖက်တချက်သို့ ကျယ်သွားပုံချင်း တူညီခြင်းတို့ကြောင့် တလက်ရာတည်း

---

[၁၀]။ ရှေးဟောင်းဖလင် ၆၅/၈၁၀၃(၁၉၅၈-၅၉)

မဟုတ်သည့်တိုင်အောင် တခေတ်တည်းဟုကား ဆိုနိုင်မည်ထင်ပါသည်။

### ပုံ(၄၇)
### ကလာပိကောင်းမှုအုတ်ခွက်

| | | |
|---|---|---|
| ယခုနေရာ | - | မြောက်ဦးပြတိုက် |
| မူလနေရာ | - | ကျောက်တော်မြို့နယ် အုတ်ပုံတောင် |
| အရွယ်အစား | - | အမြင့် ၅ လက်မခန့်၊ အောက်ခြေ ၃ လက်မ |
| ပစ္စည်းအမျိုးအစား | - | အုတ် |

အုတ်ပုံတောင်သည် ကျောက်တော်မြို့နယ် မဟာမုနိကုန်း၏မြောက်ဘက်တွင် တည်ရှိပြီး ရှေးဟောင်းအုတ် အဆောက်အဦတခုပေါ်တွင် သစ်ပင်များ ပေါက်ရောက်ကာ တောင်ကုန်းသဖွယ် ဖြစ်နေသည်။ ဤနေရာမှ ယခု အုတ်ခွက်မျိုးကို ၁၉၀၆-၀၇ ခုနှစ်အတွင်းက ဝတ်လုံတော်ရ ဦးကျော်ဦးက တွေ့ရှိ၍ ကျောက်စာဌာနသို့ ပို့ခဲ့ဘူးပါသည်။ ယင်းကို သီရိပျံချီ ဦးမြက ရှေးဟောင်းအုတ်ခွက်ရုပ်ပွား ဆင်းတုတော်များ ပထမတွဲတွင် ထည့်သွင်းဖော်ပြထားသည်။ ဦးမြတင်ပြရာ၌အုတ်ခွက်ပေါင်း ၃ ဆူပါရှိရာ လက်ဝဲဘက်ရှိအုတ်ခွက်သည်သာ အပြည့်အစုံဖြစ်ပြီး ကျန်နှစ်ဆူတွင် အထက်ပိုင်းမပါရှိချေ။[၃၁] ဦးမြက "ထိုသုံးဆူစလုံးပင် တမျိုးတည်းတစားတည်း ဖြစ်ဟန်တူသည်"ဟုဖော်ပြခဲ့သည်။[၃၂] သို့သော် ယခုတွေ့ရှိရသော အုတ်ခွက်သည် ပိုမိုပြည့်စုံ၍ သေကလာပိကောင်းမှုဖြစ်ပြီး လက်ဝဲဘက်ရှိတဆူကား နောက်တမျိုးဖြစ်နေသည်။[၃၃]

ကလာပိအုတ်ခွက်၌ စေတီရံများအကြားရှိ ဗောဓိကျောင်းဆောင်အောက် ပလ္လင်ထက်၌ ဆင်းတုတော်သည် ဘူမိဖဿမုဒြာဖြင့် စံပယ်လျက်ရှိသည်။ အုတ်ခွက်ပေါ်မှာလည်း တွေ့ရသည်ဟု ဆိုနိုင်ပါသည်။ အုတ်ခွက်ပေါ်ရှိ ရုပ်ပုံများသည် ဖောင်းဖောင်းကြွကြွ မရှိလှပဲ မျဉ်းတကြောင်းဆွဲသာသာရှိသည်။ ပလ္လင်ခြေရင်းတွင် စာတကြောင်း ပါရှိသည်။ ယင်းစာကို မှန်ထောင်၍ ဖတ်ကြည့်သောအခါ "ကလာပိကောင်မှုတေ"ဟုရေးသားထားကြောင်း တွေ့ရသည်။ ယင်းလက်ရေးကို ဦးမြက ကောဇာသက္ကရာဇ် ၈၀၀-၉၀၀ကျော်လောက်က အရေးအသားဟု မှတ်ချက်ချထားသည်။[၃၄]

### ပုံ(၄၈)
### စောနန်မင်ဖြုကောင်းမှုအုတ်ခွက်

| | | |
|---|---|---|
| ယခုနေရာ | - | ကျောက်ဖြူပြတိုက် |
| မူလနေရာ | - | မသိရ |
| အရွယ်အစား | - | |
| ပစ္စည်းအမျိုးအစား | - | အုတ် |

ကလာပိအုတ်ခွက်ပုံ (၄၇)ကဲ့သို့ စေတီရံများအကြားရှိ ဗောဓိကျောင်းဆောင်အောက် ပလ္လင်ပေါ်တွင် ဗုဒ္ဓဆင်းတုတော်သည် ဘူမိဖဿဟန်ဖြင့် စံပယ်လျက်ရှိသည်။ ပုံ(၄၇)ထက် ပိုမိုဖောင်းကြွလာသည်။ ပုံ(၄၇)ကဲ့သို့ ချွန်ထက်သော ဉဏှိသပါရှိသော်လည်း ထက်ဝယ်ဖွဲ့ခွေတော်မူပုံခြားနားလေသည်။ ဗောဓိကျောင်းဆောင်မှာ ကလာပိအုတ်ခွက်ပါ ကျောင်းဆောင်နှင့် သဘောချင်းတူညီပြီး ယခုအုတ်ခွက်တွင် စေတီရံများနှင့် ဗောဓိရွက်များ ပိုမိုများပြားသည်။ ဗောဓိကျောင်းဆောင်ကို ဘောင်ခတ်ထားပြီးနောက် ယင်းဘောင်၏အပြင်တွင်လည်း စေတီရံများ ရှိနေသည်။ ပလ္လင်အောက်၌ စာလေးကြောင်း ပါရှိရာ ဖတ်ရသမျှမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဆင်ဖြုသျှင်သို့ီတောနန်
တက်မိဖုရာမင်သုတေ
(. .)မတော်အသျင် စောနန်မင်
ပြုကောင်းမှု

လက်ရေးလက်သားမှာ မြောက်ဦးခေတ်လယ် ၁၆-၁၇ ရာစုခန့်က လက်ရေးမျိုးဖြစ်သည်။

---

၃၁။ မြ၊ <u>အုတ်ခွက်ဆင်းတု(ပ)</u>၊ ပုံ-၉၆။
၃၂။ <u>ယင်း</u>၊ စာ-၆၃။
၃၃။ ယင်းသည် ရုပ်ပုံထဲတွင် သေးငယ်လွန်း၍ သေချာစွာ မလေ့လာနိုင်ချေ။ နောက်ထပ်လည်း မတွေ့ရှိသေး၍ချန်လှပ်ခဲ့ပါသည်။
၃၄။ မြ၊ <u>အုတ်ခွက်ဆင်းတု(ပ)</u>၊ ပုံ-၆၄။
၃၅။ ရှေးဟောင်းဖလင် ၃၉၉/၁၇၅၂(၁၉၇၃/၇၄)

## ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဆင်းတုတော်များကို P-၄၂ သမိုင်းရှုဒေါင့်မှလေ့လာချက် (မြောက်ဦးခေတ်အထိ) ကျော်ဇံသာ

# ပြန်လည်သုံးသပ်ချက်

အရှေ့တောင်အာရှကို နယ်ဝေးအိန္ဒိယ ဟု တင်စားခေါ်ဝေါ်လေ့ရှိကြသည်။ ဤဒေသတွင် ခရစ်နှစ်အစောပိုင်းကစ၍ မြို့ပြများ တည်ထောင်ကာ ဟိန္ဒူဝါဒ သက္ကတဘာသာ၊ ဘုရင်စနစ်၊ ဗုဒ္ဓသာသနာ စသည့်အိန္ဒိယယဉ်ကျေးမှု အရပ်ရပ်ကို ကျင့်သုံးခဲ့ကြသည်။ အရှေ့တောင်အာရှဒေသများအနက် ရခိုင်ကမ်းမြောင်ဒေသသည် ပင်မအိန္ဒိယတိုက်နှင့် ပထဝီအနေအထားအရ အနီးကပ်ဆုံးဖြစ်နေသည်။ ထို့ကြောင့် အိန္ဒိယယဉ်ကျေးမှုသည် ကုန်းလမ်းခရီးဖြင့်သာ အရှေ့တောင်အာရှသို့ တိုက်ရိုက်ဝင်ရောက်မည်ဆိုပါက ဤရခိုင်ကမ်းမြောင်ဒေသကို မလွဲမသွေ ဖြတ်သန်းခဲ့ရမည်ဖြစ်သည်။

ဗုဒ္ဓသာသနာသည် ခရစ်နှစ် ဒုတိယနှင့် တတိယရာစုအတွင်းကပင် ရခိုင်ဒေသသို့ စတင်ရောက်လာပြီဟု တွေးဆနိုင်သော အထောက်အထားများ တွေ့ရသည်။ လေးရာစုတွင်မူ အမှန်တကယ်ပင် ရောက်ရှိနေပြီဖြစ်ကြောင်း အထောက်အထားခိုင်မာလာသည်။ ခြောက်ရာစုနှင့် ရှစ်ရာစုအတွင်း ဗုဒ္ဓသာသနာဆိုင်ရာ အထောက်အထားများစွာ တွေ့လာရသည်။ ခေတ်ဦးကာလတလျှောက်လုံးကို ခြုံပြောရသော် မဟာယာနဂိုဏ်းအား ကောင်းခဲ့သည်ဟု ယေဘုယျယူဆနိုင်သော်လည်း ဟိနယာနလည်း ရှိခဲ့သည်။ ဤဂိုဏ်းနှစ်ရပ်ပြိုင်တူ ထွန်းကားခဲ့ရာမှ နှစ်ဂိုဏ်းစလုံး၏အစဉ်အလာ တချို့ရောနှောသွားခြင်းမျိုးလည်း ရှိနိုင်သည်။ အခြေခံအားဖြင့် ဗုဒ္ဓ၏အဆုံးအမများသာဖြစ်၍ အပေါ်ယံကွဲပြားခြားနားမှုသည် ထိုခေတ်က လွန်စွာနက်ရှိုင်းသေးဟန် မတူချေ။ ရခိုင်ပြည် မြောက်ပိုင်းမှာသာမက အလယ်ပိုင်းနှင့်တောင်ပိုင်းဒေသတို့မှာလည်း ဗုဒ္ဓသာသနာ ကိုးကွယ်သူများ ပြန့်နှံ့နေထိုင်လျက်ရှိခဲ့ကြောင်း သိရသည်။

ဗုဒ္ဓသာသနာကိုးကွယ်မှု အလေ့အထသည် ရခိုင်ဒေသသို့ အိန္ဒိယတောင်ပိုင်း အရှေ့ဘက်ကမ်းရိုးတန်းဒေသများမှ အစောဆုံးရောက်ရှိလာမည်ဟု ယူဆနိုင်သည်။ ထို့အတူပင် ပျူတို့၏ သရေခေတ္တရာနှင့် မွန်တို့၏ ဒွါရာဝတီသို့လည်း ဤဒေသများမှပင် ဗုဒ္ဓသာသနာရောက်ရှိခဲ့သည်။ ရခိုင်ဒေသအနေဖြင့်မူ အိန္ဒိယအရှေ့မြောက်ပိုင်းနှင့်လည်း နီးစပ်လျက်ရှိသဖြင့် ယင်းဒေသမှ မဟာယနအယူဝါဒလည်း ဝင်ရောက်လာသည်။ ဤမဟာယနအလေ့အထများသည် ရခိုင်မှတဆင့် ပျူတို့ထံသို့ ဆက်လက်ပြန့်နှံ့သွားလေသည်။ ထို့အတူ ပျူတို့ဒေသမှ ဟိနယာနသည်လည်း ရခိုင်တွင် အားနည်းနေသော မိမိ တို့ ဂိုဏ်းမတိမ်ကောအောင် အထောက်အကူပြုနေခဲ့သည်။

ရှစ်ရာစုပထမပိုင်း အာနန္ဒစန္ဒြမင်းလက်ထက်တွင် မဟာယာနသည် ဘုရင်ကိုယ်တိုင် ကိုးကွယ်သော ဂိုဏ်းဖြစ်ဟန်တူသော်လည်း ဟိနယာနနိုင်ငံဖြစ်သော သီဟိုဠ်(သိလာမေဃ)နှင့် သာသနာရေးဆိုင်ရာ ဆက်ဆံမှုများရှိခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ရခိုင်တွင် ခေတ်ဦးကာလကပင် မဟာယာနနှင့် အတူ ဟိနယာနအယူဝါဒလည်း ရှိနေခဲ့သည်။ ကိုးရာစုတွင် မြန်မာများ ဧရာဝတီမြစ်ဝှမ်းသို့ ရောက်လာပြီးနောက် ထိုသူတို့နှင့် ဆက်ဆံရပြီးမှသာ ဟိနယာနအယူဝါဒလည်း ရှိနေခဲ့သည်။ ကိုးရာစုတွင် မြန်မာများ ဧရာဝတီမြစ်ဝှမ်းသို့ ရောက်လာပြီးနောက် ထိုသူတို့နှင့် ဆက်ဆံရပြီးမှသာ ဟိနယာနဗုဒ္ဓသာသနာကို လက်ခံရရှိခဲ့သည်ဆိုခြင်းမှာ မှန်ကန်နိုင်စရာ အကြောင်းမရှိချေ။ သို့သော် ဤအပြောင်းအလဲကြောင့် ရခိုင်ဒေသတွင် မဟာယာနဂိုဏ်းတစတစချုပ်ငြိမ်းမှု ပိုမိုအရှိန်ရသွားပြီး ဟိနယာနပိုမိုအားကောင်းလာခဲ့သည်ဟု ကားဆိုလိုက ဆိုနိုင်ပါသည်။

ဗုဒ္ဓသာသနာကို အမှီပြု၍ ဗုဒ္ဓဆင်းတုတော်သွန်းလုပ်ခြင်းအတတ်သည်လည်း ရခိုင်သို့ရောက်ရှိလာခဲ့သည်။ ယခုတွေ့ရှိရသမျှ အစောဆုံးသော ဗုဒ္ဓဆင်းတုတော်သည် ခရစ်နှစ် ၅ ရာစုခန့်ကလက်ရာဟု ခန့်မှန်းရပါသည်။ ထိုကာလမှ ၁၁ရာစု ကာလအထိ ပြုလုပ်ခဲ့ကြသော ခေတ်ဦးရခိုင်ဗုဒ္ဓဆင်းတုတော်များကို လေ့လာသောအခါ ဒေသတွင်း မူပိုင်ဟန်ထက် ပြည်ပပုံစံပို၍ အားကောင်းနေသေးသည်ဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် အိန္ဒိယမှ ဂုပ္တပုံစံ၊ ဒွါရာဝတီမွန်ပုံစံနှင့် သရေခေတ္တရာ ပျူပုံစံများကို တွေ့ရသည်။ ဒွါရာဝတီနှင့် သရေခေတ္တရာမှ ဗုဒ္ဓဆင်းတုတော်များ၏ ပင်မမြစ်ဖျားခံရာသည်လည်း ဂုပ္တပုံစံများပင် ဖြစ်သည့်အတွက် ခေတ်ဦးရခိုင်သို့ ဂုပ္တပုံစံများသည် အနောက်မှလည်းကောင်း၊ အရှေ့မှလည်းကောင်း၊ ဝင်ရောက်ခဲ့ ကြသည်ဟု ယူဆနိုင်ပါသည်။ တချို့ခေတ်ဦးလက်ရာများသည် ယင်းပြည်ပပုံစံများကို အခြေခံကာ ဒေသတွင်း မူပိုင်ဟန် ပေါ်ထွန်းရေးအတွက် ကြိုးပမ်းထားကြောင်း တွေ့ရသည်။ ယင်းအနက်မှ တချို့တွင် မူပိုင်ဟန်ပေါ်လွင်လာသော်လည်း မပီပြင်သေးသည့်အပြင် ယနေ့ထိ အရေအတွက်များများ မတွေ့ရသေးချေ။

ခေတ်ဦးရခိုင်ကာလ၏ ဒုတိယတဝက်သို့ ရောက်သောအခါတွင် အိန္ဒိယတိုက် အရှေ့မြောက်ပိုင်း ဘင်္ဂလားနယ်တွင် ပါလသေနအနုပညာလက်ရာများ ပေါ်ပေါက်လာသည်။ ထို့ကြောင့် ယင်းနှင့် အိမ်နီးချင်းဖြစ်သော ရခိုင်ဒေသတွင် ပါလသေနပုံစံတချို့ကို စတင်တွေ့ရှိလာရသည်။ ထို့အတူ ဧရာဝတီမြစ်ဝှမ်းတွင် ပေါ်ထွန်းလာမည့် ပုဂံခေတ်ပုံစံများ၏

**ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဆင်းတုတော်များကို P-၄၃ သမိုင်းရှုဒေါင့်မှလေ့လာချက် (မြောက်ဦးခေတ်အထိ)** ကျော်ဇံသာ ရှေ့ပြေးဖြစ်နိုင်သော ပုံစံတချို့ကိုလည်း တွေ့ရပါသည်။ ရခိုင်သည် ဘင်္ဂလားနှင့် ပုဂံတို့အကြားတွင် တည်ရှိနေသည့်အတွက် ပါလသေနနှင့် ပုဂံတို့ ကူးလူးရာ ကြားစခန်းဖြစ်ခဲ့ဟန် ရှိသည်။

ခေတ်ဦးရခိုင်သားတို့ စတင်ခဲ့သော မပီပြင်သေးသည့် တိုင်းရင်းပင်ကိုယ်ဟန်သည် လေးမြို့ခေတ်တွင် လျစ်လျူရှုခြင်း ခံခဲ့ရလေသည်။ လေးမြို့ပန်းပုပညာရှင်တို့သည် ထိုဟန်ကို ပိုမိုပီပြင်လာအောင် ထပ်ဆင့်ကြိုးပမ်းသည့် အထောက်အထား ကို မတွေ့ရချေ။ လေးမြို့ခေတ်သို့ ရောက်လာသောအခါ အရှေ့ဘက်တွင် ပုဂံယဉ်ကျေးမှုသည် များစွာအခြေခိုင်ကာ အားကောင်းလျက်ရှိပြီဖြစ်၏။ အရှေ့ဘက်မှ ဝင်ရောက်တိုက်ခိုက်မှုများကြောင့်ပင် ဝေသာလီပျက်ကာ လေးမြို့ခေတ်စတင် ခဲ့ရခြင်း ဖြစ်သည်ဟူ၍လည်း ရာဇဝင်များတွင် ဖတ်ရှုရသည်။ လေးမြို့ခေတ်နှင့် ပုဂံတို့ နိုင်ငံရေးရာဆက်ဆံမှုများကို လည်း ထို့အတူ ဖတ်ရှုရသည်။ ထို့ပြင် ပုဂံနှင့် ဆက်နွယ်သော ယဉ်ကျေးမှု အထောက်အထားများကို လေးမြို့မှာ တွေ့ရှိရသည်။ ထို့ကြောင့် လေးမြို့ခေတ်တွင် ယဉ်ကျေးမှုအဖြာဖြာတို့သည် ပုဂံမှဝင်ရောက်ခဲ့သည်ဟု မှတ်ယူခဲ့ကြသည်။ ဗုဒ္ဓဆင်းတုတော် များနှင့်ပတ်သက်၍ လေးမြို့ခေတ်တလျှောက်လုံးတွင် ပုဂံပုံစံကို အများဆုံးတွေ့ရပါသည်။ လေးမြို့သားတို့သည် ဝေသာလီ ဟန်ကို ပစ်ပယ်ကာ အသစ်ပေါ်ထွန်းလာသော ပုဂံပုံစံများကိုသာ အတုယူထုလုပ်ခဲ့ကြလေသည်။

ပုဂံနည်းတူပင် လေးမြို့နှင့် အဆက်အသွယ်များခဲ့သော ဒေသတခုကား သီဟိုဠ်ဖြစ်သည်။ သီဟိုဠ်ရခိုင်ဆက်ဆံရေးကို အာနန္ဒစန္ဒြကျောက်စာအရ ခရစ်နှစ် ၈ ရာစုကပင် သဲလွန်စတွေ့ခဲ့ရသော်လည်း ထိုခေတ်ရခိုင်ပြည်၌ သီဟိုဠ်ယဉ်ကျေးမှု အထောက်အထားကို ပေါ်ပေါ်လွင်လွင်မတွေ့ခဲ့ရသေးချေ။ လေးမြို့ခေတ်ကျမှသာ သီထိုဝ်ခေါ် သီဟိုဠ်နှင့် ဆက်ဆံရေးကို စာပေအထောက်အထားများဖြင့်လည်းကောင်း၊ အနုပညာအထောက်အထားများဖြင့်လည်းကောင်း တွေ့ရှိလာရပါသည်။ သီဟိုဠ်တွင် ထိုအချိန်က အသုံးများဆဲဖြစ်သော မီးလျှံ သို့မဟုတ် ဗျတ်စောင်းပုံဥဏှိသရှိသော ဗုဒ္ဓဆင်းတုတော်အမြောက် အမြားကို ရခိုင်ဒေသမှာ ဖူးတွေ့ရသည်။ ထို့ကြောင့် လေးမြို့ခေတ် ဗုဒ္ဓဆင်းတုတော်များသည် ခေတ်ပြိုင်ပေါ်ထွန်းလျှက် ရှိသော ပုဂံပုံစံ သီဟိုဠ်ပုံစံများကို အဓိကအားဖြင့် လက်ခံကျင့်သုံးခဲ့ကြသည်။ ယင်းပြည်ပပုံစံများနှင့် တွဲဘက်၍ ကိုယ်ပိုင် ဟန်ပေါ်ထွန်းရေးကို ကြိုးပမ်းလာကြပြန်သည်။ သို့သော် လေးမြို့သားတို့သည်လည်း ဝေသာလီသားတို့ကဲ့သို့ပင် ပီပြင်သော သို့မဟုတ် ပြည်ပပုံစံများကို ကျော်လွှားလွှမ်းမိုးနိုင်လောက်သော တိုင်းရင်းကိုယ်ပိုင်ဟန်ကို အောင်မြင်စွာ ဖော်ဆောင်နိုင် ခဲ့သည်ကို မတွေ့ရချေ။

မြောက်ဦးခေတ် ရောက်လာသောအခါ အခြားသော ယဉ်ကျေးမှုအရပ်ရပ်တို့နည်းတူ ဗုဒ္ဓဆင်းတုတော်ထုလုပ်မှု ပညာရပ်သည်လည်း များစွာ ဖွံ့ဖြိုးတိုးတက်လာသည်။ ရှေးဦးစွာ လေးမြို့ခေတ်က လက်ရာများကို အခြေခံ၍ ထုလုပ်ခဲ့ကြ သည်။ လေးမြို့သားတို့ ကြိုးပမ်းထားခဲ့သည့် တိုင်းရင်းကိုယ်ပိုင်ဟန်ကို ဆက်လက်တိုးပွားကျယ်ပြန့်စေခဲ့သည်။ ထို့ကြောင့် ရခိုင်ဒေသဟန် ပီပြင်စပြုလာသည်။ မြောက်ဦး၏ ဒုတိယနှစ်တရာကာလသို့ ရောက်လာသောအခါတွင်မူ ဝေသာလီခေတ် က လက်ရာများကိုပါ ပြန်လည်ဆန်းသစ်လာစေသည်။ ဝေသာလီသားတို့ ကြိုးပမ်းထားခဲ့သည့် ကိုယ်ပိုင်ဟန်ကိုလည်း ဆက်လက်တိုးမြှင့်ပေးခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် မြောက်ဦးခေတ်တွင် ဝေသာလီပုံစံနှင့် လေးမြို့ပုံစံတို့ပေါင်းဆုံကာ ရခိုင်တိုင်းရင်းဟန်ဟူ၍ ပီပီပြင်ပြင်ပေါ်ထွက်လာခဲ့သည်။ တနည်းအားဖြင့် မြောက်ဦးခေတ်တွင် ရခိုင်တိုင်းရင်းဟန်သည် စတင်နမူနာယူခဲ့ဘူးသော ပြည်ပပုံစံများကို ကျော်လွှားလွှမ်းမိုးသွားလေသည်။

ထို့ပြင် မြောက်ဦးခေတ်တွင်မှ ရောက်လာသော ပြည်ပပုံစံသစ်များကိုလည်း တွေ့ရပါသေးသည်။ အထူးသဖြင့် ခေတ်ပြိုင်ယိုးဒယားပုံစံ ဗုဒ္ဓဆင်းတုတော်များကို အများဆုံးတွေ့ရသည်။ ဤပုံစံများကိုလည်း မြောက်ဦးကိုယ်ပိုင်ဟန်များ နှင့် ရောနှောထုလုပ်ကာ ရခိုင်မှုပြုရန် ကြိုးပမ်းမှုများလည်း ရှိခဲ့သည်။ အခြားပြည်ပပုံစံတမျိုးအနေဖြင့် တွေ့ရသည်မှာ အိန္ဒိယတွင် ခရစ်နှစ် ပထမရာစုခန့်က ထွန်းကားခဲ့သော ဂန္ဓာရပုံစံမျိုးဖြစ်သည်။ သို့သော် ဤဂန္ဓာရပုံစံသည် ဂန္ဓာရနယ်မှ တိုက်ရိုက်ရရှိခြင်းထက် ကမ္ဘာ့အရှေ့ဖျားဒေသမှတဆင့် ရရှိခဲ့ခြင်းဖြစ်နိုင်သည်။ ထို့ကြောင့် မြောက်ဦးခေတ်သည် ဗုဒ္ဓဆင်းတု အနုပညာရပ်တွင် အကျယ်ပြန့်ဆုံးနှင့် အပြည့်ဝဆုံးဖြစ်ပေသည်။

## နောက်ဆက်တွဲ (က)

# မင်းဝတ်ဆင်းတုတော်များနှင့် ပတ်သက်သော ရခိုင်ဒေသအယူအဆ

မင်းဝတ်ဆင်းတုတော်များကို ရခိုင်တွင် "မဟာကျိန်ဘုရား" သို့မဟုတ် "မဟာကျန်ဘုရား"ဟု ခေါ်ကြသည်။ မဟာကျိန်ဆိုသည်မှာ မြတ်သောသစ္စာဆိုခြင်းဟု အဓိပ္ပါယ်ရသည်။[၁] ဤဆင်းတုတော်များနှင့် ပတ်သက်၍ ဦးအောင်သာဦးက

မင်းတပါး ဘိသိက်ခံလျှင် ထိုမင်း၏ ဝတ်ဆင်မှုအထူးသဖြင့် မကိုဋ်နှင့် စလွယ်များကို ဝတ်ဆင်ထားသော ဗုဒ္ဓရုပ်ပွားတော်တဆူကို သွန်းလုပ်ရ၏။ နက္ခတ်ဗေဒင်ကျမ်းများအရ လောကီပညာရှင်များ ကြီးမှူး၍ သွန်းလုပ်ရ၏။ ဘိသိက်အခမ်းအနားအပြီးမှ ထိုရုပ်ပွားတော်ရှေ့၌ (သာသနာပိုင်ဆရာတော်အမှူးယှိသော သံဃာတော်များ မျက်မှောက်တွင်) ကျိန်ဆိုရ၏။ တိုင်းပြည်ကို တရားသဖြင့် အုပ်ချုပ်ပါမည်။ ပျက်ကွက်ခဲ့သော် . . . စသည်အားဖြင့် ကျိန်ဆိုရ၏။ အပြီးမှာ သာသနာပိုင်ဆရာတော်ကိုယ်တိုင် မကိုဋ်ရှသရဖူကို ဆောင်းပေးရ၏။ ထိုဗုဒ္ဓရုပ်ပွားတော်ကိုလည်း နန်းတော်ဦးမှာပင် ထား၍ ကိုးကွယ်လေ့ရှိ၏။ ဤမင်္ဂလာအခမ်းအနားကို "ဗုဒ္ဓာဘိသေကမင်္ဂလာအခမ်းအနား"ဟုခေါ်၏။ ဗုဒ္ဓာဘိသေက ကျမ်းပေမူယှိသည်။

ထိုရုပ်ပွားတော်များသည် ခေတ်အလျောက် မင်းမြောက်တန်ဆာ(ဆင်ယင်ပုံ)ကို ပြထားသော ရုပ်ပွားတော်များဖြစ်သဖြင့် သုတေသီများအဘို့ အလွန်အရေးကြီးပါသည်။ ဟုရေးသားထားသည်။[၂] ယင်းသို့မြင့်မြတ်သည့် အခမ်းအနားတခုဖြစ်သော ဘိသိက်မင်္ဂလာအခမ်းအနား၌ သစ္စာဆိုရာတွင် အသုံးပြုသည့် ဆင်းတုတော်များဖြစ်၍ "မဟာကျိန်"ဘုရားဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

---

၁။ မြန်မာပဏ္ဍိတ် ဦးဦးသာထွန်း၏ ၁၉၇၄ ခုနှစ်ကပြောပြချက်။

၂။ ဦးအောင်သာဦးမှ ဒေါ်မြခင်ထံပေးစာ၊ နေ့စွဲမပါ။ ဒေါ်မြခင်၏ ပြောပြချက်အရ ၁၉၇၀ ခုနှစ်ခန့်ကဟု သိရသည်။

၃။ မင်းသားကြီး (ဦးဦးသာထွန်း၏သား)

**ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဆင်းတုတော်များကို P-၄၅ သမိုင်းရှုဒေါင့်မှလေ့လာချက် (မြောက်ဦးခေတ်အထိ)** ကျော်ဇံသာ

# ကျမ်းကိုးစာရင်း

## ပင်ရင်းအထောက်အထား


ရခိုင်သူမြတ် လောကသာရပျို့ သက္ကရာဇ် ၆၉၅ နှင့် ၇၀၅ အကြား၊ မင်းသုဝဏ်(တည်း)၊ ရန်ကုန်၊ ကုသလဝတီ၊ ၁၃၁၇။

ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏ ၁၉၅၇-၅၈ ခုနှစ် အတွက် နှစ်ချုပ်အစီရင်ခံစာ၊ ရန်ကုန်၊ အစိုးရစာပုံနှိပ်တိုက်၊ ၁၉၆၁။

ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏ ၁၉၅၄-၅၅ ခုနှစ် အတွက် နှစ်ချုပ်အစီရင်ခံစာ၊ ရန်ကုန်၊ အစိုးရစာပုံနှိပ်တိုက်၊ ၁၉၅၈။

Aung Thaw, U; Report on the Excavation of Beikthano, Rangoon, Ministery of Union Culture, 1968.

Duroiselle, Chas; "Visit to Arakan", Report of the Superintendent, Archaeological Survey, Burma,for the year 1920-21, Rangon, Govt. printing , 1921, PP. 14-20.

Duroiselle, Chas; "Introduction of Burmese Alphabet into Arakan", Report of the Superintendent, Archaeo logical Survey, Burma, for the year 1922-23, Rangon, Govt. printing, 1923, P.27.

Forchammer, E., Papers on Subjects Relating to the Archaeology of Burma including Arakan, I Mahamuni Pagoda, II Mrohaung, III Launggyet, Minbya, Urittaung, Akyab and Sandoway, Rangoon, Govt. press, 1891.

Inscriptions Collected in Upper Burma Vol. II. Rangon, Govt. press, 1903.

Report of the Suprerintendent, Archaeological Survey, Burma, For the Year 1940-41, Rangoon Govt. printing and stationary, 1941.


## ပုံမနှိပ်ရသေးသော ကျောက်စာများ


ပုရိန်အဆုံးတောင်ကျောက်စာ၊ ပုရိန်အဆုံးတောင်အောက်ရေမြောင်း၌ တွေ့ရသည်။ ယခုမြောက်ဦးပြတိုက်။

ကောလိတဆရာနိရမ္ဗန်ကျောက်စာ၊ မြောက်ဦးမြို့နယ်၊ မဟာထီးရွာမြောက်ဘက်၊ တဖာလုံအကွာရှိကျောက်ဆောင်။

## တဆင့်စံအထောက်အထား


ကဝိသာရ၊ ရှင်၊ ဒွါရာဝတီ၊ “ရခိုင်ရာဇဝင်အထောက်လျှောက်ထုံးကျမ်း” (ပေမူ)ကျမ်းပြုနှစ် ၁၁၄၉ ပေကူးနှစ် ၁၂၁၀၊ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ပေထုပ်အမှတ်-(၉၆၃၃၆)။

ကဝိသာရ၊ ရှင်၊ ဒွါရာဝတီ၊ “ရခိုင်အရေးတော်ပုံ” (ပေမူ)ကျမ်းပြီးနှစ် ၁၁၄၉၊ ပေကူးနှစ် ၁၂၁၁၊ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ပေထုပ်အမှတ်(၄၉၈၈၇)

ကိတ္တိ၊ အရှင်၊ ဣန္ဒိယကြေးမုံကျမ်းကြီး၊ အသောကကျောက်စာတော်၊ ရန်ကုန်၊ အမျိုးသားနှင့် ကဝိ မျက်မှန်၊ ၁၉၃၃။

စံသာအောင်၊ ဦး အာနန္ဒစန္ဒြ၊ ရှစ်ရာစုရခိုင်ဝေသာလီမင်း၊ ရန်ကုန်၊ တက္ကသိုလ်များ ဗဟိုပုံနှိပ်တိုက်၊ ၁၉၇၅။

စံသာအောင်၊ ဦး အေဒီခြောက်ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ၊ ရန်ကုန်၊ ဥမ္မာအောင်စာပေ၊ ၁၉၇၄။

စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း(ပ)(ဒု)၊ မန္တလေး၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက် ၁၂၉၃။

တိုက်စိုး၊ ဗုဒ္ဓဘာသာအနုပညာနိဒါန်း၊ ရန်ကုန်ချင်းတွင်း၊ ၁၉၇၆။

တောင်ပေါက်ဆရာတော်၊ မော်လမြိုင်၊ ဗုဒ္ဓသာသနိက ပဋ္ဌဝိဝင်ကျမ်းကြီး၊ ရန်ကုန်၊ သုဓမ္မဝတီ၊ ၁၉၅၈။

ထွန်းမှတ်ဝင်း၊ စပ်၊ မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာမုဒြာများ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၈။

ပညိန္ဒာဘိဝံသ၊ ဣန္ဒိယမြန်မာဗုဒ္ဓဘာသာ၊ ရန်ကုန်၊ တသက်တာစာပေ၊ ၁၉၇၆။

မဟာဓမ္မသင်္ကြံ သာသနာလင်္ကာရစာတန်း၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၂၈။

မင်းသုဝဏ်၊ “ဗုဒ္ဓဆင်းတုတော်လေ့လာချက်”၊ စာပေဗိမာန်စာပဒေသာ၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၂၊ စာ ၁၁၇-၁၃၂။(၂၆၊၂၊၅၅ နေ့က ရန်ကုန်မြို့ ယဉ်ကျေးမှုဗိမာန် (ဂျူဗလီဟော)၌ ကျင်းပနေခဲ့သော အိန္ဒိယဗုဒ္ဓ ဘာသာ အနုပညာပြပွဲကြီး၌ မင်းသုဝဏ်၏ဟောပြောချက်)

မြ၊ ဦး၊ “ဇမ္ဗူပတိဆင်းတုတော်ဖြစ်ပေါ်လာခြင်း” ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏ အနှစ်ချုပ်အစီရင်ခံစာ (၁၉၅၈-၅၉)

မြ၊ ဦး၊ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ပဌမတွဲ၊ ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၁။

မြ၊ ဦး၊ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ဒုတိယတွဲ၊ ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်၊၁၉၆၁။

မြ၊ ဦး၊ အပယ်ရတနာဂိုဏ်ဂူဘုရား၊ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသနဦးစီးဌာန၊ ဒုတိယအကြိမ်နှိပ်၊ ၁၉၇၄။

မြင့်ဆွေ၊ ဦး၊ “အာနန္ဒစန္ဒြသက္ကတကျောက်စာ” ပြည်ထောင်စုမြန်မာနိုင်ငံစာပေနှင့် လူမှုရေးသိပ္ပံဂျာနယ် အတွဲ-၂၊ အမှတ်-၃၊ ၁၉၆၉။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း (ပ)၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၀။

သာမြတ်၊ ဦး။ ပျူဖတ်စာ၊ ပျူအက္ခရာသမိုင်း၊ ရန်ကုန်၊ အမျိုးသား၊ ၁၉၆၃။

သန်းထွန်း၊ ဒေါက်တာ၊ ခေတ်ဟောင်းမြန်မာရာဇဝင်(၁)၊ ရန်ကုန်မဟာဒဂုံ၊ ၁၉၆၄။

သန်းထွန်း၊ ဒေါက်တာ၊ “ရက်စွဲပါ ဗုဒ္ဓရုပ်ပွားတော်”၊ နယ်လှဲ့ရာဇဝင်(၁)၊ ရန်ကုန်၊ နံ့သာ၊ ၁၉၆၈။

သန်းထွန်း၊ ဒေါက်တာ၊ “မြန်မာ့အိုးသမိုင်းဖြည့်စွက်စာတမ်း၊ ၃၊ ၄၊ ၅၊” ဟံသာဝတီသတင်းစာအချပ်ပို၊ ၂၈၊၁၊ ၇၃။ ၄၊ ၂၊ ၇၃။ ၁၁၊ ၂၊ ၇၃။ မန္တလေး။

အဒူမင်းညို ရခိုင်မင်းသမီးချောင်း၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၅။

အောင်သာဦး၊ ဦး၊ "ဗုဒ္ဓသာသနာတော်နှင့်ရခိုင်ပြည်"လက်နှိပ်စက်စာမူ၊ မြို့မပါ၊ ခုနှစ်မပါ။

အုန်း၊ ဒေါ်၊ ပါဠိစာပေသမိုင်း၊ မန္တလေး၊ ပိဋကတ်တော်လျှပ်စစ်ပုံနှိပ်တိုက်၊ ၁၉၅၆။

ဦးသာထွန်း၊ မြောက်ဦးမြို့ဘုရားသမိုင်း၊ ရန်ကုန်၊ ပြည်တော်သာပုံနှိပ်တိုက်၊ ၁၉၄၀။

Aung Thaw, U: Historical Sites in Burma, Rangoon, Ministery of Union Culture, 1972.

Bhattacharyya, B., The Indian Buddhist Iconography, Calcutta, Firma K.L. Mukhopadhyay, 1968, 3 rd, ed.

Banerji, R.D., Eastern Indian School of Medieval Sculpture, Archaeological Survey of India, New Imperial Series, Vol. KlVIII, Delhi, Manager of Publications, 1933.

Bhattasali, Nalini Kanta; Iconography of Buddhist and Brahmanical Suulpture in the Dacca Museum, Dacca, Honorary Secretary, Dacca Museum, 1924.

Chhibber, H.L., The Mineral Resources of Burma, London, Macmillan and Co. Limited, 1934.

Collis, M. and San Shwe Bu, U; "Arakan's Place in the Civilization of the Bay" , JBRS XV, PP. 34-52, repr in BRS 50th Ann. Publ II, PP. 485-504.

Coedes, G., The Indianized States of Southeast Asia, ed. Walter E. Vella, tr. Susan Brown Cowing, Honolulu, East West Centre, 1968.

Coomaraswamy, A.K., History of Indian and Indonesian Art, New York, Dover Publication Inc., 1965,

Coomaraswamy, A.K., The Arts and Crafts of India & Cevlon, London, T.N. Foulis, 1913.

Devendra, D.T., Classical Sinhalese Sculpture, London, Alec Tiranti, 1958.

Griswold, A.B., Dated Buddha Images of Northern Siam, Ascona, Artibus Asiae, 1957.

Gutman, P.C. "Ancient Arakan, with Special reference to its Cultural history between the 5th and 11th centuries", Ph.D. Thesis, Australian National University, 1976.

Hall, D.G.E., A History of South-East Asia, London, Macmillan and Co,,Ltd 1965.

Harvey, G.E., History of Burma, London, Longmans, Green and Co., 1925.

Johnston, E.H., "Some Sanskrit Inseriptions of Arakan" BSOAS, Vol. XI (1944), PP. 357-385.

Lowry, John; Burmese Art, London, Her Majesty Stationery Office, 1974.

Luang Boribal Euribhand; Thai Images of the Buddha, Bangkok, The National Culture Institute, 1954.

Luce, G.H., Old Burma-Early Pagan, Vol. I Text; Vol. II Catalogue; Vol. III Plates, New York, Artibus Asiae, 1969-70.

Majumdar, et al; An Advanced History of India, New York, St. Martin's Press, 1965, 2nd ed.

Malalasekera, G.P., Dictionary of Pali Proper Names, Vol. I& II, London, Luzac & Company Ltd., 1960.

May, R. le; A Concise History of Burddhist Art in Siam, London, Combridge University Press, 1938.

May, R. le; "The Development of Buddhist Art in Burma", Journal of the Royal Society of Arts, Vol. XCVIII (1949) PP. 535-555.

Phayre, Sir, A.P., History of Burma, London, Trubner & Co., Ludgate Hill, 1883.

Rawson, P., The Art of Southeast Asia-Cambodia Vietnam Thailand Laos Burma Java Bali, London, Thames and Hudson, 1967.

Ray, N., Sanskrit Buddhism in Burma, Amsterdam, H.J. Paris, 1936, repr Rangoon, Buddha Sasana Council Press, n.d.

Ray. N., An Introduction to the Study of Theravada Buddhism in Burma, Calcutta, University of Calcutta, 1946.

Rowland, Benjamin: The Art and Archecture of India, Buddhist-Hindu-Jain, London, Peguin, 1954.

Sircar, D.C, "Inseriptions of the Chandras of Arakan" , Epigraphia India, Vol. XXXII, (1957), PP. 103-109.

Thaw, Tin Hla; "The Development of the Buddha Image in Burma", M.A. Thesis, London University, 1963.

Thin Kyi, Dr. Daw; "Arakanese Capitals A Priliminary Survey of Their Geographical Siting", JBRS, Vol. LIII (1970), PP. 1-14.

Zimmer, H., The Art of Indian Asia, Vol. I Text, ed. J. Campbell, Vol. 2 Plates New York, Pantheon Books, 1955.

**ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဆင်းတုတော်များကို P-၄၈ သမိုင်းရှုဒေါင့်မှလေ့လာချက် (မြောက်ဦးခေတ်အထိ) ကျော်ဇံသာ**

# အစျုပ်

ဤကျမ်းတွင် ခရစ်နှစ် ၅ ရာစုမှ ၁၈ ရာစုအထိ ရခိုင်ပြည် ဗုဒ္ဓဆင်းတုတော်များကို လေ့လာတင်ပြထားပါသည်။ ဆင်းတုတော်များအကြောင်းကို မတင်ပြမီ မဏ္ဍာမအနေဖြင့် ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာ ရောက်ရှိခဲ့ပုံကို တင်ပြပါသည်။ ဗုဒ္ဓသာသနာသည် ရခိုင်ပြည်သို့ ခရစ်နှစ် ၃ ရာစုခန့်ကပင် ရောက်ရှိကောင်း ရောက်ရှိခဲ့မည်ဖြစ်သော်လည်း ခိုင်မာသော အထောက်အထားကိုမူ ၅ ရာစုခန့်တွင် စတင်တွေ့ရှိရသည်။ ယင်း၅ ရာစုမှ ၁၁ ရာစုထိ ရခိုင်ခေတ်ဦးကာလအတွင်း ထုလုပ်ခဲ့ကြသော ဗုဒ္ဓဆင်းတုတော်များတွင် ပြည်ပပုံစံများက တိုင်းရင်းဟန်ကို လွှမ်းမိုးထားနိုင်သည်ဟု ဆိုနိုင်သည်။ အဓိကအားဖြင့် ဂုပ္တပုံစံ၊ သရေခေတ္တရာ၊ ပျူပုံစံနှင့် ဒွါရာဝတီ မွန်ပုံစံတို့ကို တွေ့ရသည်။ ရခိုင်ခေတ်ဦးကာလ ကုန်ဆုံးခါနီးတွင် ပါလသေနပုံစံများကိုပါ စတင်တွေ့လာရသည်။ ၁၂ ရာစုမှ ၁၅ ရာစုအစောပိုင်းထိ လေးမြို့ခေတ်တွင် ခေတ်ဦးရခိုင်ဟန်များကို ဆက်လက်မကျင့်သုံးပဲ ပုဂံပုံစံ သီဟိုဠ်ပုံစံများကို အတုယူကာ ထုလုပ်ခဲ့ကြသည်။ လေးမြို့ခေတ် ကိုယ်ပိုင်ဟန်သည်လည်း ထိုပြည်ပပုံစံများကို မကျော်လွှားနိုင်ခဲ့ချေ။ ၁၅ ရာစု ဒုတိယပိုင်းမှ ၁၈ ရာစုထိ မြောက်ဦးခေတ်တွင် လေးမြို့ဟန်နှင့် ဝေသာလီဟန်နှစ်ရပ်စလုံးကို အခြေခံကာ ထုလုပ်ခဲ့သည်။ ဤခေတ်တွင် ရခိုင်တိုင်းရင်းဟန် ပီပြင်အားကောင်းလာပြီး ပြည်ပပုံစံများကို လွှမ်းမိုးနိုင်ခဲ့သည်။ သို့သော် မြောက်ဦးနှင့် ခေတ်ပြိုင် ယိုးဒယားမှ ပုံစံတချို့ကိုလည်း တွေ့ရသည်။

၁။ Type

၂။ Style

၃။ Thaw, Tin Hla, "The Development of the Buddha Image in Burma", M.A. Thesis, London University, 1963.(Hereafter this work will be cited as Thaw, "Buddha Image in Burma")

၄။ Thaw, ''Buddha Image in Burma", Fig 6. 21. 22. 23. 24. 25. 62.

၅။ Ibid ,P. 80.

၆။ Gutman, Pamela "Ancient Arakan, with Special reference to its cultural history between the 5 th and 11tj centruies", Ph.D. Thesis, Australian National University 1976(Hereafter this work will be cited as Gutma, "Ancient Arakan).

၇။ Gutman, "Ancient Arakan", Pls. LXIII-LXIV, PP. 234-256.

## အခန်း(၂)

၁။ ရာဇဝင်များ၏ အလိုအရ မဟာမြတ်မုနိ ဆင်းတုတော်ကို ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင် သွန်းလုပ်ခဲ့သည်ဟု ဆိုပါသည်။ ဓချင်း၊ စာ-၂၁၊ တချို့သုတေသီများက ယင်းကို ခရစ်နှစ်အစောပိုင်း ရာစုများက သွန်းလုပ်ခဲ့ကြောင်း ဖြစ်မည်ဟု ဆိုကြပါသည်။ Phayre, History , P. 46. Harvey, History, P.137 သို့သော် ဤဆင်းတုတော်မှာ အကြိမ်ကြိမ် အဖန်ဖန် ပျက်စီးယိုယွင်းခဲ့သည်ဖြစ်၍ ယခုအခါမှာ ခေတ်သစ်လက်ရာများဖြင့် ပြုပြင်ထားသဖြင့်မူရင်းလက်ရာများကို မခန့်မှန်းနိုင်တော့ချေ။ နောက်ဆက်တွဲ(  )တွင်ရှု။

၂။ ဤခေတ်ဦးကာလ ရခိုင်ပြည်ကြီး၏ မြို့တော်များမှာ အစဉ်အလာအတိုင်း သပိတ်တောင်၊ ဓညဝတီ၊ ဝေသာလီ ဟူ၍ ၁၁ ရာစုတိုင်အောင်ရှိခဲ့သည်။Harvey, History ,P. 137.

၃။ ဝေသာလီပြီးနောက် ပဉ္စာ(စမ္ပဝတ်)သည် ၁၁၁၈ထိလည်းကောင်း၊ ပရိန်သည် ၁၁၁၈-၆၇၊ ခြိတ် ၁၁၆၇-၈၀၊ ပဥ္စာ၁၁၈၃-၁၂၃၇၊ လောင်းကြက် ၁၂၃၇-၁၄၃၃ထိလည်းကောင်း အသီးသီးထွန်းကားခဲ့သည်။Harvey, History, P. 137.

၄။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ စာ ၆၆-၆၇။

၅။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ စာ ၆၇။

၆။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ စာ ၇၀။

၇။ Luce က Dolomite ဟု ပြန်ဆိုထားပါသည်။ OBEP, P. 151. Lowry ကမူ Steatite ဟု ခေါ်ထားပါသည်။ Lowry, Joha: Burmese Atr, London, Her Majesty's Stationary Office, 1974, No. 7.

၈။ Chhibber, H.L. : Mineral Resources of Burma, London, Macmillan and Co., Limited, 1934, P. 245.

၉။ Thaw, "Buddha Image in Burma", P. 75.

၁၀။ ရှေးဟောင်းဖလင် ၂၆၉၄ (၁၉၂၅-၂၆)။

၁၁။ မြ၊ ဦး၊ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ဒုတိယတွဲ၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၁၊ ပုံ(၄၀) (နောင်တွင် ဤစာအုပ်ကို မြ၊ အုတ်ခွက်ရုပ်ပွား ဟု ညွှန်းမည်)။

၁၂။ ယခုဤကျောက်ချပ်သည် ဟန်လင်း ရေပူကုန်းရပ် မြသိန်းတန်ကျောင်းတွင် ရှိပါသည်။ အခြေပြုမြန်မာ့နိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ ရန်ကုန်မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ စာပေဗိမာန်၊ ၁၉၇၀၊ စာ-၁၇၇။(နောင် ဤစာအုပ်ကို အခြေပြုသမိုင်း ဟု ညွှန်းမည်)။ဤကျောက်ချပ်တွင် နှစ်ပိုင်းပါရှိပြီး အထက်ပိုင်း၌ ထိုင်နေသော အရုပ်ကြီးတစ်ခုပါရှိသော်လည်း ပျက်စီးသွားပြီဖြစ်၍ မည်သည့်အရုပ်ဟု မသိရှိနိုင်တော့ပါ။ ယင်း၏အောက်ခြေတွင် လက်အုပ်ချီ ရှစ်ခိုးလျှက် အရုပ် ၅၀ ခန့်ကို ၃ တန်းဖော်ပြထားရာ အချို့မှာ မကိုင်မဆောင်းထားပြီးကျန်အချို့မှာ ဆံပင်ကို ခွေထားပါသည်။ Aung Thaw, Historical Sites in Burma, Rangoon, 1972, Fig at P. 13. (Hereafter this work will be Cited as Historical Sites,)ဤပုံများတွင် ပါသော ဆံခွေမျိုးသည် ယခုအရုပ်မှ တရားနာနေသူ ဥပသကာ၏ဆံခွေနှင့် သဘောချင်းတူညီပါသည်။

၁၃။ Coomaraswamy, Ananda K.., History of Indian and Indonesian Art, New York, Dover Publications Inc., 1965, P. 74. (Hereafter this work will be Cited as Coomaraswamy, HIIA.).

၁၄။ Historical Sites, P 29.

၁၅။ မြ၊ အုတ်ခွက်ရုပ်များ(ဒု)၊ ပုံ-၁၇။

၁၆။ Griswold, A.B., Dated Buddha Images of Northern Siam, Ascona, Switzerland, Arthibus Asiae, MCMLVII, P. 19. flg.1

၁၇။ Gutman, "Ancient Arakan", P. 119.

၁၈။ Coomaraswamy, HIIA, P. 74.

၁၉။ Gutman, "Ancient Arakan" , P. 120.

၂၀။ Terukazu Ariyama and Sahuro Matsuhara, Arts of China Buddhist Cave Temples: New Researches, (Tokyo, 1972)Pls. 107, 109; Cited "Ancietn Arakan" , P. 244.

၂၁။ ''Ancient Arakan", P. 244.

၂၂။ Sarnath

၂၃။ Nalanda

၂၄။ ဤပုံစံမျိုးမတ်ရပ်ဆင်းတုတော်များကို ပုဂံအာနန္ဒာစေတီတော်အတွင်းမှာ တွေ့ရှိရပါသည်။ OBEP, 290 b,d, 295, 296 a နာလန္ဒမှ ဤအစဉ်အလာမျိုးသည် ရခိုင်မှတဆင့် ပုဂံသို့ရောက်ခဲ့ခြင်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။

၂၅။ သန်းထွန်း၊ နယ်လှဲ့ရာဇဝင်(၁)၊ ရန်ကုန်၊ နံ့သာ၊ ၁၉၆၈၊ စာ-၉၄ (နောင်တွင် ဤစာအုပ်ကို သန်းထွန်း၊ နယ်လှဲ့(၁)ဟု ညွှန်းမည်)။

၂၆။ ရခိုင်ဒေသအယူအဆကို နောက်ဆက်တွဲ(က)တွင်ရှု

၂၇။ မြ၊ ဦး၊ "ဇမ္ဗူပတိရုပ်ပွားဆင်းတုတော်ဖြစ်ပေါ်လာခြင်းအကြောင်း" နှစ်ချုပ်(၁၉၅၈-၅၉)၊ စာ-၃၀။

၂၈။ Crowned Buddha

၂၉။ Gutman, "Ancient Arakan", P. 187.

၃၀။ စန္ဒမဥ္ဇူကျောင်းဆရာတော် ဦးဝဏ္ဏိတ၏ပြောပြချက်။

၃၁။ သန်းထွန်း၊ "မြန်မာအိုးသမိုင်း ဖြည့်စွက်စာတမ်း(၅)"၊ ဟံသာဝတီသတင်းစာအချပ်ပို၊ အမှတ် (၁၇၅)၊ မန္တလေး၊ ၁၁-၂-၇၃။

၃၂။ အငြိမ်းစားကျောက်စာဝန် ဦးမြက ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များဟူသောအမည်ဖြင့် နှစ်တွဲ ရေးသားထုတ်ဝေခဲ့ရာ ဒုတိယတွဲတွင် သရေခေတ္တရာတပိုက်မှ တွေ့ရသော အုတ်ခွက်များအကြောင်း ပြည့်ပြည့်စုံစုံ တင်ပြထားပါသည်။ ဤစာအုပ်တွင် ဗုဒ္ဓဝင်အခန်းခန်းပုံတော်များ လုံးဝမပါရှိပါ။

၃၃။ Historical Sites, P. 25.

၃၄။ မြ၊ အုတ်ခွက်ဆင်းတု(ပ)၊ ပုံ ၁၃(က)၊ ၄၅(က)၊ ၅၀၊ ၅၁။

၃၅။ ယင်း၊ ပုံ ၇၂။

၃၆။ Historical Sites, P. 81. တိုက်စိုး၊ ဗုဒ္ဓဘာသာအနုပညာနိဒါန်း၊ ရန်ကုန်၊ ချင်းတွင်းစာပေ။ ၁၉၇၆၊ ပုံ-၆၆၃။ OBBP, Pls. 401, 402 b, 403 a, b, 405.

၃၇။ OBEP, Pls. 402 a.b, 403 a.b, 404, 405 a.b.c.

၃၈။ OBEP, Pl. 401.

၃၉။ ဝိနယအလိုအရ မြတ်စွာဘုရားသခင်သည် ဘုရားအဖြစ် ရတော်မူပြီး ဗောဓိပင်အနီးတွင် ရက်သတ္တလေးပါတ် နေတော်မူသည်။ ပထမပါတ်တွင် ဗောဓိပင်အောက်၌နေ၍ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူသည်။ ဒုတိယ အပါတ်တွင် ဘုရားရှင်အား မာရ်နတ်၏သမီးပျိုများ ဖျားယောင်းခဲ့ဘူးသော အဇပါလနိဂြောဓပင်အောက်၌ နေတော်မူသည်။ တတိယအပါတ်တွင် ဘုရားရှင်အား မိုးကာပေးသော မုစ္စလိန္ဒနဂါးမင်း၏ ပါးပျဉ်းအောက်၌နေ တော်မူပြီး စတုတ္ထအပါတ်တွင်မူ တဖုဿနှင့် ဘလ္လိတညီနောင်တို့က ပထမဆုံးဆွမ်းကပ်လှူရာ ရာယယာယတန သစ်ပင်အောက်၌ စံနေတော်မူသည်ဟု သိရပါသည်။ သို့သော် နောက်ပိုင်း ဇာတကများက အထက်ပါပထမနှင့် ဒုတိယအကြားတွင် အခြားသုံးပါတ် (အနိမိဿ၊ ရတနစံကမ၊ ရတနသရ)တို့ကို တိုး၍ ထည့်သွင်းလာကြပါသည်။ (Malasekera, Dictionary of Pali Proper Names, Vol. I, P. 794)ပုဂံလက်ရာများသည် အမြဲတမ်းနောက်ပိုင်း ဇာတကများအ တိုင်း လိုက်နာရေးသားကြသည်။ OBEP, P. 152. ယခုလက်ရာလည်း နောက်ပိုင်းဇာတက အလို အတိုင်း သတ္တဌာနထုလုပ်ထားပါသည်။

၄၀။ Banerjt, R.D., Eastern Indian School of Medieval Sculpture, (Delhi 1933), PI. XXIX b, c.

အခန်း (၃)

၁။ Harvey, History, P. 137.

၂။ စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း (ပ)၊ မန္တလေး၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၂၉၃ ခု၊ စာ-၃၁၈။(နောင်ဤကျမ်းကို ရခိုင်ရာဇဝင်သစ်ဟု ညွှန်းမည်)

၃။ ၎င်း၊ စာ-၂၈။

၄။ Harvey, History, P. 138.

၅။ Pala-Sena

၆။ Thaw, Buddha Image in Burma. PF. 77-79.

၇။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ စာ-၁၂၈။

၈။ ရှေးဟောင်းဖလင် ၃၃၉/၅၃၀၆(၁၉၅၃-၅၄)

၉။ ယင်း ၂၁၀၅ (၁၉၂၂-၂၃)

၁၀။ ယင်း ၁၀၅၀(၁၉၁၁-၁၂)

၁၁။ သရေခေတ္တရာခင်ဘကုန်းမှ ရရှိသော ရွှေဆင်းတု၊ Historical Sites, P. 33.

၁၂။ ယင်း P. 29.

၁၃။ ဝေသာလီခေတ်တောင်ဘုန်းကြီးကျောင်းရှိကျောက်ဥက္ကောင်းတော်၊ ပုံ(၂)

၁၄။ OBEP, fig. 315 a,b,c,d.

၁၅။ OBEP, fig. 315 a,b,c,d.

၁၆။ Historical Sites, P.80.

၁၇။ မြ၊ ဦး၊ အပယ်ရတနာဂိုဏ်ဂူဖုရား၊ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၇၄၊ ပုံ-၁၆။

၁၈။ OBEP, PI. 391 (a).

၁၉။ OBEP, P. 421.

၂၀။ မင်းသုဝဏ်၊ လောကသာရပျို့သုံးစောင်တွဲ၊ ရန်ကုန်၊ ကုသလဝတီ၊ ၁၃၁၇၊ စာ-၁၉၀။

၂၁။ ယင်း

၂၂။ မြို့ဟောင်းမြို့နယ်မဟာထီးရွာ မြောက်ဘက်တဖါလုံအကွာရှိ ကျောက်ဆောင်ကြီးတွင် ရှိပါသည်။

၂၃။ ယခုကိုလံဘိုပြတိုက်ရှိ ကြေးဆင်းတုတော် May, Reginald Lc, A Concise History of Buddhist Art in Siam, London, Cambridge University Press, 1938, P. 117 & fig. 132. (Hereafter this work will be referred to as May, Buddhist Art in Siam).

၂၄။ နယ်လှဲ(၁)၊ စာ-၉၆။

၂၅။ Aoukand

၂၆။ Devendra, D.T., Classical Sinhalese Sitepture, London, Alec Tiranti, 1958, P. 23 & fig 74, 75. (Hereafter this work will be refered to as Devendra, Classical Sinhaless Sculpture).

၂၇။ polonnaruwa

၂၈။ May, Buddhist Art in Siam, P. 119.

၂၉။ Sukotai

၃၀။ Lyre

၃၁။ May, Buddhist Art in Siam, P. 117.

၃၂။ ရှေးဟောင်းဖလင် ၂၇၇/၅၈၁၂(၁၉၂၄-၅၅)

၃၃။ ရခိုင်ရာဇဝင်သစ်၊ စာ-၃၅၇။

၃၄။ ၁၃-၂-၇၉ နေ့တွင် ရခိုင်ပြည်နယ်ပြခန်းတာဝန်ခံ ဦးအောင်လှသိန်း၏ပြောပြချက်။

၃၅။ ၂၅-၃-၇၆ နေ့ထုတ် ကြေးမုံသတင်းစာနောက်ကြောဖုံး
၃၆။ ယင်းကျောက်မျက်ကို နှစ်ဆူစလုံးတွင် မတွေ့ရတော့ပါ။
၃၇။ ရှေးဟောင်းဖလင် ၁၀၀/၈၁၃၈)၁၉၅၈-၅၉)
၃၈။ Devendra, Classical Sinhalese Sculpture, PP. 21-22.
၃၉။ ပိုလွန်နာရုဝရှိထိုင်တော်မူကျောက်ဆင်းတုတော်ကြီး၏ ဓမ္မခဏ်သည်ယခုဆင်းတုတော်ကဲ့သို့ နိမ့်နေပါသည်။ ယင်းဓမ္မခဏ်အောက်တွင် ပလ္လင်ရှိသည်။ May, Buddhist Art in Siam, fig. 134.
၄၀။ ရှေးဟောင်းဖလင် ၉၈/၈၁၃၆ (၁၉၅၈-၅၉)
၄၁။ ရှေးဟောင်းဖလင် ၁၃၈/၄၃၇၃(၁၉၄၀-၄၁)။
၄၂။ OBEP, III, Pl. 407 a,b,c.
၄၃။ OBEP, III, Pl. 410 f.
၄၄။ Ibid, Pl. 216 a.
၄၅။ ရှေးဟောင်းဖလင် ၆၁/၈၀၉၉(၁၉၅၈-၅၉)။
၄၆။ hollow gold-plate images, OBEP, Pl. 424 a,b,c,d.
၄၇။ ရှေးဟောင်းဖလင် ၁၃၄၅ (၁၉၁၄-၁၅) Thaw, Buddha Image in Burma. fig. 27.
၄၈။ Thaw, Buddha Image in Burma. P. 81.
၄၉။ ရှေးဟောင်းဖလင် ၆၉/၈၁၀၇ (၁၉၅၈-၅၉)။
၅၀။ Coomaraswamy, HIIA, fig. 293.
၅၁။ Coomaraswamy, က ခရစ်နှစ် ဒုတိယရာစု၏နောက်ပိုင်းဖြစ်မည်ဟု ခန့်မှန်းထားပါသည်။ Coomaraswamy, HIIA, P. 161.
၅၂။ Pattani Devi or Tara
၅၃။ Coomaraswamy, HIIA, fig 300.
၅၄။ Ibid, P. 167.

အခန်း (၄)

၁။ ဓချင်း၊ စာ-၄၃။
၂။ Thaw, Buddha Image in Burma, P. 80.
၃။ မြောက်ဦးခေတ်ကို နိုင်ငံရေးအားဖြင့် ပထမပိုင်း (၁၄၃၀-၁၅၃၀) ဒုတိယပိုင်း(၁၅၃၁-၁၆၃၈)နှင့် တတိယပိုင်း (၁၆၃၈-၁၇၈၂)ဟူ၍ သုံးပိုင်းခွဲခြားနိုင်ပါသည်။
၄။ စံသာအောင်၊ အာနန္ဒစန္ဒြ၊ စာ-၁၀။
၅။ Harvey, History, P. 141.
၆။ ကဝိသာရ ရှင်၊ ဒွါရာဝတီ၊ "ရခိုင်အရေးတော်ပုံ" (ပေမူ)ကျမ်းပြီးနှစ် ၁၁၄၉၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ပေထုပ်အမှတ် (၄၉၈၈၇)ဦဝမ်း ၃၊ ၄၊ ၇။
၇။ Gendharā
၈။ Mathurā
၉။ Andhra
၁၀။ ရှေးဟောင်းဖလင် ၂၁၆၁ (၁၉၂၀-၂၁)
၁၁။ ရှေးဟောင်းဖလင် ၂၃၂၅ (၁၉၂၂-၂၃)
၁၂။ ရှေးဟောင်းဖလင် ၂၃၂၆ (၁၉၂၂-၂၃) ဤကျောက်စာပါ သက္ကရာဇ်ကို ဦးသာထွန်းက ၈၇၇ ဟုဖတ်သည်။ ဦးသာထွန်း၊ မြောက်ဦးမြို့ဘုရားသမိုင်း၊ ရန်ကုန်၊ ပြည်တော်သာပုံနှိပ်တိုက်၊ ၁၉၄၀၊ စာ-၃၀ (နောင်ဦးသာထွန်း၊ ဘုရားသမိုင်းဟုညွှန်းမည်)။ ဦးတင့်လှသော်ကမူ ၈၅၇ ဟု ဖတ်သည်။
Thaw, Buddha Image in Burma, P. 80.

၁၃။ ဦးသာထွန်း၊ ဘုရားသမိုင်း၊ စာ-၃၀။
၁၄။ ရွှေဟောင်းဖလင် ၁၃၈/၇၄၁၉(၁၉၅၇-၅၈)
၁၅။ ရွှေဟောင်းဖလင် ၂၁၅၀ (၁၉၂၀-၂၁)
၁၆။ Forchammer, "Arakan" , P.20.
၁၇။ ရွှေဟောင်းဖလင် ၂၃၂၃ (၁၉၂၂-၂၃)
၁၈။ Forchammer, "Arakan" , P.24-25.
၁၉။ ဦးသာထွန်း၊ ဘုရားသမိုင်း၊ စာ ၄၂-၄၃။
၂၀။ Eye ball
၂၁။ ရွှေဟောင်းဖလင် ၂၃၂၄ (၁၉၂၂-၂၃)
၂၂။ ရွှေဟောင်းဖလင် ၂၈၇/၅၈၂၂ (၁၉၅၄-၅၅)
၂၃။ ရွှေဟောင်းဖလင် ၆၃/၈၁၀၁ (၁၉၅၈-၅၉)
၂၄။ Pra Peik nam or water soaked Buddha Le May, Buddhist Art in Siam, P. 142.
၂၅။ Ibid
၂၆။ အယုဒ္ဓ (Ayudhya Le May, Buddhist Art in Siah, P. 45.)ခေတ်သည် ၁၄ ရာစုမှ ၁၇ ရာစုထိ ထွန်းကားခဲ့သည်။
၂၇။ မြ၊ ဇမ္ဗူပတိ၊ စာ-၃၂၊ ပုံ ၅၂/၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇။
၂၈။ Rawson, Philip, The Art of Southeast Asia, London Thomas and Hudson, 1967, P. 166. fig. 140.
၂၉။ စံသာအောင်၊ အာနန္ဒစန္ဒြ၊ ပုံ-၄၀။
၃၀။ ရွှေဟောင်းဖလင် ၆၅/၈၁၀၃(၁၉၅၈-၅၉)
၃၁။ မြ၊ အုတ်ခွက်ဆင်းတု(ပ)၊ ပုံ-၉၆။
၃၂။ ယင်း၊ စာ-၆၃။
၃၃။ ယင်းသည် ရုပ်ပုံထဲတွင် သေးငယ်လွန်း၍ သေချာစွာ မလေ့လာနိုင်ချေ။ နောက်ထပ်လည်း မတွေ့ရှိသေး၍ ချန်လှပ်ခဲ့ပါသည်။
၃၄။ မြ၊ အုတ်ခွက်ဆင်းတု(ပ)၊ ပုံ-၆၄။
၃၅။ ရွှေဟောင်းဖလင် ၃၉၉/၁၇၅၂၁(၁၉၇၃/၇၄)
၃၆။ Father India

နောက်ဆက်တွဲ(က)
၁။ မြန်မာပဏ္ဍိတ် ဦးဦးသာထွန်း၏ ၁၉၇၄ ခုနှစ်ကပြောပြချက်။
၂။ ဦးအောင်သာဦးမှ ဒေါ်မြခင်ထံပေးစာ၊ နေ့စွဲမပါ။ ဒေါ်မြခင်၏ ပြောပြချက်အရ ၁၉၇၀ ခုနှစ်ခန့်ကဟု သိရသည်။
၃။ မင်းသားကြီး (ဦးဦးသာထွန်း၏သား)